# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၅ ရက်၊ တနင်္လာနေ့။ 8, Monday August 2016 (၈၆၄၇)


**ခေါက်တုံ့ခေါက်ပြန်ပြေးသွား**

လူအပေါင်းတို့တွင် ထိုမှာဘက်စွန်း နိဗ္ဗာန်ကျွန်းသို့ ကူးမြောက်သော လူတို့သည် နည်းပါးကုန်၏။ နိဗ္ဗာန်သို့ ကူးမြောက်သူမှ တစ်ပါး ကြွင်းလူများသည် သက္ကာယဒိဋ္ဌိတည်းဟူသော ဤမှာဘက်ကမ်း၌သာလျှင် ခေါက်တုံ့ခေါက်ပြန် ပြေးသွားနေ၏။ ထို့ကြောင့် နိဗ္ဗာန်၏အတားအဆီး အနှောင့်အယှက်တရားများကို ဖယ်ရှားနိုင်ရန် အားထုတ်ရာ၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၅)

# ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းမှု၊ လွတ်လပ်ခြင်းနှင့် ကြွယ်ဝမှုတို့ဖြင့် စည်းနှောင်ထားသော အာဆီယံအသိုက်အဝန်းကို အကောင်အထည်ဖော်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူများအားလုံး၌ တာဝန်ရှိ

## ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် (၄၉)နှစ်မြောက် အာဆီယံနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ပေးပို့သောသဝဏ်လွှာ

**ချစ်ခင်လေးစားအပ်ပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

ယနေ့သည် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံ (၁၀)နိုင်ငံပါဝင်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် အာဆီယံ တည်ထောင်ခြင်း (၄၉)နှစ်မြောက် နှစ်ပတ်လည်အခါသမယဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ် အခါသမယတွင် မိမိအနေဖြင့် မြန်မာပြည်သူများနှင့်တကွ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးမှ ပြည်သူများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့် (၄၉)နှစ်က စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ ပညာရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရန်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည့် အဖွဲ့ဝင်(၅)နိုင်ငံပါဝင်သော အာဆီယံသည် ယခုအခါ (၁၀)နိုင်ငံပါဝင်လာပြီး ပဋိညာဉ်စာတမ်းနှင့် ဥပဒေစည်းမျဉ်းများနှင့်အညီ စည်းမျဉ်းကို အခြေခံသည့် ဒေသအဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

# ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ လတ်တလောလိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်ကူညီပံ့ပိုးပေးသွားမည်

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်သည် ယနေ့တွင် မကွေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ မကွေးမြို့သို့ရောက်ရှိရာ မကွေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မကွေးလေဆိပ်၌ ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတအား လေဆိပ်ဧည့်ခန်းမဆောင်၌ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုအခြေအနေ၊ ဆည်မြောင်းတာတမံများအတွင်း ရေဝင်ရောက်မှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စာရင်းဇယားများ စနစ်ကျမှန်ကန်ရန်၊ အဖွဲ့အစည်းအသီးသီးမှ ကူညီထောက်ပံ့ပေးသည့် ထောက်ပံ့ရေးပစ္စည်းများကို ရသင့်ရထိုက်သူများထံ အမှန်တကယ်ပြည့်ပြည့်ဝဝရောက်ရှိအောင် တာဝန်ရှိသူအဆင့်ဆင့်က စေတနာထား ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ၈၈ အရေးတော်ပုံ နှစ်ဆယ့်ရှစ် နှစ် . . .

လွန်ခဲ့သည့် နှစ်ဆယ့်ရှစ်နှစ်တာ ကာလက ကျောင်းသားလူငယ်တို့ ဒေါင်းအလံ တလူလူ လွှင့်ကာအစပြုပုံဖော်ခဲ့ကြသည့် ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီး နှစ်တစ်ပတ်လည်လာခဲ့ပါပြီ။

'ဒီမိုကရေစီ ရရှိရေး . . . ဒို့အရေး'

'အာဏာရှင်စနစ် ကျဆုံးရေး . . . ဒို့အရေး'

'အရေးတော်ပုံ . . . အောင်ရမည်'

ဆိုသည့် ကြွေးကြော်သံများဖြင့် အစပြု၍ အာဏာရှင်စနစ်ကို ရဲရဲကြီးဆန့်ကျင်ကာ ဒီမိုကရေစီ အခွင့်အရေး၊ လူ့အခွင့်အရေး၊ နိုင်ငံသားအားလုံး တန်းတူညီရေးစသည့် အခြေခံအခွင့်အရေးများကို ရင်ဖွင့်တောင်းဆိုခဲ့ကြသည်မှာ နှစ်ဆယ့်ရှစ်နှစ် ရှိခဲ့ပြီဖြစ်၏။

သည်တုန်းက အာဏာရှိသူများသာ အခွင့်ထူးခံကြီးစိုးပြီး စည်းစိမ်တိုးကာ ပြည်သူလူထုမှာ အထွေထွေ အကျပ်အတည်းများကြားမှာ နစ်မွန်းဒုက္ခရောက်နေခဲ့ကြရသည်ကို တွေ့ရမည် ဖြစ်ပါ၏။ ယင်းသို့သော ခေတ်ဆိုးကြီးကို အဆုံးသတ်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဆန္ဒပြခဲ့ကြပါ၏။ ဒီမိုကရေစီ မှောင်ကြီးကျခဲ့ရသည့် ကာလဆိုးကြီးကို လွန်မြောက်၍ ပြည်သူ့အဆုံးအဖြတ်သည်သာ အခရာဖြစ်ရမည်ဆိုသော ခေတ်သစ်အပြောင်းအလဲဆီသို့ ဦးတည်ခဲ့ကြခြင်း ဖြစ်ပါသည်။

လေထုထဲတွင် တလူလူလွင့်ပျံနေသည့် ခွပ်ဒေါင်းအလံ နီနီရဲရဲများ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံများနှင့်အတူ ဒီမိုကရေစီသီချင်းသံများက လူပင်လယ်ကြီးအကြားမှာ ဝေ့ဝဲပျံ့လွင့်နေခဲ့ပါသည်။

သည်လိုမြင်ကွင်းက မြန်မာနိုင်ငံ တစ်နံတစ်လျားက နယ်စပ်ဒေသများ၊ ဝေးလံသီခေါင်သော မြောက်ဘက်ဖျား၊ တောင်ဘက်ဖျား၊ အရှေ့အနောက်ဖျား၊ ပြည်နယ်အသီးသီးမှာ၊ ရန်ကုန်မှာ၊ မန္တလေးမှာ၊ မြို့ကြီးများမှာ၊ တိုင်းအသီးသီး၊ ခရိုင်အသီးသီး၊ မြို့နယ်အသီးသီးနှင့် ရွာငယ်ဇနပုဒ်မီးကလေးမှိတ်တုတ်အထိ မြင်တွေ့ခဲ့ရခြင်း ဖြစ်ပါ၏။

ပြီးတော့ ထိုအရေးတော်ပုံကြီးက လူတန်းစားစုံ ပါဝင်ဆန္ဒပြခဲ့သော အရေးတော်ပုံကြီး ဖြစ်ပါ၏။ အဲဒီအရေးတော်ပုံကြီးကို ကျောင်းသားလူငယ်များက စတင်နှိုးဆော်လိုက်ခြင်း ဖြစ်ပါသည်။ စက်ရုံအလုပ်သမားကြီးများ၊ လယ်သမားကြီးများ၊ စာပေဂီတရုပ်ရှင်စသည့် နယ်ပယ်အသီးသီးမှ အနုပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများ၊ အသိပညာ၊ အတတ်ပညာရှင်များ၊ နိုင်ငံရေးနိုးကြားတက်ကြွသူများ၊ နိုင်ငံရေးသမားများ၊ နိုင်ငံရေးသမိုင်းထဲက ထင်ရှားသော ခေါင်းဆောင်များ. . .။

ထိုအရေးတော်ပုံကြီးမှာ အာဏာရှင်စနစ်ကို အဆုံးသတ်ရေးနှင့် ဒီမိုကရေစီ ရှင်သန်တိုးတက်ရေးကို အခြေခံသည့် ၈၈ စိတ်ဓာတ်က ပြည်သူအားလုံးတို့၏ ရင်မှာ နိုးကြားနေခဲ့သည်။ အရေးတော်ပုံကြီးက ပြည်သူတို့လိုလားသော ဒီမိုကရေစီပန်းတိုင်ဆီသို့ မရောက်လိုက်ဘဲ အသစ်အသစ်သော အကျပ်အတည်းများကို ဆက်လက်ရင်ဆိုင်ခဲ့ရ၏။ ထိုအခက်အခဲများကို ကျော်လွှားရန် နောက်ထပ်ပေးဆပ်မှုများစွာဖြင့် ခရီးဆက်ခဲ့ရ၏။

သည်လို ခရီးကြမ်းကို ဆက်လက်ဖြတ်သန်းခဲ့ရာမှာလည်း ထို ၈၈ စိတ်ဓာတ်ကို ကိုင်စွဲခဲ့ကြရ၏။ ယင်းစိတ်ဓာတ်က ယနေ့ထက်တိုင် ပြည်သူတို့၏ ရင်တွင်းမှာရှိနေဆဲ စိတ်ဓာတ်။

၈၈ စိတ်ဓာတ်။

ပြည်သူတို့၏ ရင်တွင်းက မဟုတ်မခံသည့် စိတ်ဓာတ်၊ မတရားမှုကို မခံလိုသည့် စိတ်ဓာတ်၊ ဖိနှိပ်မှုကို ဆန့်ကျင်တော်လှန်လိုသည့် စိတ်ဓာတ်၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို လိုလားတောင့်တသော စိတ်ဓာတ်၊ အများပြည်သူအကျိုးကို ဦးထိပ်ထားသည့် စိတ်ဓာတ်. . .။

၈၈ အရေးတော်ပုံက ပြည်သူ့သမိုင်းဖြစ်၏။ ရှင်သန်နေသော ပြည်သူ့သမိုင်းဖြစ်၏။ ၈၈ စိတ်ဓာတ်က ၉၆ မျိုးဆက်၊ ၉၇-၉၈ မျိုးဆက်၊ ၂၀၀၇ မျိုးဆက်၊ ၂၀၁၂-၁၅-၁၆ မျိုးဆက် အဆက်ဆက်ဆီသို့ လက်ဆင့်ကမ်းခဲ့ပြီ ဖြစ်ပါ၏။

အနှီ ၈၈ စိတ်ဓာတ်ဟူသည်ကပင် ၁၉၂၀၊ ၁၉၃၆၊ ၁၉၄၀-၄၅၊ ၁၉၆၂၊ ၁၉၇၄-၇၅-၇၆ များမှတစ်ဆင့် လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြတာ ဖြစ်ပါ၏။

ယင်း ၈၈ စိတ်ဓာတ်ကို အခြေခံ၍ ယနေ့အချိန်ထိ ဒီမိုကရေစီပန်းတိုင်ဆီသို့ တဖြည်းဖြည်းချင်း တွန်းတိုက်ရယူနေကြရခြင်း ဖြစ်ပါ၏။

ယနေ့ တာဝန်ယူနေသည့် ပြည်သူ့အစိုးရဆိုသည်မှာပင် လွန်ခဲ့သော နှစ်ဆယ့်ရှစ်နှစ်က စတင်ခဲ့သည့် ဒီမိုကရေစီ အရေးတော်ပုံကြီးမှ ရရှိသည့် ရလဒ်များထဲကတစ်ခုဖြစ်သည် မဟုတ်ပါလား။

သို့သော် ပြည်သူ့အစိုးရကို စတင်ရရှိခဲ့ပြီဆိုသော်လည်း ဒီမိုကရေစီပန်းတိုင်ဆီသို့ ချီတက်ရဦးမည့် ခရီးလမ်းက ကျန်ရှိနေဆဲ။

ဒီမိုကရေစီအခြေခံများ ခိုင်မာတောင့်တင်းဖို့အပြင် ပြည်တွင်း ငြိမ်းချမ်းရေး၊ တိုင်းပြည်ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုသားတို့ ညီညွတ်ရေးတို့အတွက် အားထုတ်ကြိုးပမ်းတည်ဆောက်နေကြရဆဲ။

ဒီမိုကရေစီစနစ်ကို အပြည့်အဝအာမခံသည့်၊ ပြည်သူလူထု၏ အခွင့်အရေးများကိုအာမခံသည့်၊ ပြည်သူလူထု၏ လွတ်လပ်ရေး တန်းတူရေး တရားမျှတရေး တို့ကိုအာမခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ဖို့ကို ညီညီညွတ်ညွတ် ပြင်ဆင်ကြရပါဦးမည်။ တရားဥပဒေစိုးမိုးရေးကို မဖြစ်မနေဝိုင်းဝန်းကြိုးဆကြရပါဦးမည်။ အမျိုးသားညီညွတ်ရေးအခြေခံ၊ အမျိုးသားသင့်မြတ်ရေး အခြေခံတို့ဖြင့် ပြင်ဆင်နေကြသော ဒုတိယပင်လုံညီလာခံကြီး အောင်မြင်မှုရရှိဖို့ ကြိုးပမ်းကြရပါဦးမည်။

ယနေ့ကာလက ပန်းတိုင်ကို မရောက်သေးဘူးဟု ဆိုသော်လည်း သွားရမည့်လမ်းက ပီပီပြင်ပြင်တွေ့မြင်နေရပြီဟု ယုံကြည်ပါသည်။ ပြည်ထောင်စုသားအားလုံး ညီညီညွတ်ညွတ် ကြိုးပမ်းချီတက်ကြဖို့တော့ လိုပါမည်။

# ရေကြောင်းကဏ္ဍဖွံ့ဖြိုးရေး သင်တန်းဆင်းရေကြောင်းအရာရှိများအား ဂုဏ်ပြု




**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံ၏ ရေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသော Brilliance Maritime Training Centre မှ ဒုတိယအကြိမ် ပြုလုပ်သည့် သင်တန်းဆင်းရေကြောင်းအရာရှိများအား ဂုဏ်ပြုပွဲကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ သင်တန်းဆင်းရေကြောင်း အရာရှိများအား သင်တန်းဆရာများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

Brilliance Maritime Training Centre မှ ဒု-ကျောင်းအုပ် ကပ္ပတိန်အောင်မင်းဦးက "ဒီနေ့ပြုလုပ်တဲ့ ပွဲကတော့ Chief Officer နဲ့ Second Officer သင်တန်းသားများကို ဂုဏ်ပြုချီးမြှင့် လိုက်တာပါ။ ဒီသင်တန်းမှာ သူတို့အားလုံး ရေဖြေ၊ နှုတ်ဖြေအပြီးထိဆိုရင် ခုနစ်လကြာ သင်တန်းတက်ရောက်ခဲ့ကြပါတယ်။ ရေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားနေကြတဲ့ ရေကြောင်းအရာရှိများကို ဒီလိုဂုဏ်ပြုတာကလည်း ကြိုးစားချင်စိတ်များ ပေါ်ပေါက်လာအောင်နဲ့ သူတို့အတွက် အထောက်အကူဖြစ်စေ ရအောင်လို့ ပြုလုပ်ရခြင်းလည်း ဖြစ်ပါတယ်။ သင်္ဘောစလိုက်ပြီး Officer များများဖြစ်လေ နိုင်ငံတော်အတွက်ကတော့ အထောက်အကူအများကြီး ပြုလေဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ သင်္ဘောသားအရေအတွက်ပဲ ထွက်တာထက်စာရင် သင်္ဘောသား အရာရှိများ မြောက်မြားစွာ ပေါ်ထွက်မယ်ဆိုရင်တော့ တိုင်းပြည်အတွက်လည်း ပိုမိုအထောက်အကူဖြစ်စေရပါတယ်"ဟု ပြောသည်။

အဆိုပါ ရေကြောင်းသင်တန်း၌ Second Mate(F.G) ဖြင့် အောင်မြင်ခဲ့သော ကိုကျော်ဇင်သန့်က"သင်တန်းကာလ ခုနစ်လခွဲကြာ တက်ရောက်သင်ကြားခဲ့ပါတယ်။ ကျွန်တော်ကတော့ ဒီ Second Mate(F.G) ကနေတစ်ဆင့် Master အဆင့်ရတဲ့အထိ ဆက်ကြိုးစားသွားဖို့ ရည်မှန်း ထားပါတယ်။

"Brilliance Maritime Training Centre က သင်ကြားပို့ချပေးနေတဲ့ ဆရာများက သင်ကြား ပို့ချမှုကောင်းမွန်ပါတယ်။ စေတနာပါစွာနဲ့ သင်ကြားပို့ချပေးတာကြောင့် ကျောင်းသားတွေကလည်း အကုန်ထူးချွန်ကြပါတယ်။ အနာဂတ်ကာမှာ ဖွံ့ဖြိုးတိုးတက်လာမယ့် ကျွန်တော်တို့ ကျောင်းသားများအတွက် ရေကြောင်းအရာရှိများဖြစ်အောင် ပို့ချပေးခဲ့တဲ့ ဆရာများအပါအဝင် နိုင်ငံတော်ကို အထူးကျေးဇူးတင်ရှိပါတယ်"ဟု ပီတိစကားဆိုလေသည်။

Brilliance Maritime Training Centre မှ ဒုတိယအကြိမ် ပြုလုပ်သည့် သင်တန်းဆင်းရေကြောင်းအရာရှိများအားဂုဏ်ပြုပွဲ၌ Chief Mate (F.G) ရှစ်ဦး၊ Second Mate(F.G) ၂၁ ဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ပထမအကြိမ်ပြုလုပ်သည့် သင်တန်းဆင်းရေကြောင်းအရာရှိများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီလက ပြုလုပ်ခဲ့ကြောင်းနှင့် Brilliance Maritime Training Centre မှ ရေကြောင်းအရာရှိများ ဖြစ်ကြသော Chief Mate (F.G) ၁၀ ဦးနှင့် Second Mate(F.G) ၄၀ တို့ဖြင့် ရေကြောင်းအရာရှိ စုစုပေါင်း ၅၀ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(MLA)**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးသီးနှံအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီဘဏ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီခွဲက ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျွန်းရောင်းကျေးရွာအုပ်စုမှ တောင်သူ ၉၀ တို့၏ လယ်မြေ ၁၉၃ ဧကအတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၈၉၅၀၀၀၀ ထုတ်ချေးပေးခဲ့ရာ နေပြည်တော် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် တိုင်းမန်နေဂျာ ဦးသိန်းထိုက်က တောင်သူများနှင့်တွေ့ဆုံပြီး မိုးရာသီစိုက်ပျိုးသီးနှံချေးငွေနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေနှင့် စည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဇေယျာသီရိမြို့နယ်တွင် မိုးရာသီစိုက်ပျိုးသီးနှံဘဏ်ချေးငွေကို ၂၀၁၆ ခုနှစ် မေလဆန်းပိုင်းက စတင်၍ စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် ထုတ်ချေးပေးခဲ့ရာ ယနေ့အထိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူ ၁၄၉၉ ဦးတို့အား ငွေကျပ် ၈၀၇၆၀၀၀၀၀ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ရွှေဆုး(ပြန်/ဆက်)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

❖ **ချစ်ကြည်ရင်းနှီးမှုမှ**

အာဆီယံသည် နိုင်ငံရေးအရ စည်းလုံးမှုရှိသော၊ စီးပွားရေးအရ ပေါင်းစည်း ညီညွတ်မှုရှိသော၊ လူမှုရေးအရ တာဝန်ယူမှုရှိသော ဒေသတစ်ခုဖြစ်လာမည့် အသိုက်အဝန်းတစ်ရပ် တည်ထောင်ရေးတွင် အားသွန်ခွန်စိုက် ကြိုးပမ်းကြရာ၌ တိုးတက်မှုများ ရှိနေပြီဖြစ်ပါသည်။

အာဆီယံသည် အခြားဒေသဆိုင်ရာအဖွဲ့အစည်းများကဲ့သို့ပင် ဒေသတွင်းနှင့် ပြင်ပ၏စိန်ခေါ်မှုများကို ရင်ဆိုင်လျက်ရှိပါသည်။ အာဆီယံအနေဖြင့် အဆိုပါစိန်ခေါ်မှုများအပေါ် ကြံ့ကြံ့ခံလျက် မိမိတို့အားလုံးအပေါ် အကျိုးသက်ရောက်စေမည့် ကိစ္စရပ်များကို အာဆီယံ၏ စွမ်းပကားနှင့် ကြံ့ကြံ့ခံနိုင်မှုတို့ဖြင့် ရင်ဆိုင်ဖြေရှင်းလျက်ရှိပါသည်။

ယခုကဲ့သို့ ထူးခြားသည့်နေ့ကို ဂုဏ်ပြုနေချိန်၌ လွန်ခဲ့သည့် (၄၉)နှစ်က ဗန်ကောက်ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည့် အာဆီယံ၏ မူလအဖွဲ့ဝင် (၅)နိုင်ငံခေါင်းဆောင်များအား လေးစားဂုဏ်ယူပါကြောင်း ဖော်ပြပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

၂၀၁၅ ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အာဆီယံအသိုက်အဝန်းတစ်ရပ်ကို တည်ထောင်ကြောင်း ကြေညာခဲ့ပြီး အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ နှင့် ယင်း၏ လမ်းပြမြေပုံ(၃)ရပ်ကို အတည်ပြုခဲ့ပါသည်။ ယခုနှစ် ၂၀၁၆ ခုနှစ်သည် အာဆီယံအသိုက်အဝန်း တည်ထောင်ခြင်း၏ ပထမနှစ်ဖြစ်သကဲ့သို့ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ ၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်၏ ပထမနှစ်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ် အာဆီယံအသိုက်အဝန်းပေါ်ထွန်းရေးအတွက် မိမိတို့ပါဝင်ခဲ့သည့် အခန်းကဏ္ဍအတွက် ဂုဏ်ယူမိပါသည်။

၂၀၁၆ ခုနှစ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် ယနေ့အချိန်တွင် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ အောင်မြင်ရေးအတွက် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးကြိုးပမ်းမှုကို မြှင့်တင်လျက်ရှိပါသည်။ မိမိအနေဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ **"တက်ကြွသည့် အာဆီယံအသိုက်အဝန်းဖြစ်စေဖို့ မျှော်မှန်းချက်များ လက်တွေ့ဆောင်ရွက်ကြပါစို့"** ဟူသည့် ဆောင်ပုဒ်အား အားပေးထောက်ခံပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

ဒေသတွင်း အေးချမ်းတည်ငြိမ်ရေးနှင့် လူမှုစီးပွားရေးတိုးတက်မှုများသည် အာဆီယံ၏ ဂုဏ်အင်္ဂါကို နိုင်ငံတကာတွင် အဆင့်မြှင့်တင်ပေးလျက်ရှိပါသည်။ ယနေ့ အာဆီယံဒေသသည် အာရှပစိဖိတ်ဒေသ တိုးတက်မှု၏ ဗဟိုဖြစ်ပြီး ဒေသတွင်းနှင့် ပြင်ပငြိမ်းချမ်းလုံခြုံတည်ငြိမ်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

လွန်ခဲ့သည့်နှစ်များအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ခြင်း၊ ပညာရေး၊ သတင်းအချက်အလက်ရယူနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးမြှင့်တင်ခြင်း၊ အာဆီယံအဖွဲ့ဝင်များအတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းရေး လုပ်ဆောင်မှုများတွင် ထင်ရှားသည့် တိုးတက်မှုများရှိခဲ့ပါသည်။ ယနေ့ လူဦးရေစုစုပေါင်း(၆၂၅)သန်းရှိ၍ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး စုစုပေါင်းခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံ ရှိသည့် အာဆီယံသည် အာရှ၏ တတိယအကြီးမားဆုံး စီးပွားရေးဖြစ်ပြီး ကမ္ဘာ့စီးပွားရေးတွင် သတ္တမအကြီးမားဆုံးဖြစ်ပါသည်။

အာဆီယံ၏ တိုးတက်မှုများသည် အာဆီယံပေါင်းစည်းရေးကို များစွာအထောက်အကူပြုပါသည်။ ၁၉၉၂ ခုနှစ်တွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူညီချက် စတင်ခြင်းမှအစပြုခဲ့ရာမှ ယနေ့တွင် အာဆီယံသည် ကမ္ဘာ့အဓိကစီးပွားရေးနိုင်ငံများနှင့် လည်းကောင်း၊ အလယ်အလတ်စီးပွားရေးနိုင်ငံများအားလုံးနှင့် လည်းကောင်း လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကို အပြီးသတ်နိုင်သည့် တစ်ခုတည်းသော ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ရပ် ဖြစ်လာခဲ့ပါသည်။ အာဆီယံသည် ဒေသဆိုင်ရာပြည့်စုံကျယ်ပြန့်သည့် စီးပွားရေးမိတ်ဖက်ဆက်ဆံရေး ဆွေးနွေးညှိနှိုင်းမှုကို ပြုလုပ်နေရာ ထိုဆွေးနွေးမှု အပြီးသတ်ချိန်တွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်အတွက် အကြီးမားဆုံးသော တစ်ခုတည်းသော ဈေးကွက်ဖြစ်လာပြီး ကမ္ဘာ့ပြည်တွင်းအသားတင်ထုတ်ကုန်၏ သုံးပုံတစ်ပုံရှိသော လွတ်လပ်သော ကုန်သွယ်မှုဒေသကြီး ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

မိမိတို့ဟာ အာဆီယံအသိုက်အဝန်းကို လာမည့် (၁၀)နှစ်အကြာတွင် နိုင်ငံရေးအရ စည်းလုံးမှုရှိသည့်အပြင် စီးပွားရေးအရ ပေါင်းစည်းဆက်သွယ်မှုရှိပြီး လူမှုရေးအရ တာဝန်ယူမှုရှိသည့် ပြည်သူ့ဗဟိုပြု၊ ပြည်သူ့အခြေပြုသော စည်းမျဉ်းကို အခြေခံသည့် အာဆီယံအသိုက်အဝန်းတစ်ရပ် ဖြစ်လာစေရန် မျှော်မှန်းထားပါသည်။

အာဆီယံအသိုက်အဝန်းအတွင်းရှိ ပြည်သူအားလုံးက စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ကြိုးပမ်းမှုများဖြင့် ထင်သာမြင်သာရှိသည့် အမြော်အမြင်ရှိသော တိုးတက်တီထွင်မှုရှိသည့် အနာဂတ်မျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းမှု၊ လွတ်လပ်ခြင်းနှင့် ကြွယ်ဝမှုတို့ဖြင့် စည်းနှောင်ထားသော အာဆီယံအသိုက်အဝန်းတစ်ရပ်ကို အပြည့်အဝအကောင်အထည်ဖော်ရန် ကြိုးပမ်းရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ ပြည်သူများအားလုံး၌ တာဝန်ရှိပါသည်။ အဆိုပါရည်မှန်းချက်ပြည့်မီရေးအတွက် အာဆီယံအစိုးရများအနေဖြင့် ၎င်းတို့၏ ပြည်သူများအတွက် အခြေအနေကောင်းများကို ဖန်တီးပေးလျက်ရှိပါသည်။ သို့ပါ၍ အာဆီယံ၏အောင်မြင်မှုကို အထောက်အပံ့ဖြစ်စေမည့် နိုင်ငံတွင်းတည်ဆောက်မှုတွင် ဝိုင်းဝန်းအကူအညီပေးပါရန် နိုင်ငံသူ နိုင်ငံသားများအားလုံးကို တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ယခုနှစ်သည် မြန်မာနိုင်ငံတွင် အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းပြီးနောက် အစိုးရသစ်အတွက် အာဆီယံတွင်း ပထမနှစ်ဖြစ်သည်နှင့်အညီ စည်းမျဉ်းကို အခြေခံသည့် အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သွားမည်ဟု ကတိပြုပါကြောင်း မိမိတို့နိုင်ငံသားများအား အသိပေးလိုပါသည်။

လာမည့်နှစ်သည် နှစ်(၅၀)ပြည့် အာဆီယံနှစ်ပတ်လည်အခါသမယ ဖြစ်ရာ အာဆီယံအသိုက်အဝန်းတည်ထောင်ရေးကို ဆတက်ထမ်းပိုးကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါသည်။ မိမိအနေဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် တကွ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးမှ ပြည်သူများအားလုံး ချမ်းသာသုခနှင့် ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် အာဆီယံအသိုက်အဝန်း ဆက်လက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။




# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ASEAN Lifetime Achievement Award ချီးမြှင့်

**နေပြည်တော် ဩဂုတ် ၇**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ Don Chan Palace Hotel ၌ ဩဂုတ် ၆ ရက်တွင် ASEAN Strategy & Leadership Institute က ဦးစီးကျင်းပသည့် The 13th ASEAN Leadership Forum တွင် မြန်မာနိုင်ငံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် သမ္မတရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ASEAN Lifetime achievement award ကို ချီးမြှင့်ကြောင်း သတင်းရရှိသည်။

အဆိုပါဆုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်လက်ခံခဲ့သည်။ **(အပေါ်ပုံ)** အခမ်းအနားတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် Mr. Samdech Techo Hun Sen နှင့် မလေးရှားဒုတိယဝန်ကြီးချုပ် H.E Dato' Seri Dr. Ahamd Zahid Hamidi တို့ကိုလည်း အလားတူဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၆ ရက်မှ ၇ ရက်အထိ ကျင်းပသည့် The 13th ASEAN Leadership Forum သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်ခဲ့ပြီး Leading ASEAN Towards 2025 – Making ASEAN Community Work ခေါင်းစဉ်ဖြင့် ကျင်းပသော ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သည်။ အဆိုပါ စားပွဲဝိုင်းဆွေးနွေးပွဲသို့ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ အရာထမ်း၊ အမှုထမ်းအိမ်ရာများ၊ လူပျို၊ အပျိုဆောင်များနှင့် အိမ်ရာများတွင် သီးပင်စားပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကံ့ကော်၊ စံပယ်၊ ဧက ၁၀၀၀ အိမ်ရာတို့ရှိ အရာထမ်း၊ အမှုထမ်း နေအိမ်များနှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ လူပျိုဆောင်၊ သဇင်(၁)၊(၆) အပျိုဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အောက်ပုံ)** **(သတင်းစဉ်)**



# ဒိုက်ဦးတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိ

**ဒိုက်ဦး ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအချို့တွင် ယခုရက်ပိုင်းအတွင်း ကောလိယချောင်းနှင့် ဒရယ်မီးချောင်းတို့မှ ရေများ ဝင်ရောက်မှုများကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ကာ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများကို ဘုန်းတော်ကြီးကျောင်းများတွင် ဖွင့်လှစ်ထားလျက်ရှိကြောင်း သိရသည်။

"လက်ရှိကတော့ မင်းတဲဦးကျောင်း၊ ကံဦးကျောင်း၊ သီရိမင်္ဂလာကျောင်းတွေမှာ ဖွင့်လှစ်ထားရှိပြီး ဆေးရုံအတွင်းကို ရေဝင်ရောက်လာတာကြောင့် ဆေးရုံရှိလူနာတွေကို ပြည်လုံးချမ်းသာဘုရားရင်ပြင်တော်မှာ ရွှေ့ပြောင်းထားပြီး လောလောဆယ်တော့ ရေတန့်နေတယ်။ မြို့သစ်ရပ်ကွက်(က)နဲ့(ခ)နဲ့ကတော့ အနိမ့်ပိုင်းတွေဖြစ်တော့ ပိုဆိုးတယ်။ ရဲစခန်းထဲမှာလည်း ရေဝင်နေတယ်။ လောလောဆယ်ကတော့ သက်ဆိုင်ဌာနတွေကနေ ရေဘေးသင့်စာရင်းများ လိုက်လံကောက်ခံနေပါတယ်။ စိုက်ပျိုးပြီးလယ်ယာမြေတွေလည်း ရေနစ်တယ်။ မြို့ပေါ်ရပ်ကွက်တွေမှာလည်း ရေကြီးနစ်မြုပ်နေပါတယ်"ဟု မင်းတဲရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

ကြေးမုံ



# ဟီရိုရှီးမားမြို့ (၇၁) နှစ်မြောက် အောက်မေ့ဖွယ်ရာအထိမ်းအမှတ်အခမ်းအနား ဝါရှင်တန်မြို့၌ ကျင်းပ

**ဝါရှင်တန် ဩဂုတ် ၇**

အမေရိကန်နိုင်ငံသားများအဖွဲ့တစ်ဖွဲ့က နျူကလီးယားဗုံးဒဏ်ခံ ဟီရိုရှီးမားမြို့၏ (၇၁) နှစ်မြောက် အောက်မေ့ဖွယ်ရာ အထိမ်းအမှတ် အခမ်းအနားတစ်ရပ်ကို ဝါရှင်တန်မြို့ရှိ အိမ်ဖြူတော်အရှေ့မျက်နှာစာတွင် ဩဂုတ် ၆ ရက်က ကျင်းပခဲ့ပြီး နျူကလီးယားဗုံးဒဏ် ခံရသူများအား ရည်ညွှန်းတောင်းပန်သည့် စာတစ်စောင်ကို ဟီရိုရှီးမားမြို့နေ ဗုံးဒဏ်ခံခဲ့ရသူတစ်ဦး၏ လက်ထဲသို့ ပေးအပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်း တစ်ရပ်အရ သိရသည်။

အဆိုပါတောင်းပန်စာကို အမေရိကန်နိုင်ငံသား ၅၅၅ ဦးက ထောက်ခံလက်မှတ်ရေးထိုးထားခဲ့သည်။အဆိုပါအခမ်းအနားသည် နျူကလီးယားဗုံးဒဏ်သင့်သူများအား ရည်စူးကျင်းပသည့် အခမ်းအနားဖြစ်သည်။

အဆိုပါအခမ်းအနားသို့ လူပေါင်း ၃၀ တက်ရောက်ခဲ့ပြီး နျူကလီးယားဗုံးဒဏ်သင့်သူတစ်ဦးဖြစ်သည့် တိုရှိုယူကီ မီမာကီအား ဖိတ်ခေါ်ခဲ့သည်။

အခမ်းအနားတွင် တက်ရောက်လာသူများက တစ်မိနစ်ခန့်ငြိမ်သက်ခဲ့ပြီး အသက်(၇၄) နှစ်ရှိသော မီမာကီက ၎င်းတွေ့ကြုံခံစားခဲ့ရသည့် နျူကလီးယားဗုံးဒဏ်ကို ခါးသီးစွာခံစားခဲ့ရပုံများ ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် အမေရိကန်နိုင်ငံသားများက နျူကလီးယား လက်နက်၏ ဆိုးကျိုးများကိုဖော်ကျူးထားသည့် အစီရင်ခံစာတစ်ရပ်ကို ဖတ်ကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်တပ်ဖွဲ့က ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များကို နျူကလီးယားဗုံးကြဲချခဲ့ခြင်းကြောင့် ထိခိုက်နစ်နာသေဆုံးသွားရသူများနှင့် ဒဏ်ရာရရှိခဲ့သူများကို ၎င်းတို့က တောင်းပန်စကားဆိုခဲ့သည်။

မီမာကီက ထိုကဲ့သို့တောင်းပန်စာကို ပထမဆုံးအကြိမ်အဖြစ် လက်ခံရရှိခြင်းအတွက် အလွန်ပင်ဝမ်းမြောက်ပါကြောင်းနှင့် နျူကလီးယားလက်နက်များကို ကမ္ဘာ့မြေပြင်မှ အပြီးသတ်ဖယ်ရှားပေးပါရန် သမ္မတအိုဘားမားအား တိုက်တွန်းပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**






## ယီမင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြား၊ အစိုးရတပ်ဖွဲ့များက ထိုးစစ်သစ်ဆင်နွှဲ

**ဒူဘိုင်း ဩဂုတ် ၇**

ယီမင်နိုင်ငံဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကူဝိတ်နိုင်ငံ၌ ကျင်းပခဲ့ရာတွင် သဘောတူညီချက်မရဘဲ ပြီးဆုံးသွားခဲ့သဖြင့် သမ္မတ အဗ္ဗဒီရာဘူမင်ဆောဟာဒီအား သစ္စာခံသော တပ်ဖွဲ့များက မြို့တော်ဆာနား အရှေ့ဘက်တွင် သူပုန်တပ်ဖွဲ့များကို ထိုးစစ်သစ် စတင်ဆင်နွှဲလျက်ရှိသည်။

ကုလသမဂ္ဂ၏ ကမကထပြုမှုဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျင်းပခဲ့သော်လည်း သဘောကွဲလွဲမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ယီမင်နိုင်ငံ၌ ငြိမ်းချမ်းရေးဖြစ်ထွန်းပေါ်ပေါက်လာစေရန် ကုလသမဂ္ဂက ကြိုးပမ်းခဲ့သော်လည်း အီရန်နှင့် မဟာမိတ် ပြုထားသော ဟူသီသူပုန်များနှင့် သမ္မတဟောင်း အလီ အဗ္ဗဒူလာ ဆာလား ဦးဆောင်သော အုပ်စုတို့က အဖွဲ့ဝင် ၁၀ ဦး ပါဝင်သော အုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းလိုက်ပြီဟု ထုတ်ပြန်ကြေညာခဲ့ရာ စစ်ရေးတိုက်ခိုက်မှုဆီသို့ ပြန်လည်ဦးတည်ခဲ့ခြင်းဖြစ်သည်။

ဟူသီသူပုန်များနှင့် ဆာလား၏ ပြည်သူ့ကွန်ဂရက်အဖွဲ့တို့က ယီမင်နိုင်ငံ၏ မြောက်ပိုင်းနယ်မြေ ထက်ဝက်နီးပါးကို ထိန်းချုပ်ထားသည်။ ယီမင်သမ္မတဟာဒီအား သစ္စာခံသော တပ်ဖွဲ့များကမူ နိုင်ငံ၏ ကျန်ရှိသော နယ်မြေများကို ဒေသခံတိုင်းရင်းသား မျိုးနွယ်စုခေါင်းဆောင်များနှင့်အတူ ထိန်းချုပ်ထားသည်။

**ရိုက်တာ။**

## တရုတ်၏ ကမ်းလွန်ဓာတ်ငွေ့တူးဖော်ရေးစင်တွင် ရေဒါတပ်ဆင်ထားမှု ဂျပန်အစိုးရကန့်ကွက်

**တိုကျို ဩဂုတ် ၇**

တောင်တရုတ်ပင်လယ်အတွင်း ကမ်းလွန်ဓာတ်ငွေ့တူးဖော်ရေးစင်တွင် တရုတ်နိုင်ငံက စစ်ဘက်သုံးရေဒါစနစ် တပ်ဆင်ထားသည်ကို ဂျပန်နိုင်ငံက ရှာဖွေတွေ့ရှိခဲ့ပြီးနောက် တရားဝင်ကန့်ကွက်လိုက်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၇ ရက်တွင် ပြောကြားခဲ့သည်။

ပိုင်နက်နယ်မြေ အငြင်းပွားနေသော ရေပြင်အနီး ဖြန့်ကြက်ထားသော ဓာတ်ငွေ့တူးဖော်ရေးစင်တွင် ကင်းလှည့်ရေယာဉ်များ အသုံးပြုလေ့ရှိသော ရေဒါစနစ် တစ်ခုကို တပ်ဆင်ထားသည်ဟု ဂျပန်အစိုးရက ပြောကြားသည်။

ကမ်းလွန်ဓာတ်ငွေ့ စူးစမ်းရှာဖွေရေးစင်တွင် ရေဒါတပ်ဆင်ထားခြင်းသည် ဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းနှင့် ဆီလျော်အပ်စပ်မှုမရှိပေ။ တရုတ်နိုင်ငံက ပိုင်နက်အငြင်းပွားနေသော ကျွန်းများအနီးတွင် ကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့ စူးစမ်းရှာဖွေရေးစင်များကို စစ်ဘက်စခန်းများအဖြစ် အသုံးပြုနေသည့် လက္ခဏာတစ်ရပ်အဖြစ် ဂျပန်အစိုးရက ရှုမြင်သည်။

ကမ်းလွန်ဓာတ်ငွေ့တူးဖော်ရေးစင်တစ်ခုတွင် ရေဒါတပ်ဆင်ထားကြောင်း ဂျပန်နိုင်ငံက ဇွန်လ နှောင်းပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့သည်ဆို၏။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက တရုတ်နိုင်ငံရှိ ယင်း၏ သံရုံးမှတစ်ဆင့် ဩဂုတ် ၅ ရက်တွင် တရားဝင်ကန့်ကွက်ခဲ့သည်။

**ရိုက်တာ။**

## ထိုင်းနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒခံယူပွဲတွင် ပြည်သူများ မဲပေးကြပြီ

**ဗန်ကောက် ဩဂုတ် ၇**

ထိုင်းနိုင်ငံ၌ တပ်မတော်အစိုးရက ထောက်ခံသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထောက်ခံလိုခြင်း ရှိ၊ မရှိ သဘောထားတောင်းခံသည့် လူထုဆန္ဒခံယူပွဲကို ဩဂုတ် ၇ရက်တွင် ကျင်းပသည်။

နိုင်ငံတစ်ဝန်းမှ ပြည်သူများသည် တပ်မတော်အစိုးရက ခန့်အပ်သော ကော်မတီတစ်ရပ်က မူကြမ်းရေးဆွဲပေးထားသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ မဲပေးခဲ့ကြကြောင်း၊ လပေါင်းအတန်ကြာမျှ နိုင်ငံရေး မတည်ငြိမ်မှုဖြစ်ပွားခဲ့ခြင်း၏ အကျိုးဆက်အဖြစ် ၂၀၁၄ ခုနှစ်တွင် စစ်ဘက်က အာဏာသိမ်းယူခဲ့ပြီးနောက် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပျက်ပြားခဲ့ပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယခုကျင်းပသော လူထုဆန္ဒခံယူပွဲသည် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ ဦးဆောင်သော တပ်မတော်အစိုးရအဖွဲ့အား ပြည်သူလူထု၏ ထောက်ခံမှု မည်မျှရှိသည်ကို ပထမဆုံးအကြိမ် စမ်းသပ်မှုဖြစ်လိမ့်မည်ဟု နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

မဲအရေအတွက်၏ လေးပုံသုံးပုံခန့်ကို ရေတွက်ပြီးစီးချိန်တွင် ပဏာမ မဲစာရင်းရလဒ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထောက်ခံသူ ၆၂ ရာခိုင်နှုန်း၊ ကန့်ကွက်သူ ၃၈ ရာခိုင်နှုန်းရှိသည်ဟု ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ဆန့်ကျင်ရေးလှုံ့ဆော်သည့် ဆန္ဒပြပွဲများ မပြုလုပ်ရန် တပ်မတော်အစိုးရက ပိတ်ပင်ထားပြီး လူအချို့ကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့သည်။ ထိုင်းနိုင်ငံရှိ အင်အားအကြီးဆုံးသော နိုင်ငံရေးပါတီများက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ကန့်ကွက်ခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလူထုက ပယ်ချသည့်တိုင်အောင် မိမိသည် ရာထူးမှ နုတ်ထွက်ပေးမည် မဟုတ်ကြောင်း ပြည်သူ့ဆန္ဒခံယူပွဲရလဒ် မည်သို့ပင်ရှိစေကာမူ လာမည့်နှစ်တွင် ရွေးကောက်ပွဲကို ကျင်းပပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ပရာယွတ်က ပြောကြားသည်။



**ရိုက်တာ။**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်




မအောင်မြင်တဲ့ တစ်ညတာအာဏာသိမ်းမှု (၂၀၁၆ ခုနှစ် ဇူလိုင် ၁၅ )ရက် ဖြစ်စဉ်က သတင်းမီဒီယာတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပြီးဖြစ်လို့ အကျယ်မတင်ပြတော့ပါဘူး။ အခုမအောင်မြင်တဲ့ ဒီတစ်ညတာ အာဏာသိမ်းမှုဟာ နိုင်ငံရေးအရ ဘယ်လိုအဓိပ္ပာယ်ရှိတယ်ဆိုတာကို ကြည့်ရအောင်ပါ။ အာဏာသိမ်းမှုဖြစ်ပွားတာနဲ့ တူရကီသမ္မတ အာဒိုဂန်က ဒါဟာအစ္စလာမ်ဘာသာရေးခေါင်းဆောင် ဖက်တူလာဂူလန်ရဲ့လက်ချက်ပဲလို့ စွပ်စွဲခဲ့ပါတယ်။ ပြောရရင် အစ္စလာမ်ဘာသာရေးခေါင်းဆောင် ဖက်တူလာဂူလန်ဟာ တူရကီနိုင်ငံမှာ နေထိုင်တာမဟုတ်ပါဘူး။ အမေရိကန်နိုင်ငံမှာ အခြေချနေထိုင်တာ ၁၇ နှစ်ကျော်နေပါပြီ။ တကယ်ကတော့ တူရကီသမ္မတ အာဒိုဂန်နဲ့ အစ္စလာမ်ဘာသာရေးခေါင်းဆောင် ဖက်တူလာဂူလန်တို့ဟာ တစ်ချိန်က လက်တွဲဖော်လက်တွဲဖက် မဟာမိတ်တွေပါ။ ဒီလောက်ဆိုရင်ကိုပဲ မအောင်မြင်တဲ့ တစ်ညတာအာဏာသိမ်းမှုကို နားလည်ဖို့ဆိုရင် တူရကီသမ္မတ အာဒိုဂန်နဲ့ အစ္စလာမ်ဘာသာရေးခေါင်းဆောင် ဖက်တူလာဂူလန်တို့အကြား အကွဲအပြဲဇာစ်မြစ်ကို နားလည်ဖို့လိုတယ်ဆိုတာ အထူးပြောစရာမလိုတော့ပါဘူး။

တစ်ခါ အာဒိုဂန်နဲ့ ဖက်တူလာဂူလန်တို့ကြားက အကွဲအပြဲဇာစ်မြစ်ကို နားလည်ဖို့ဆိုရင် တူရကီနိုင်ငံရဲ့ သမိုင်းအကျဉ်းနဲ့ ပထဝီဝင်နိုင်ငံရေး အနေအထားတွေကို သိဖို့လိုလာပါတယ်။ တူရကီနိုင်ငံရဲ့ ပထဝီဝင်အနေအထားက ဥရောပတိုက်နဲ့ အာရှတိုက်အကြားမှာ တည်ရှိနေတာပါ။ တူရကီနိုင်ငံအနောက်မြောက်ပိုင်းမှာရှိတဲ့ ဘော့စ်ပရက်စ်ရေလက်ကြားဟာ ဥရောပတိုက်နဲ့ အာရှတိုက်ကို စည်းခြားထားတဲ့ ရေလက်ကြားပါ။ တစ်နည်းပြောရရင် ဘော့စ်ပရက်စ်ရေလက်ကြားဟာ ဥရောပတိုက်ထဲမှာရှိတဲ့ တူရကီနိုင်ငံနဲ့ အာရှတိုက်ထဲမှာရှိတဲ့ တူရကီနိုင်ငံကို စည်းခြားထားတဲ့ သဘာဝရေလက်ကြားပါ။ တူရကီနိုင်ငံရဲ့ တောင်ပိုင်းမှာ အစ္စလာမ်နိုင်ငံတော်နဲ့ အကြီးအကျယ် တိုက်ပွဲဝင်နေရတဲ့ အီရတ်နိုင်ငံနဲ့ ဆီးရီးယားနိုင်ငံတို့ ရှိပါတယ်။ ဆီးရီးယားနိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်တာ ငါးနှစ်ကျော်ပြီဖြစ်လို့ တူရကီနိုင်ငံဟာ တရားဝင်စာရင်းတွေအရ ဆီးရီးယားဒုက္ခသည်ဦးရေ ၂ ဒသမ ၇ သန်းကျော်ကို လက်ခံထားရပါတယ်။ အစ္စလာမ်နိုင်ငံတော် ချေမှုန်းရေးမှာ တူရကီနိုင်ငံရဲ့ အနေအထားကို ပိုအရေးပါစေတာက တူရကီနိုင်ငံဟာ နေတိုး (NATO) အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံပါ။ တူရကီနိုင်ငံတပ်မတော်ရဲ့ စစ်သည်အင်အားဟာ ငါးသိန်းနီးပါးရှိလို့ နေတိုး (NATO) မှာ တူရကီနိုင်ငံဟာ ဒုတိယအင်အားအကြီးမားဆုံး တပ်မတော်ကို ဖွဲ့စည်းထားတာပါ။ တူရကီနိုင်ငံရဲ့ အင်ဆာလစ် (INCIRLIK AIR BASE)မှာ နျူကလီးယားဗုံး (B61)အလုံး ၉၀ ရှိပြီး အလုံး ၄၀ ကို တူရကီနိုင်ငံက လိုအပ်တယ်လို့ ယူဆခဲ့ရင် နေတိုး (NATO) အဖွဲ့ရဲ့ အတည်ပြုချက်နဲ့ သုံးစွဲပိုင်ခွင့်ရှိပါတယ်။

ခေတ်သစ်တူရကီနိုင်ငံကို စတင်ထူထောင်ခဲ့တဲ့ ပုဂ္ဂိုလ်က မူဆာဖာကမဲလ်အတာတပ်ပါ။ မူဆာဖာကမဲလ်အတာတပ်ရဲ့ အယူအဆအတွေးအခေါ်တွေက ခေတ်သစ်တူရကီနိုင်ငံကို ပုံဖော်ခဲ့တာမို့လို့ သူ့အယူအဆအတွေးအခေါ်ကို ကမဲလ်ဝါဒ (Kamalism)လို့ ပြောကြပါတယ်။ ကမဲလ်ဝါဒအကြောင်းကို နားလည်နိုင်ဖို့ နောက်ခံသမိုင်းအချက်တစ်ခုကို ပြောပါရစေ။ ပထမကမ္ဘာစစ်မှာ တူရကီနိုင်ငံဟာ ဂျာမနီ၊ ဩစတြီးယားတို့နဲ့ ပူးပေါင်းခဲ့တဲ့အတွက် စစ်ရှုံးသွားတဲ့အခါ တူရကီနိုင်ငံကို မဟာမိတ်နိုင်ငံတွေက ခွဲဝေပိုင်းခြားသိမ်းပိုက်ခဲ့ပါတယ်။ ဒါကြောင့် တူရကီနိုင်ငံအမျိုးသားလွတ်မြောက်ရေးစစ်ပွဲ (၁၉ မေ ၁၉၁၉ - ၁၁ အောက်တိုဘာ ၁၉၂၂)ကို မူဆာဖာကမဲလ်အတာတပ်ရဲ့ ဦးဆောင်မှုနဲ့ ဆင်နွှဲခဲ့ပါတယ်။ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကို အောင်အောင်မြင်မြင် ဆင်နွှဲပြီးနောက်ပိုင်း ခေတ်သစ်တူရကီသမ္မတနိုင်ငံကို ထူထောင်ခဲ့တဲ့အခါ မူဆာဖာကမဲလ်အတာတပ်က တူရကီနိုင်ငံရဲ့ ပထမဆုံးသမ္မတအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ သမ္မတအနေနဲ့ မူဆာဖာကမဲလ်အတာတပ်ဟာ တူရကီနိုင်ငံရဲ့ ဘာသာရေးအပါအဝင် နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဘဝအားလုံးကို အခြေခံပြီး ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ ဘာသာရေးနဲ့ နိုင်ငံရေးကို စည်းသားခဲ့ပါတယ်။ ပညာရေးကို မြှင့်တင်ခဲ့ပါတယ်။ အမျိုးသမီးနဲ့ အမျိုးသားတန်းတူအခွင့်အရေးရရှိရေးကို ဦးတည်ဆောင်ရွက်ခဲ့ပါတယ်။ ဒီအချက်တွေကို ခြုံပြီး ကမဲလ်ဝါဒလို့ပြောတာပါ။ တူရကီတပ်မတော်ရဲ့ မူဝါဒဟာ ကမဲလ်ဝါဒအပေါ် အခြေခံတဲ့ အမျိုးသားရေးမူဝါဒပါ။ အစောပိုင်းက တင်ပြထားသလို တူရကီတပ်မတော်ဟာ အင်အားတောင့်တင်းတဲ့အတွက် ကမဲလ်ဝါဒစောင့်ရှောက်ကာကွယ်ရေးခေါင်းစဉ်နဲ့ မကြာခဏဆိုသလို အာဏာသိမ်းလေ့ရှိပါတယ်။ တူရကီနိုင်ငံမှာ မအောင်မြင်ခဲ့တဲ့ တစ်ညတာအာဏာသိမ်းပွဲမတိုင်ခင် အောင်မြင်တဲ့အာဏာသိမ်းမှု လေးကြိမ်ရှိခဲ့ပါတယ်။ ၁၉၆၀၊ ၁၉၇၁၊ ၁၉၈၀ နဲ့ ၁၉၉၇ ခုနှစ်မှာ ဖြစ်ပွားခဲ့တာပါ။

လက်ရှိ တူရကီသမ္မတ ဘာဒိုဂန်ဟာ တူရကီနိုင်ငံရဲ့ဝန်ကြီးချုပ်အဖြစ် ၂၀၀၃ ခုနှစ် မတ် ၁၄ ရက်ကနေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက်ကစပြီး သမ္မတအဖြစ် တာဝန်ယူခဲ့တာ ဒီကနေ့အချိန်ထိပါပဲ။ အာဒိုဂန်ဟာ တိုင်းပြည်ကို စတင်အုပ်ချုပ်ကတည်းက တူရကီတပ်မတော်အတွင်းမှာရှိတဲ့ ကမဲလ်ဝါဒ တပ်မတော်အရာရှိကြီးငယ်တွေကို နူးညံ့ပျော့ပျောင်းတဲ့ ခေတ်မီအစ္စလာမ်ဘာသာရေးဝါဒ တပ်မတော်အရာရှိကြီးငယ်တွေနဲ့ အစားထိုးလဲလှယ်နိုင်ဖို့ တဖြည်းဖြည်း တစ်ဆင့်ပြီးတစ်ဆင့် အရှိန်တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ ကမဲလ်ဝါဒတပ်မတော်အရာရှိကြီးငယ်တွေကို အစားထိုးလဲလှယ်ဖို့ စတင်ဆောင်ရွက်စဉ်က အစ္စလာမ်ဘာသာရေးခေါင်းဆောင် ဖက်တူလာဂူလန်ဟာ သမ္မတအာဒိုဂန်ရဲ့ မဟာမိတ်ပါ။ ပြောရရင် သမ္မတအာဒိုဂန်ရဲ့ အယူအဆအတွေးအခေါ်ဟာ ဖက်တူလာဂူလန်ရဲ့ အယူအဆအတွေးအခေါ်နဲ့ အခြေခံသဘောအရ တူညီပါတယ်။ ဒီတော့ ပင်မလို့ပြောရမယ့် ဖက်တူလာဂူလန်ရဲ့ အယူအဆကိုကြည့်ရင် သူ့အယူအဆကို အများစုက နူးညံ့ပျော့ပျောင်းတဲ့ ခေတ်မီအစ္စလာမ်ဘာသာလို့ ရှုမြင်ကြပါတယ်။ ဖက်တူလာဂူလန်က သူ့အယူအဆကို အကောင်အထည်ဖော်ဖို့ တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်ခဲ့ပြီး ဒီလှုပ်ရှားမှုကို Hizment movement လို့ ရည်ညွှန်းကြပါတယ်။ ဂူလန်လှုပ်ရှားမှုအဖွဲ့ဝင်တွေဟာ သူတို့ဝင်ငွေရဲ့ ငါးရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိကို ဂူလန်လှုပ်ရှားမှုရန်ပုံငွေအတွက် လှူဒါန်းခဲ့ရပါတယ်။ ဂူလန်လှုပ်ရှားမှုက တည်ထောင်ထားတဲ့ကျောင်းတွေမှာ အဆင့်မြင့်သိပ္ပံနည်းပညာသုံးကိရိယာတွေကို အသုံးပြုပါတယ်။ ဂူလန်လှုပ်ရှားမှုကိုထောက်ခံတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက ကျောင်းသားအတော်များများကို ပညာသင်ထောက်ပံ့ကြေးပေးပါတယ်။ ဂူလန်လှုပ်ရှားမှုကျောင်းတွေဟာ ဘာသာရေးနဲ့ ရောထွေးပတ်သက်မှုမရှိပါဘူး။ ဒါပေမယ့် ဂူလန်လှုပ်ရှားမှုကျောင်းတွေမှာ ဆရာ ဆရာမတွေဟာ အရက်မသောက်၊ ဆေးလိပ်မသောက်၊ အိမ်ထောင်ရေးပြိုကွဲတာမရှိ စတဲ့စတဲ့ ကျင့်ဝတ်တွေရှိနေဖို့ ဂရုတစိုက်ရွေးချယ်ခန့်ထားလေ့ရှိပါတယ်။ ဖက်တူလာဂူလန်က နိုင်ငံပေါင်း ၁၄၀ မှာ ကိုယ်ပိုင်ကျောင်းတွေ ထူထောင်ထားပါတယ်။

သမ္မတအာဒိုဂန်နဲ့ ဘာသာရေးခေါင်းဆောင် ဖက်တူလာဂူလန်တို့ကြား မဟာမိတ်ဖွဲ့စည်းမှု ပြိုကွဲခဲ့ရတဲ့ လက်ငင်းအကြောင်းတရားက ၂၀၁၃ ခုနှစ် အကျင့်ပျက်လာဘ်စားမှုပြဿနာတစ်ခုပါ။ ကျယ်ကျယ်ပြန့်ပြန့် ယူဆပြောဆိုနေတာက ဂူလန်လှုပ်ရှားမှုအဖွဲ့ဝင် တရားသူကြီးတွေဟာ သမ္မတ အာဒိုဂန်အပါအဝင် သူ့အနီးစပ်ဆုံးအသိုင်းအဝိုင်းကို နိုင်ငံရေးအရ ထိုးနှက်ဖို့ အဲဒီလို အကျင့်ပျက်လာဘ်စားမှုနဲ့ တရားစွဲဆိုနိုင်အောင် ကြိုးစားခဲ့တယ်ဆိုတဲ့သဘောပါ။ ဒီအချက်က လက်ငင်းအကြောင်းတရားဖြစ်ပေမယ့် သူတို့နှစ်ဦးအကြား မဟာမိတ်ဖွဲ့စည်းမှု ပျက်ပြားခဲ့ရခြင်းရဲ့ အခြေခံသဘောက အာဏာပြိုင်ဆိုင်မှုပါ။ ဖက်တူလာဂူလန်က သူ့နောက်လိုက်တွေကို "မင်းတို့က နိုင်ငံရဲ့ ပင်မအချက်အချာ နေရာအဆင့်အတိုင်းမှာ ဘယ်သူမှ သတိမပြုဘဲ ဝင်နိုင်၊ ထွက်နိုင်၊ လှုပ်ရှားနိုင်ရမယ်။ ဒီအနေအထား၊ ဒီလှုပ်ရှားမှုပုံစံကို ထိပ်ပိုင်းမရောက်မချင်း ဆုပ်ကိုင်ထားရမယ်။ ငါတို့လက်ထဲ နိုင်ငံတော်အာဏာအားလုံးရောက်လာတဲ့အချိန်အထိ၊ နိုင်ငံရဲ့အရေးပါတဲ့ ယန္တရားအားလုံး ငါတို့ဘက်မှာ ရပ်တည်လာတဲ့အချိန်အထိ၊ ငါတို့ အင်အားတောင့်တင်းနိုင်ဖို့လိုတယ်"လို့ ပို့ချနေပုံ ဗီဒီယိုဟာ ၁၉၉၉ ခုနှစ်မှာ ထွက်ပေါ်လာခဲ့ဖူးပါတယ်။ ဒါကြောင့် သမ္မတအာဒိုဂန်က ဖက်တူလာဂူလန်ကို နိုင်ငံရေးပြိုင်ဘက်လို့ သတ်မှတ်ခဲ့တာပါ။ ဖက်တူလာဂူလန်ရဲ့ နိုင်ငံရေးအယူအဆနဲ့ လှုပ်ရှားမှုပုံစံတွေကြောင့်လို့ပဲ ပြောရမှာပဲ။ မအောင်မြင်တဲ့ တစ်ညတာအာဏာသိမ်းမှုနောက်ပိုင်းမှာ သမ္မတအာဒိုဂန်က ဇူလိုင် ၂၀ ရက်အထိ စာရင်းတွေအရ တပ်မတော်အရာရှိတွေနဲ့ ရဲအရာရှိတွေ အပါအဝင် တရားသူကြီးတွေ၊ အုပ်ချုပ်ရေးအရာရှိကြီးတွေနဲ့ အရပ်ဘက်ဝန်ထမ်းစုစုပေါင်း ၄၅၀၀၀ ဝန်းကျင်ကို ထုတ်ပယ်တာ(ဒါမှမဟုတ်) ဖမ်းဆီးထိန်းသိမ်းထားတာတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီလောက်အတိုင်းအတာအထိ ကျယ်ကျယ်ပြန့်ပြန့် ဖမ်းဆီးနိုင်ခဲ့တာကလည်း အာဏာသိမ်းဖို့ ကြိုးပမ်းမှုအပြီး သမ္မတအာဒိုဂန်က အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့လို့ပါ။ ဒီအရေးပေါ်အခြေအနေ ထုတ်ပြန်ချက်ကို လက်ကိုင်ပြုပြီး တက္ကသိုလ် ၁၅ ခု၊ ပုဂ္ဂလိကကျောင်း ၁၀၄၃ ကျောင်း၊ ဖောင်ဒေးရှင်း ၁၂၂၉ ဖွဲ့၊ အလုပ်သမားသမဂ္ဂ ၁၉ ဖွဲ့၊ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း ၃၅ ခု၊ ရုပ်မြင်သံကြားလွှင့်ဌာန ခြောက်ခု၊ ရေဒီယိုအသံလွှင့်ဌာန ၂၃ ခု၊ နေ့စဉ်သတင်းစာ ၄၅ စောင်၊ မဂ္ဂဇင်း ၁၅ စောင်နဲ့ စာပေထုတ်ဝေရေးတိုက် ၂၉ ခုတို့ကို ပိတ်ခဲ့ပါတယ်။ နိုင်ငံရေးသုံးသပ်ဝေဖန်သူတွေကတော့ ဒါဟာ သမ္မတ အာဒိုဂန်က ဖက်တူလာဂူလန်ရဲ့ အင်အားစုတွေကို တန်ပြန်ချေမှုန်းတာ (တစ်နည်းပြောရရင်) တုံ့ပြန်အာဏာသိမ်းပွဲ ဆင်နွှဲတာပဲလို့ ရှုမြင်ကြတယ်။ ပြောရရင်တော့ မအောင်မြင်တဲ့ တစ်ညတာအာဏာသိမ်းမှုဟာ တူရကီနိုင်ငံမှာ သမ္မတ အာဒိုဂန်အင်အားစုတွေနဲ့ ဘာသာရေးခေါင်းဆောင် ဖက်တူလာဂူလန်တို့အကြား အာဏာလွန်ဆွဲပွဲဖြစ်နေတာကို ထင်ထင်ရှားရှားဖော်ပြလိုက်တာပါ။


# ကျန်းမာပျော်ရွှင်ဘဝတစ်ခွင်

၁။ နေ့စဉ်မျက်နှာသစ်၊ သွားတိုက်ပါ။ ပုံမှန်ခေါင်းလျှော်၊ ရေချိုးပါ လက်သည်း၊ ခြေသည်း မှန်မှန်ညှပ်ပါ။
၂။ အစားမစားမီ၊ အပြင်မှပြန်လာတိုင်း၊ အညစ်အကြေးကိုင်ပြီးတိုင်း၊ အိမ်သာတက်ပြီးတိုင်းနှင့် မွေးစကလေးငယ်ကို မကိုင်တွယ်မီ လက်ကိုဆပ်ပြာ၊ ရေတို့ဖြင့် စင်ကြယ်အောင်ဆေးပါ။
၃။ ရေကို ကျိုသောက်ပါ။ ရေတွင်း၊ ရေကန်အနီး ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း မလုပ်ရပါ။
၄။ အဆီများလွန်း၊ အချိုများလွန်း၊ ငန်လွန်းသောအစားအစာများကို ရှောင်ပါ။ ညသိပ်ထားသော ရက်လွန်အစာများ၊ အမှည့်လွန်အသီးအနှံများ၊ ယင်နားစာများ မစားသင့်ပါ။
၅။ ဘယ်အချိန်၊ ဘယ်နေရာမှာအိပ်အိပ် ခြင်ထောင်ဖြင့်အိပ်ပါ။
၆။ တောမထိုင်ပါနှင့် ယင်လုံအိမ်သာသုံးပါ၊ အမှိုက်များကို စနစ်တကျ ကျင်းတူးစွန့်ပစ်ပါ။
၇။ အရက်၊ ဆေးလိပ်၊ ကွမ်းတို့ကြောင့် ငွေကုန်ကာ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်သဖြင့် လျှော့ပါ၊ ရှောင်ပါ။
၈။ အပျော်အပါး လိုက်စားခြင်း၊ စိတ်ကြွဆေးနှင့် မူးယစ်ဆေးတို့ကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့ကို ဆိုးရွားစွာ ထိခိုက်နိုင်၍ အစမလုပ်ပါနှင့် ရှောင်ပါ။
၉။ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ၊ အပင်ရွက်ဖျန်းဆေးများကို အစားအစာများနှင့် ရောနှောမထားရ၊ ကလေးများလက်လှမ်းမမီသော နေရာတွင်ထားပါ။
၁၀။ ကိုယ်ဝန်ရှိလျှင် ကျန်းမာရေးဝန်ထမ်းများထံ စောင့်ရှောက်မှုခံယူပါ။ ဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင် မွေးဖွားရန်စီစဉ်ပါ။
၁၁။ မွေးစမှ ငါးနှစ်အထိ ကလေးများကို ကျန်းမာရေးဝန်ထမ်းများမှ ပြောကြားသည့် ကာကွယ်ဆေးထိုးအစီအစဉ်အတိုင်း ထိုးပါ။ တိုက်ပါ။
၁၂။ နေမကောင်းဖြစ်လျှင် ကျန်းမာရေးဝန်ထမ်းနှင့် ပြသပါ။ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ကြေးမုံ

ဩဂုတ် ၈၊ ၂၀၁၆

# အလံတစ်လက် ထူလွှင့်ခြင်း

မင်းကိုနိုင်

ညလုံးပေါက်ဆွဲခဲ့သည့် ပိုစတာပုံတွေကြား သူအညောင်းဆန့်လိုက်သည်။ အေးစက်နေသော လက်ဖက်ရည်ခွက်ကိုမော့ရင်း ဝန်းကျင်ကို စူးစမ်းလိုက်၏။ လျှို့ဝှက်အလုပ်မှန်း သိရောထင့်။ ခွေးကလေး၊ ကြောင်ကလေးတွေကအစ ငြိမ်ကုပ်လျက်။ ကလေးတွေကလည်း အသံမထွက်ဝံ့။ မဟာစွန့်စားခန်းကို မလွတ်တမ်းအားပေးရန် ဧည့်ခန်းထဲ ချောင်းကြည့်နေကြသည်။ သူ. . . တစ်စုံတစ်ရာကို သတိရပြီး အထိတ်တလန့်ရေရွတ်လိုက်၏။

"အရေးကြီးတာ ရပြီလား"

"ဘာလဲ"

"အလံလေ။ မရှိမဖြစ် အလံပေါ့"

သူ့စကားကြောင့် အိမ်ရှင်လူကြီး မျက်မှောင်ကြုတ်သွားသည်။ ထမင်းကြော်ပန်းကန်ယူလာလျက် တီးတိုးမေး၏။

"ဘာအလံလဲ မြို့ထဲက အလံဆိုင်မှာ ဝယ်လိုက်လေ။"

"ဟင့်အင်း လိုနေတာက ဆိုင်မှာမရှိတဲ့ အလံမျိုး။"

"ဘာအလံမို့လို့လဲ"

××××××××

လွန်ခဲ့သောရက်ပိုင်းက ရပ်ကွက်ထဲ သစ်ပင်ကြီးတွေ၊ ဂိုဒေါင်နံရံတွေမှာ လှုံ့ဆော်စာတွေ၊ ပိုစတာတွေ ညဘက်လူအလစ်မှာ ကပ်ခဲ့ကြသေးသည်။

မနက်လင်းလို့ လူတွေအုံ၊ တစ်ယောက်တစ်ပေါက် ဖတ်နေတုန်းရှိသေး လူတစ်စုရောက်လာ ပိုစတာတွေကို ဆွဲဖြုတ်ပြီး ကြည့်နေသူတွေကို မာန်မဲတော့ အားလုံးကို ရှဲသွားကြ။ ထိုသူက စကားပြောစက်ထုတ် "အဘ. . အဘနဲ့ သတင်းပို့တော့ အားလုံးထွက်ပြေး" သူတွေးရင်း ရင်လေးလာသည်။

ဒီတစ်ခါ အကြံမအောင်မီတော့ အဲဒီလို တပ်ဦးအပြုံမခံနိုင်။ ဘာလုပ်ရပ့်။ ကင်းတွေချထားဖို့ တောင်းပန်ခဲ့သည်။ အရပ်သားတွေက ဆန္ဒအလျောက် စာရင်းပေးစောင့်ရှောက်ကြမည်လို့ ကတိပေးကြသည်။ မိုးရေရွှဲရွှဲ ဗိုက်ကလည်းဆာ၊ သူတို့အတွက် တော်တော်မတော်တော် ရှိသမျှ အဝတ်တွေ ထုတ်လဲပေး။ ထမင်းဟင်းအိုးတွေချကျွေး၊ ခွံ့မပေးရုံတမယ်။

"အိမ်ကို လွမ်းလိုက်တာ အမေ့ကို သတိရတယ်"ဟု လွှတ်ခနဲ တမ်းတမိတော့ "အိမ်မပြန်ဖြစ်တာ ဘယ်လောက်ကြာပြီလဲ" ဟုမေးကြသည်။

"ဒါလည်း မင်းအိမ်ပေါ့ကွာ။ တစ်ပြည်လုံးက မင်းတို့အိမ်ပေ့ါ။ မင်းတို့ မိသားစုတွေပဲ ငါတို့သားသမီးအရင်းလိုစောင့်ရှောက်နေတာ မလုံလောက်လို့လား"ဟု မေးရင်း လက်ဖဝါးကြမ်းကြမ်းကြီးများဖြင့် သူတို့ကျောပြင်များကို ညင်သာပုတ်ရင်း မေးသည်တွင် မငိုမိအောင်ထိန်းခဲ့ရ၏။

တစ်အိမ် ဟင်းတစ်ခွက် ပုန်းဝှက်သယ်လာရင်း ညအိပ်ဖို့စောင်၊ ခေါင်းအုံးတွေ လောက်ရဲ့လားဝိုင်းမေးကြ၊ မောင်နှမတွေပဲ မိန်းကလေးယောကျ်ားလေး ခွဲခြားမနေအားဘူးဆိုတာ အိမ်ရှေ့ကြမ်းမှာ လဲလျောင်းလိုက် ထပြီးပိုစတာတွေဆွဲလိုက်။ လွန်ခဲ့သောညများက ဒီမနက်ခင်းကို ပြန်အားပေးနေသည်သို့။

××××××××

ဒီရက်မှာ ချီတက်မယ်ဆိုကတည်းက သတိရပေမယ့် လက်ဝယ်ပိုင်ပိုင် မရှိသေး။ ဘယ်သူမှလည်း အသင့် ချုပ်ပြီးသား လာပေးမှာမဟုတ်။

"ကိုယ့်ဟာကိုယ် ချုပ်ရုံပဲပေ့ါ" တစ်ဖက်ခြံမှ လူကြီးတစ်ဦး တံခါးကို တွန်းဖွင့်လာရင်းပြောသည်။

"တွေးပူမနေနဲ့ကွာ။ ငါတို့ရအောင် လုပ်ပေးပ့ါမယ်။ မင်းတို့ကျောင်းသားတွေထဲက ဒေါင်းအရုပ်ဆွဲတတ်သူသာ လာပြစမ်းပါ။"

ခေါင်းနည်းနည်းမော့ အမြီးကော့ဦး၊ စက်ဝိုင်းကို ခြေနဲ့နင်းချိုးလိုက်တာကွ စသဖြင့် တစ်ယောက်တစ်ခွန်းပြောရင်း ပြင်ရင်း ခွပ်ဒေါင်းအရုပ်က လည်ဆံတဖွားဖွားဖြင့်ပေါ်လာပြီ။ အရပ်ထဲမှာလည်း ကင်းအထပ်ထပ် ချထားသည့်ကြားက မအောင်မြင်မီ ပေါက်ကြားမှာ စိုးနေကြ။

ဟို အိမ်ကူး သည်အိမ်ဝင် ခန်းဆီးလိုက်ကာတွေ ဖြုတ်ပါဟ။ တစ်ယောက်စျေးထဲသွား ဆိုးဆေးဝယ်။ အနီရဲရဲတဲ့။ "ဒေါင်းအရုပ်ခြယ်မှာက ရွှေဝါရောင်နော်။ မတွေ့လည်း ဘုန်းကြီးကျောင်းသွားကွာ သင်္ကန်းဝါဝါတောင်းခဲ့" စသဖြင့် မှာကြားသူ ပြေးလွှားသူတွေဖြင့် အသက်ဝင်လျက်။

မန်ကျည်းပင်ထက်မှာ မန်ကျည်းရွက်ခူးဟန်ဆောင် ကင်းစောင့်သူက အချက်ပြသည်။

"ဘာတဲ့လဲဟ ဟိုမှာပြနေတာ။"

"ဟိုဘက်ရပ်ကွက်က ထွက်တော့မယ်" တဲ့ အသင့်ပြင်နေပြီ။ အားလုံး ပျာယာခတ်သွားကြပြန်သည်။

"အမြန်လုပ်ကြဟေ့၊ အတူထွက်မှ အားလုံးအတူထွက်မှ ဖြစ်မှာ။"

"မေးလိုက်စမ်းပါ၊ သူတို့ရော အလံရပြီလားလို့။"

ဆေးနီဆိုးပြီးပေမယ့် ပိတ်စက မခြောက်သေး၊ ပန်ကာနဲ့ မှုတ်သူမှုတ်၊ ယပ်တောင်ဖြင့် ခတ်သူခတ်၊ အပ်ချုပ်စက်ရှိရာ အိမ်သို့ မလွယ်ပေါက်မှ နှစ်ယောက်ဝင်လာသည်။

"အသင့်ဖြစ်ပြီလား။ ဒီမှာ ဒေါင်းအရုပ်ရပြီ ကော်ကပ်ပြီး အပ်ချုပ်ပေးဖို့" စကားမဆုံးခင် အချက်ပေးသံတစ်ခုကြားလိုက်ရ၊ သူထိတ်ပျာသွားပြီး အိမ်ရှင်မျက်နှာ မော့ကြည့်။ ဘေးအိမ်က လူတွေရောက်လာ၊ အမောတကော သတင်းပေးသည်။

"သူတို့ မသင်္ကာတော့ဘူးထင်တယ်။ လိုက်စစ်နေတာ ဟိုဘက်လမ်းထဲ ရောက်နေပြီ"တဲ့။ အမေအို အဘွားအိုတွေက ဘုရားစာဆိုနေ။ ယောကျ်ားများကဖြင့် မေးရိုးကြီးများတင်းအောင် အံကြိတ်ရင်း လက်ဖျံအကြောတွေ ထင်းခနဲပေါ်အောင် လက်သီးဆုပ်လိုက်သည်။

"ခြံဝဆင်းပြီး ငါတို့ အာရုံပြောင်းထားမယ်။ မရလည်း ဘဝချင်း အသက်ချင်း လဲရုံသာရှိတာပေ့ါ။ ငါတို့ရှင်လျက်နဲ့တော့ မင်းတို့လည်း အန္တရာယ်မကျစေရဘူး။ ဒေါင်းအလံလည်း မြေမခစေရဘူး. . စိတ်ချ။"

ပိတ်စနီနီပေါ်တင်ထားရုံ တွန့်လိမ်နေသည့် ခွပ်ဒေါင်းလည်တိုင်ကို တစ်ယောက်က ဆန့်မော့ပေးလိုက်သည်။

"အခုအချိန်ထိတော့ ပိတ်စပေ့ါ။ လွှင့်ထူလိုက်ရင် အလံပဲ ငါတို့ရအောင် ထူခဲ့မယ်။"

သူတို့မျက်လုံးတွေ ပြန်လင်းတောက်လာပြန်ပြီ။ အပ်ချုပ်စက် နင်းနေသည့် အစ်မကြီး၏ မျက်နှာက သူတို့ထက် ကြွန်ခြေရနေသေး။

"မောင်လေးတွေ ညီမလေးတွေ လက်မတုန်စေနဲ့။ ဒေါင်းအလံ မတွန့်သွားအောင် သေချာဖိကိုင်ပေးထား။ မကြီးတောင် မကြောက်ဘဲ ရဲရဲနင်းချုပ်နေသေးတာ" ဟုပြောနေသယောင်။

××××××××

ခွပ်ဒေါင်းပျိုက စက်ချုပ်ခုံပေါ်မှာ လွှားခနဲ ပျံတက်လာပြီ။

××××××××

တို့အရေးသံတွေ ခြေသံပြင်းပြင်းတွေ တစ်ခဲနက်ထွက်လာရာ လမ်းဆီ သူတို့ထွက်မျှော်ကြည့်မိကြ၏။

"ဟိုဘက်ရပ်ကွက်က ချီတက်လာပြီဟေ့ ထွက်ကြ၊ ပေါင်းကြ"ဟု ဟစ်ကြွေးနှိုးဆော်သံများက ဒီဘက်ရပ်ကွက်ကို လှုပ်နှိုးလိုက်သည်။ အိပ်ချင်ယောင်ဆောင်ခဲ့သူတွေ မဟုတ်တော့ အားလုံး ဝုန်းခနဲရပ်ပြီးသား၊ ကိုယ့်စိတ်ထဲကို ပြန်စစ်ကြည့်မိကြ။ ကြောက်စိတ်ရှိသေးလား။

"အလံတိုင်ဟေ့ အလံတိုင်ဘယ်မလဲ" မေးကာမှ မလုပ်ရသေးတာ သတိရ။ ထိတ်ပျာသွားကြပြန်သည်။ တစ်ယောက်က လွှားခနဲပြေးသွား၊ ဘွားခနဲ ပြန်ရောက်လာ၊ လက်ထဲမှာ ဝါးတံချူတစ်လက်။

"ရပြီဟေ့ အလံတိုင်ပေ့ါကွာ"ဟု ဆိုကာ ကိုင်စွဲမြဲမြံအောင်ချည်နှောင်လိုက်ပြီ။

"ထူဟေ့-- ထူဟေ့ တို့အလံတော်လာပြီဟေ့။ အားလုံးထွက်ကြဟေ့။" အသံချဲ့စက်များထက် စွမ်းအားပိုသော ရင်ခေါင်းသံကြီးဖြင့် ရပ်မိရပ်ဖတစ်ဦးက ဟစ်အော်နှိုးဆော်လျက်။ ကျောင်းသူလေးတစ်ဦး လက်သို့ အလံကို နှင်းဆက်သည်။ ထွက်ကြပြီ။ ချီကြပြီ။ သူတို့အားလုံးကိုယ်စီ ကြောက်စိတ်ကို လိုက်ရှာသည်။ ရိုးတွင်းချဉ်ဆီ သွေးတစ်စက်စီမှာတောင် မရှိတော့။

ကောင်းကင်ပြာနှင့် မိုးစက်မှုန်များထဲ ခွပ်ဒေါင်းအလံ ထိုးခွဲထွက်လာပြီ။

အလံတော်အောက်ဆီ ခြေလှမ်းတွေ . . ညီပ့ါ။

လူတန်းတစ်လျှောက် နောက်ပြန်ကြည့်ရာ မျက်စိတဆုံး အဆုံးမရှိ။

သူ့ကျောပေါ်နင်းလျက် သမိုင်းသစ်ရေးမည့် ခြေလှမ်းများအတွက် လမ်းမများက ကျေကျေနပ်နပ် ဆန့်ခင်းလျက်။ ။

## ရေကြီးရေလျှံမှုကြောင့် ဩဂုတ် ၇ ရက်ထိ လူဦးရေ ၃၅၈၆၉၉ အား ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

**နေပြည်တော် ဩဂုတ် ၇**

၂၀၁၆ ခုနှစ် ဇူလိုင်လလယ်ခန့်မှ စတင်ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ပြည်သူများအား ဘေးလွတ်ကင်းရာနေရာများသို့ ယာယီပြောင်းရွှေ့ နေရာချထားပေးမှုများ ရှိခဲ့ရာ ဩဂုတ် ၇ ရက်ထိ လူဦးရေ ၃၅၈၆၉၉ ဦးတို့ကို ပြောင်းရွှေ့နေရာချထားပေးခဲ့ရသည်။ ယခုအခါ အချို့နေရာများတွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် မူလနေရာများသို့ ပြန်လည်ရွှေ့ပြောင်းလျက်ရှိသည်။ အချို့တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဘေးလွတ်ကင်းရာသို့ ထပ်မံပြောင်းရွှေ့မှုများလည်း ရှိနေသည်။

အဆိုပါ ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစီးသည့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ရေလယ်သောင်ကျေးရွာ ဘုန်းကြီးကျောင်းတွင် ဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၂၀၅၄၀၅၀ ရှိ ဆန်နှင့် ခေါက်ဆွဲခြောက်များကိုလည်းကောင်း၊ ပုသိမ်မြို့နယ်တွင် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၄၅၈၈၃ ရှိ ဆန်နှင့် ငါးသေတ္တာများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တိုက်ကြီးမြို့နယ်၊ ဥက္ကံနှင့်အဖျောက်မြို့နယ်များရှိ ဘေးသင့်အိမ်ထောင်စုများအတွက် တန်ဖိုးငွေကျပ် ၅၈၁၂၃၅၀ ရှိ ဆန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ခေါက်ဆွဲခြောက်နှင့် စားဆီများကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မကွေးပရဟိတအဖွဲ့နှင့်ပူးပေါင်း၍ ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာ ဘေးသင့်ပြည်သူများအတွက် ဆန် ၁၃ အိတ် ၁၈ ပြည်အားလည်းကောင်း ထောက်ပံ့ပေးခဲ့သည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ခဲ့မှုမှာ ဩဂုတ် ၇ ရက်အထိ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်းပေါင်း ၃၃၆၀ ခန့်ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကျန်ရှိသောမြို့နယ်များသို့လည်း ထောက်ပံ့မှုများ ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကျပ်သိန်း ၁၀၀၀ စီကိုလည်း ပေးပို့ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

## ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**အင်္ဂပူ ဩဂုတ် ၇**

ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ခွေးတောက်ချောင်းကျေးရွာအုပ်စု ခွေးတောက်ချောင်းကျေးရွာ ဓမ္မာရုံ၌ ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

ယင်းအခမ်းအနားတွင် ခွေးတောက်ချောင်းကျေးရွာမှ ကမ်းပြို၍ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စု ခုနစ်စုအတွက် အိမ်ထောင်စုတစ်စုလျှင်ထောက်ပံ့ငွေ ၂၀၀၀၀ ကျပ်၊ ဆန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

## ရေဘေးသင့် ပြည်သူများအား အစားအစာနှင့် ရေသန့်ဘူးများလှူဒါန်း

**အောင်လံ ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် ဩဂုတ် ၆ ရက်က ရခိုင်ပရိယတ္တိစာသင်တိုက်မှ ဆရာတော် အရှင်ဇောတိကနှင့် အောင်လံမြို့ နယ်မြေခံတပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းတို့သည် မြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများဖြစ်ကြသော ပြလို့၊ ကွမ်းလောင်း(ရေ)၊ ညောင်ပင်ဆိပ်ကျေးရွာများသို့သွားရောက်၍ ထမင်းဘူး ၅၀၀၊ လီတာ ၂၀ ရေသန့်ဘူးကြီး ၃၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၃၀၀၀၊ ကွေကာအုပ်အထုပ် ၂၇၀၀ တို့အား ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်၍ ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

# ပြောင်းလဲမှုကို ကြိုဆိုလိုက်ကြရအောင်

## မေလွဲ့သင်း

တရုတ်နိုင်ငံကို ခြေချမိတယ်ဆိုတာနဲ့ ပေကျင်းလေဆိပ်ကြီးရဲ့ ကြီးကျယ်ခမ်းနားမှုကိုပဲ ပထမဦးဆုံး သတိထားမိခဲ့ပါတယ်။ လေဆိပ်ကြီးဟာ ကျယ်ဝန်းလွန်းတာကြောင့် လေဆိပ်တွင်းမှာပဲ ရထား၊ ကားငယ်လေးတွေနဲ့ အဆင့်ဆင့်သွားရသလို ခြေထောက်တောင့်အောင်လည်း လမ်းလျှောက်ခဲ့ရပြန်ပါတယ်။ ဒီတော့ လေဆိပ်တွင်းမှာ ဖြုတ်သန်းနေရတဲ့ အချိန်ကလည်း ကြာမြင့်တာကြောင့် ဘေးဘီဝဲယာကိုစူးစမ်းချိန်လည်း ပိုကြာပါတယ်။

လေဆိပ်ထဲမှာ စောင့်ဆိုင်းနေသူတွေအားလုံးလိုလိုဟာ ဟန်းဖုန်းတွေကိုယ်စီထုတ်ပြီး အချိန်တွေကို ကျော်ဖြတ်နေကြတဲ့ မြင်ကွင်းကြောင့် ဘယ်သူများ သတင်းစာ၊ ဂျာနယ်စတဲ့ စာစောင်တွေကိုင်ပြီး ဖတ်နေကြသေးလဲဆိုတာကို သတိထားပြီး ရှာဖွေကြည့်လိုက်ပြန်ပါတယ်။ ဒီတော့ သတင်းစာတိုက်မှာ အလုပ်လုပ်နေသူတစ်ယောက်အနေနဲ့ တရုတ်မှာ သတင်းစာဖတ်တဲ့သူမရှိကြတော့ဘူးလားလို့တွေးပြီး စိတ်မကောင်းဖြစ်ရပြန်ပါတယ်။ ဒါပေမယ့် သွားရတဲ့ခရီးစဉ်ကိုကလည်း တရုတ်မီဒီယာကဏ္ဍလေ့လာရေးဆိုတော့ နောက်တော့ သိလာရတော့မှာပေါ့လို့တွေးပြီး နေရာချပေးတဲ့ အခန်းမှာပဲ အေးအေးလူလူ အနားယူဖို့ ဆုံးဖြတ်လိုက်တော့တယ်။

ပထမဦးဆုံးနေ့ မနက်ခင်းမှာ တရုတ်နိုင်ငံရဲ့ နိုင်ငံရေးရပ်တည်ချက်နဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ ဖြစ်စဉ်တွေကို ရှင်းပြပါတယ်။ နေ့လယ်ပိုင်းကျတော့ တရုတ်ရေဒီယိုနဲ့ ရုပ်မြင်သံကြားကွန်ရက်ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ မစ္စတာဇန်ဟန်ချီက တရုတ်နိုင်ငံရဲ့ ဒစ်ဂျစ်တယ်မီဒီယာအကြောင်း အသေးစိတ်ဆွေးနွေးပါတယ်။ ဒစ်ဂျစ်တယ်မီဒီယာ(Digital Media) ကို မီဒီယာသစ် (New Media)လို့ လူသိများပြီး မီဒီယာပုံစံဟောင်း (Traditional Media) ဖြစ်တဲ့ ရုပ်သံလုပ်ငန်း၊ ပုံနှိပ်မီဒီယာမှာ ကျင်လည်နေသူတွေအတွက် အကြီးမားဆုံးစိန်ခေါ်ချက်တစ်ရပ်လို့ ရှုမြင်ထားကြသူတွေ မနည်းပါဘူး။ ဒီတော့ ဒီအကြောင်းဟာ ကိုယ်တစ်ယောက်တည်းအတွက်တော့ တကယ့်ကို ဆွဲဆောင်နိုင်စွမ်းရှိတဲ့ ခေါင်းစဉ်ဖြစ်ခဲ့ပါတယ်။

သူ့ရဲ့ ရှင်းလင်းချက်အရတော့ တရုတ်နိုင်ငံမှာ၂၀၀၅ ခုနှစ်နောက်ပိုင်း ဒစ်ဂျစ်တယ်မီဒီယာဟာ တိုးတက်မှုနှုန်း သိသိသာသာ လျင်မြန်ခဲ့ပြီး ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ လူတွေအပေါ် အလွှမ်းမိုးနိုင်ဆုံး မီဒီယာဖြစ်ခဲ့တယ်လို့ ဆိုတယ်။ ဒီအခြေအနေက မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့ သိသိသာသာ ကွာခြားတာမဟုတ်ဘဲ ထပ်တူနီးပါးကို တူညီတယ်လို့ ထင်မိပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံကတော့ ၂၀၁၁ ခုနှစ်နောက်ပိုင်းမှာ ဆင်းကတ်ဈေးနှုန်းတွေ ကျဆင်းသွားခဲ့ပေမယ့် အင်တာနက်အသုံးပြုခကတော့ ဈေးကြီးနေဆဲပဲဖြစ်တာကြောင့် အူရီဒူးနဲ့ တယ်လီနောတို့လို ပုဂ္ဂလိက ဆက်သွယ်ရေးကွန်ရက်လုပ်ငန်းတွေ ဝင်လာတဲ့ ၂၀၁၄ ခုနှစ်နောက်ပိုင်းမှသာ အွန်လိုင်းမီဒီယာ ပိုပြီးဖွံ့ဖြိုးလာတာပါ။ လက်ရှိ မြန်မာနိုင်ငံရဲ့ ဆင်းကတ်ဈေးနှုန်းဟာ တရုတ်နိုင်ငံ ဆင်းကတ်ဈေးရဲ့ ၁၀ ပုံ တစ်ပုံ မရှိတော့သလို အင်တာနက်အသုံးပြုခကလည်း ပိုတောင်ဈေးသက်သာတဲ့ အနေအထားလို့တောင် ပြောလို့ရပါတယ်။ ဒါပေမယ့် တစ်ဦးချင်းဝင်ငွေ ကွာဟချက်နဲ့ ယှဉ်ရင်တော့ မြန်မာလူမျိုးတွေက အွန်လိုင်းမီဒီယာကို စိတ်ဝင်စားမှု ပိုတယ်လို့တောင် ယူဆရပါတယ်။

တရုတ်နိုင်ငံမှာတော့ Digital Media က Traditional Media ရဲ့ ၃၀ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းကြား နေရာယူထားပြီးဖြစ်တယ်လို့ သိရပါတယ်။ ဒါကြောင့် လာမယ့်နှစ်အနည်းငယ်အတွင်းမှာပဲ Traditional Media ဟာ Digital Media ရဲ့ ဝါးမျိုခြင်းကို လုံးဝခံရနိုင်ပေမယ့် အချိန်အတိအကျတော့ ခန့်မှန်းပေးဖို့ ခက်တယ်လို့ဆိုပါတယ်။ ဒါပေမယ့် စမတ်ဖုန်းသုံးဖို့ အဆင်မပြေတဲ့ အသက်အရွယ်ကြီးရင့်နေသူတွေ၊ မျက်စိမကောင်းတဲ့သူတွေလည်း ရှိနေဦးမှာဖြစ်တော့ လုံးဝပျောက်သွားမယ်ဆိုတာ ဖြစ်နိုင်ပါ့မလားလို့ စောဒကတက်လိုက်မိပါတယ်။ ဒီတော့ တရုတ် နောက်မျိုးဆက်တွေက သတင်းစာတို့၊ ဂျာနယ်တို့၊ ရုပ်မြင်သံကြားတို့ကို ဆက်လက်အသုံးပြုသူတွေဟာ ပညာအရည်အချင်းအားနည်းတာကြောင့် နည်းပညာရပ်ကို အမီမလိုက်နိုင်သူတွေလို့ ယူဆတာလည်း ရှိတာကြောင့် ယေဘုယျဆန်ဆန်အခုလို ကောက်ချက်ဆွဲတာလို့ ဆိုပါတယ်။ သူပြောတဲ့စကားဟာ တခြားနိုင်ငံတွေအတွက် မသိပေမယ့် တရုတ်နိုင်ငံအတွက်တော့ ဖြစ်နိုင်တဲ့အဖြေဆိုတာ တိဘက်ကို ရောက်သွားတဲ့အခါ သဘောပေါက်လာခဲ့တယ်။

တိဘက်လို တရုတ်ပြည်ရဲ့ ဖွံ့ဖြိုးမှု အနည်းငယ်နောက်ကျနေတဲ့နေရာမှာတောင် သတင်းစာဖတ်သူဆိုတာ မတွေ့ရသလောက် ရှားပါးပြီး သိလိုတဲ့ သတင်းတွေအတွက် အားလုံးလိုလိုက ဖုန်းတွေကိုပဲ အသုံးပြုကြတာကို သတိပြုမိပါတယ်။ တိဘက်က သာမန်စားသောက်ဆိုင်လေးတွေမှာ တယ်လီဗီးရှင်းမရှိပေမယ့် ဝိုင်ဖိုင်ကိုတော့ လွှင့်ပေးထားတာကို တွေ့ရပါတယ်။ ဆိုင်တိုင်းမှာ အင်္ဂလိပ်ဘာသာနဲ့ရော တိဘက်ဘာသာနဲ့ပါ ဝိုင်ဖိုင်သုံးစွဲနိုင်ကြောင်း ရေးသားထားပါတယ်။ ဒီနေရာမှာ ပြောစရာရှိတာက ပြည်မလို့ သူတို့ပြောတဲ့ ပေကျင်းလိုနေရာမှာ လမ်းတွေ၊ ဆိုင်တွေ၊ အညွှန်းစာတွေစတဲ့ အများအသုံးပြုတဲ့နေရာမှာ တရုတ်ဘာသာနဲ့သာ ရေးသားထားတာကြောင့် နိုင်ငံခြားသားခရီးသည် တစ်ယောက်အနေနဲ့ ဆက်သွယ်ရေး အရာရှိတွေသာမပါရင် သေချာပေါက် အခက်တွေ့မယ်လို့ တွေးမိတယ်။ ပေကျင်းမှာတော့ KTV ဆိုင်ကလွဲရင် ကျန်တဲ့ဆိုင်တွေအများစုကို တရုတ်ဘာသာနဲ့သာ ရေးသားထားတာဖြစ်ပါတယ်။

ပြီးတော့ အံ့အားသင့်တာကတော့ တရုတ်လူမျိုးတွေ အတော်များများ အသုံးပြုတဲ့ စမတ်ဖုန်းတွေဟာ တရုတ်နိုင်ငံ ထုတ်ကုန်တွေဖြစ်တဲ့ ဟွာဝေးတို့၊ ရှောင်းမီတို့၊ ဗီဗိုတို့ မဟုတ်ဘဲ အမေရိကန်ပစ္စည်း Apple ပဲဖြစ်ပါတယ်။ ဒီတော့ လွန်ခဲ့တဲ့နှစ်အနည်းငယ်က Apple က ထုတ်ကုန်တွေကို ဝယ်ချင်လို့ ကိုယ်တွင်းကလီစာကို ရောင်းဖို့ကြံတဲ့ တရုတ်လူငယ်လေးရဲ့ အကြောင်းကိုပါ မဆီမဆိုင်တွေးမိလာပြန်ပါတယ်။

နောက်ရက်မှာ လာရောက်ဆွေးနွေးတဲ့ အင်ဂျင်နီယာချုပ် Mr. Ye Xiangdong ကတော့ တရုတ်နိုင်ငံဟာ အီလက်ထရွန်နစ်ပစ္စည်းတွေ ထုတ်လုပ်နိုင်ဆုံးနိုင်ငံအဖြစ် ရပ်တည်နေပေမယ့် တီထွင်ဖန်တီးမှုအပိုင်းမှာတော့ အမေရိကန်၊ ဂျာမနီ၊ ဂျပန်တို့လို နိုင်ငံတွေကို အမီမလိုက်နိုင်သေးဘဲ အခြားနိုင်ငံတွေက ဖန်တီးပြီးသား နည်းပညာရပ်တွေအပေါ် ပြန်လည်ဖန်တီးမှု ပြုတဲ့ပုံစံနဲ့သာ ခရီးဆက်နေရကြောင်း ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးခဲ့ပါတယ်။ သူကတော့ တရုတ်ပြည်ကြီး ပိုပြီးအရှိန်အဟုန်နဲ့ ဖွံ့ဖြိုးချင်တယ်ဆိုရင် ကိုယ်တိုင်ဖန်တီးမှုတွေ လုပ်ဆောင်နိုင်ဖို့ လိုသေးကြောင်း ဝန်ခံခဲ့ပါတယ်။

အခုနောက်ပိုင်းနှစ်တွေမှာ လူအတော်များများက ဒစ်ဂျစ်တယ်မီဒီယာကိုသာ အသုံးပြုဖို့ ပိုပြီးစိတ်ဝင်စားလာတာက ကိစ္စတစ်ခုဖြစ်ပြီဆိုတာနဲ့ မိနစ်ပိုင်းလောက်နဲ့ ဒီသတင်းကို ချက်ချင်းသိနိုင်သလို စာဖတ်သူက သူ့ရဲ့ ထင်မြင်ချက်ကိုပါ ပြန်ပြီး ရေးသားနိုင်တာကြောင့် နှစ်လမ်းသွားပုံစံနဲ့ အသုံးပြုနိုင်တာက အဓိကအားသာချက်ဖြစ်နေပါတယ်။ ဒါကြောင့် Traditional Media လောကမှာ ကျင်လည်နေသူတွေအနေနဲ့ ခေတ်ပြောင်းသွားတာကို စိန်ခေါ်မှုတစ်ရပ်လို့ မမြင်ဘဲ အကောင်းဆုံးဘယ်လိုပုံစံနဲ့လိုက်ပါပြောင်းလဲကြမလဲဆိုတာသာ စဉ်းစားထားရမှာဖြစ်ပါတယ်။ ဆိုလိုတာက လက်ရှိမီဒီယာလုပ်ငန်းနဲ့တွဲဖက်ပြီး အွန်လိုင်းမီဒီယာကို ပီပီပြင်ပြင်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။ နိုင်ငံအတော်များများမှာ သတင်းစာတိုက်လို အချို့ မီဒီယာလုပ်ငန်းတွေ ပိတ်ပစ်ခဲ့ရပြီး အလုပ်လက်မဲ့ ဖြစ်ခဲ့ရတဲ့ မီဒီယာသမားတွေလည်းရှိတာကြောင့် အားလုံးက ဒစ်ဂျစ်တယ်မီဒီယာရဲ့ ခပ်ကျဲကျဲ လှမ်းလာတဲ့ ခြေလှမ်းတွေကို ရပ်တန့်စေချင်ကြပါတယ်။

**ဒါကြောင့် Traditional Media လောကမှာ ကျင်လည်နေသူတွေအနေနဲ့ ခေတ်ပြောင်းသွားတာကို စိန်ခေါ်မှုတစ်ရပ်လို့ မမြင်ဘဲ အကောင်းဆုံးဘယ်လိုပုံစံနဲ့ လိုက်ပါပြောင်းလဲကြမလဲဆိုတာသာ စဉ်းစားထားရမှာဖြစ်ပါတယ်။ ဆိုလိုတာက လက်ရှိမီဒီယာလုပ်ငန်းနဲ့ တွဲဖက်ပြီး အွန်လိုင်းမီဒီယာကို ပီပီပြင်ပြင်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။**

တကယ်တော့ အင်တာနက်ပေါ်ပေါက်လာခြင်းက လျှပ်စစ်ကို တွေ့ရှိခဲ့တဲ့ ဖြစ်စဉ်လိုပဲ ကမ္ဘာကို ပြောင်းလဲသွားစေခဲ့တဲ့ နောက်ထပ် ဖြစ်စဉ်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီအချိန်မှာ ဖယောင်းတိုင်၊ ရေနံဆီထုတ်လုပ်သူတွေလည်း စိုးရိမ်ခဲ့ကြမှာပါပဲ။ ဒါပေမယ့်အားလုံးက ခေတ်နဲ့အညီ လိုက်ပါပြောင်းလဲရတာဖြစ်လို့ ဘယ်သူကမှ ရေနံဆီမီးအိမ်၊ ဖယောင်းတိုင်တွေထွန်းပြီး ကျန်နေရစ်ခဲ့ကြမှာ မဟုတ်ပါဘူး။

လောလောဆယ် ဒစ်ဂျစ်တယ်မီဒီယာတွေက Traditional Media တွေလောက် ပရော်ဖက်ရှင်နယ် အရေးအသား၊ သတင်းအပေါ် တာဝန်ယူမှု၊ သတင်းခိုင်မာမှုအပိုင်းမှာ လိုက်မမီသေးပါဘူး။ နောက်ပိုင်းမှာတော့ အခုလျော့ကျနေတဲ့ အပိုင်းတွေကို ရာနှုန်းပြည့် ဖြည့်ဆည်းနိုင်တော့မယ်လို့ ထင်မြင်မိပါတယ်။ ဘယ်လိုပုံစံနဲ့ပဲ ချီတက်နေပါစေ အားလုံးက ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာသာ လှုပ်ရှားနေတာဖြစ်လို့ ဦးတည်ချက်အတူတူဆီကို ချီတက်နေတယ်လို့ ပြောလို့ရတာပါတယ်။ ဒါကြောင့် တစ်သားတည်းစိတ်နဲ့ ပြောင်းလဲမှုဆီကို အတူတူချီတက်ရင်း ပိုမိုလှပတဲ့အနာဂတ်ကို အားလုံးပိုင်ဆိုင်ကြမှာဖြစ်သလို အားလုံးကမီဒီယာလောကမှာ ကျင်လည်နေရသူတွေဖြစ်လို့ Traditional Media၊ New Media မခွဲဘဲ We Are One လို့ သဘောပိုက်ကာ ပြောင်းလဲမှုကို ကြိုဆိုလိုက်ကြရအောင်။ ။

# မြန်မာနိုင်ငံနေရာစုံမှ ရေဆေးပန်းချီပညာရှင် ၇၇ ဦး၏ ရေဆေးပန်းချီကား ၂၀၀ ကျော်ပြပွဲ ရန်ကုန်လောကနတ်တွင် ငါးရက်တိုင်စုစည်းကျင်းပမည်

**မုံရွာ ဩဂုတ် ၇**

မြန်မာနိုင်ငံနေရာအနှံ့မှ ရေဆေးပန်းချီဆရာအရွယ်စုံ၏ ရသစုံပန်းချီအလှသဘာဝများကို တစ်နေရာတည်းတွင် တစုတစည်းတည်း တွေ့မြင်ဝယ်ယူခံစားနိုင်မည့် တတိယအကြိမ်မြောက် ရေဆေးပန်းချီပြပွဲကို ATMOSPHER IN Water Colour အမည်ဖြင့် ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့လောကနတ်ခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဆေးပန်းချီဆရာပေါင်း ၇၇ ဦး၏ ရေဆေးပန်းချီကားပေါင်း၂၀၀ ကျော်ကို တစုတစည်းတည်းတွေ့မြင်နိုင်မည့် ပြပွဲဖြစ်သလို ဝါရင့်ပန်းချီဆရာကြီးများ၏ ရေးဟန်ရေးချက်၊ ခေတ်သစ်ပန်းချီဆရာများ၏ ရေဆေးလက်ချက်သွက်သွက်များကို တွေ့ရမည်ဖြစ်ပြီး ရေဆေး၏လေးနက်သော သဘောတရားနှင့်ရေဆေးပန်းချီပညာ၏ အတိမ်အနက်ကို သိရှိလိုသူများအနေဖြင့် ပြပွဲတွင် တွေ့ရမည့်ဆရာကြီးများထံ မေးမြန်းလေ့လာခွင့်ကိုရရှိစေမည်ဖြစ်ကြောင်း မုံရွာမြို့ ချင်းတွင်းရေကြည် ရေဆေးပန်းချီဆရာ ဦးမောင်မောင်စန်းထံမှ သိရသည်။

“ရေဆေးပြပွဲအပါအဝင် အမျိုးမျိုးသော ပြပွဲတွေ ပြုလုပ်ရာမှာ မိမိစိတ်ဆန္ဒရှိသလောက် ပါဝင်ပြသနိုင်ဖို့ကမလွယ်ပါဘူး။ အထူးသဖြင့် အလှမ်းဝေးလှတဲ့ အရပ်ဒေသက အချို့ရေဆေးပညာရှင်တွေ ပါဝင်ပြသမယ့်ပွဲဆိုရင်လည်း မမှားပါဘူး။ အခုလို စုစုစည်းစည်း ပြပွဲပြုလုပ်ပေးတာဟာ ရေဆေးပညာရှင်အားလုံး ရင်းနှီးခင်မင်ခွင့်ရသလို ကိုယ်ရေးဆွဲဖော်ထုတ်ထားတဲ့ အနုပညာကို ဖော်ထုတ်ခွင့်ရတာဖြစ်တဲ့အတွက် ဒီလိုပွဲမျိုးများများ ဖြစ်စေချင်ပါတယ်”ဟု ဦးမောင်မောင်စန်းက ပြောသည်။

စုပေါင်းရေဆေးပန်းချီပြပွဲတွင် ရန်ကုန်မြို့မှ ရေဆေးပန်းချီဆရာ ၃၇ ဦး ပါဝင်ရေးဆွဲပြသမည်ဖြစ်ပြီး မုံရွာမြို့မှ ချင်းတွင်းရေကြည်ပန်းချီဆရာကိုးဦး၊ လှည်းကူးမှနှစ်ဦး၊ ပုဂံမှခြောက်ဦး၊ ပြည် မှ ငါးဦး၊ ကလေးမှလေးဦး၊ မန္တလေးမှရှစ်ဦးနှင့် တောင်ကြီးမှ ငါးဦး စုစုပေါင်း ၇၇ ဦးက ရွက်ပြည့်ဆိုက်ပန်းချီကား၊ တစ်ဝက်ချိုးဆိုက်ပန်းချီကားများအပါအဝင် ဆိုက်အမျိုးမျိုး၊ ရေးချက်အသွယ်သွယ်၊ ရှုထောင့်အစုံဖြင့် ရေးဆွဲထားကြကြောင်းသိရသည်။

“ပြပွဲမှာရန်ကုန်က အကျော်အမော် ပန်းချီဆရာ ကိုလှတင်ထွန်း၊ ကိုတင်အောင်ထိုက်တို့ပါဝင်သလို မုံရွာက ကိုအောင်မောင်း၊ ကိုညိုသိမ်း၊ ကိုရဲမြင့်၊ မန္တလေးက ကိုခင်မောင်သန်း၊ ကိုခင်မောင်စန်းတို့လို ရေဆေးအကျော်အမော်တွေကို တစုတဝေးတည်းတွေ့ရမယ့်ပွဲပါ။ ဒါမျိုးပွဲကိုစောင့်ပြီး အားပေးမယ့်သူတွေရှိပါတယ်။ ဝါသနာအရင်းခံပြီး ပြပွဲစောင့်နေတဲ့ပန်းချီဝါသနာရှင်တွေအတွက်ကတော့ တန်ဖိုးရှိတယ်လို့ဆိုရမှာပါ”ဟု ရန်ကုန်မြို့နေ မုံရွာသားတစ်ဦးက ပြောသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# ပြည်တွင်းရေးရာ

❑ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးမြို့မှ တပ်မတော် ရဟတ်ယာဉ်များဖြင့် မင်းဘူးမြို့သို့ ရောက်ရှိကြပြီး မင်းဘူးမြို့ မှန်ကင်းဘုန်းတော်ကြီး ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တသာသနဓဇ အမျုးပြုသည့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဆိုပါကျောင်းတိုက် မြသုခဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများအား ပေးအပ်သည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာ ဘုရားကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒက အမျုးပြုသည့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကုန်းဇောင်းကျေးရွာစက်တန်းရပ်တာ၌ ကုန်းဇောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများ၏အခြေအနေများနှင့် ရေဝင်ရောက်မှုအခြေအနေများကိုကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် ပခုက္ကူမြို့ ရွှေသိမ်တော်ဓမ္မရိပ်သာ၌ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ အမျုးပြုသည့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်ယာယီဓမ္မာရုံအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အဆိုပါထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားများ၌ နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားရာတွင် ယခုကဲ့သို့ အခက်အခဲများရင်ဆိုင်ကြုံတွေ့ရသည့်အခါများတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပြည်သူလူထုနှင့် လူမှုအဖွဲ့အစည်းအသီးသီးတို့က စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်ကို တွေ့မြင်ရသဖြင့် ဝမ်းသာမိပါကြောင်း၊ ထိုကဲ့သို့ မိသားစုဆွေမျိုးအရင်းအချာသဖွယ် တတ်နိုင်သည့်ဘက်မှ ပံ့ပိုးကူညီကြသည့်အတွက်လည်း အားတက်မိပါကြောင်း၊ ကြုံတွေ့ရသည့်အခက်အခဲများနှင့်ပတ်သက်၍ လတ်တလောလိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုဖြစ်စဉ်များတွင် မြို့နယ်ပေါင်း ၁၅ မြို့နယ်မှ ရပ်ကွက်နှင့်ကျေးရွာ ၃၆၀၊ အိမ်ထောင်စု ၃၁၄၄၁ စုတို့အား ရေဘေးကင်းလွတ်သည့်ကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး နိုင်ငံတော်အစိုးရနှင့် အလှူရှင်များက ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ပဲအမျိုးမျိုး၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် အလှူငွေအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၂၂၀၀ ကျော် ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပခုက္ကူမြို့ ရွှေသိမ်တော်ဓမ္မရိပ်သာရှိ ယာယီဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူတစ်ဦးအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာ ဘုရားကြီးကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရေဘေးသင့်ပြည်သူတစ်ဦးအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)



ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး ရေဘေးသင့်ပြည်သူတစ်ဦးအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)

## ဧရာဝတီမြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် တစ်ပေခန့်၊ ညောင်ဦးမြို့တွင် သုံးပေခန့်၊ ချောက်မြို့တွင် ပေဝက်ခန့်၊ မင်းဘူးမြို့တွင် သုံးပေခွဲခန့်၊ မကွေးမြို့တွင် သုံးပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့တွင် နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ချောက်မြို့၊ နောက်နှစ်ရက်အတွင်း ညောင်ဦးမြို့နှင့် နောက်သုံးရက်အတွင်း မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## ပြည်တွင်းရေးရာ

**✱ ကျောဖုံးမှ**

ယာယီဆေးခန်းဖွင့်လှစ်၍ ကုသမှုပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထန်ခေါ်လာမားကျေးရွာမှ လူနာ ငါးဦး၏ သွေးနမူနာကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်မြို့)သို့ ပေးပို့စစ်ဆေးခဲ့ရာ လူနာသုံးဦးတွင် Measles IgM Ab ELISA – Positive ဖြစ်ကြောင်း ဩဂုတ် ၅ ရက်တွင် အကြောင်းပြန်ကြားခဲ့သဖြင့် အဆိုပါဖြစ်စဉ်ကို ဝက်သက်ရောဂါအစုလိုက်ဖြစ်ပွားမှုဟုသတ်မှတ်၍ ဒေသတွင်း ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ဝက်သက်ရောဂါတုံ့ပြန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၅ ရက်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ဆရာဝန်ကြီးနှင့် ၄က်ဖျားဆရာဝန်ကြီးခေါင်းဆောင်သော ဗဟိုအဆင့်ကွင်းဆင်းအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ဆရာဝန်နှင့် ခန္တီးခရိုင်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်တို့ပါဝင်သော ကွင်းဆင်းအဖွဲ့တို့သည် တပ်မတော်ဆေးအဖွဲ့နှင့်ပူးပေါင်း၍ လဟယ်မြို့နယ် ထန်ခေါ်လာမားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

နန်းယွန်းမြို့နယ်ရှိ ကျေးရွာများတွင် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၂ ရက်အထိ ဖျားခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ ခန္ဓာကိုယ်ရောင်ရမ်းခြင်း လက္ခဏာများဖြင့် အသက်(၅)နှစ်အောက် ကလေး ၁၁ ဦး၊ အသက်(၂၄)နှစ် တစ်ဦး၊ အသက်(၅၄)နှစ် တစ်ဦး သေဆုံးသူစုစုပေါင်း ၁၃ ဦးရှိကြောင်း သတင်းရရှိသဖြင့် ဩဂုတ် ၃ ရက်တွင် ဒုံဟီးတိုက်နယ်ဆရာဝန် ဦးဆောင်သော ကွင်းဆင်းအဖွဲ့က သွားရောက်၍ ဆေးကုသမှုပေးခြင်း၊ ရောဂါဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဗဟိုအဆင့်ကွင်းဆင်းအဖွဲ့သည် နန်းယွန်းမြို့နယ်အတွင်းရှိ အဆိုပါကျေးရွာများသို့လည်း ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ရာသီဥတုအခြေအနေ ကောင်းမွန်ပါက တပ်မတော်ရဟတ်ယာဉ်များအသုံးပြု၍ ကွင်းဆင်းဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပြီးဖြစ်သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသံလွင်ထွန်းတို့ ဦးဆောင်၍ ကူးစက်ဆရာဝန်ကြီး ငါးဦးပါဝင်သော ကွင်းဆင်းအဖွဲ့က ဩဂုတ် ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်သို့ရောက်ရှိပြီး ဆေးကုသရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ ဝက်သက်ရောဂါတုံ့ပြန်ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် နာဂဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## အင်ပူမြို့နယ် ကွင်းကောက်-ကျွဲသောင်တာ ကျိုးပေါက်မှုဖြစ်ပွား

**အင်ပူ ဩဂုတ် ၇**

ဟင်္သာတခရိုင် အင်ပူမြို့နယ်တွင် ဩဂုတ် ၆ ရက်က ချောင်းရေမြင့်တက်မှုကြောင့် ကွင်းကောက်-ကျွဲသောင်တာကျိုးပေါက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ တာကျိုးပေါက်မှုမှာ ရုတ်တရက်ချောင်းရေမြင့်တက်လာပြီး ကျီကြီးကျေးရွာအုပ်စု ကျီကြီးကျေးရွာနှင့် တူးမြောင်းကျေးရွာသို့ ဆက်သွယ်ထားသော လယ်သမားတာ (အမြင့် ၁၂ ပေ၊ အကျယ်ရှစ်ပေ)တွင် အလျား ၇၅ ပေခန့် တာပေါ်ရေကျော်မှုကြောင့် ကွင်းကောက်-ကျွဲသောင်တာတွင် ပေ ၅၀ ခန့် ကျိုးပေါက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး လယ်ဧက ၁၅၀၀ ခန့် ရေဝင်နစ်မြုပ်ခဲ့ကြောင်းနှင့် မည်သည့်ဆုံးရှုံးမှုမျှမရှိကြောင်း၊ တာဝန်ရှိသူများက ရေကျော်နေသော လယ်သမားတာကို ရေကာရိုက်ခြင်း၊ သဲအိတ်ချခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် လူနေအိမ်အချို့နစ်မြုပ်

**ညောင်တုန်း ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် စိုးရိမ်ရေမှတ်နှင့် အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေအထက်သို့ကျော်လွန်နေပြီး ဩဂုတ် ၇ ရက် ညနေ ၄ နာရီတွင် ၂၆ ဒသမ ၃၀ ပေထိမြင့်တက်လာရာ အမှတ်(၁)ရပ်ကွက် စံအောင်တာအနီး လူနေအိမ်အချို့ ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**



## မိုးရွာသွန်းမှုကြောင့် မြေသားနိမ့်ကျသွားသဖြင့် လူနေအိမ်များပြောင်းရွှေ့

**ဟားခါး ဩဂုတ် ၇**

ဇူလိုင် ၂၈ ရက် ညပိုင်းတွင် မိုးရွာသွန်းမှုကြောင့် ဟားခါးမြို့ မြို့သစ်ရပ်ကွက် အမှတ်(၂) မြို့သစ်အိမ်ရာရှိ ပိုင်ရှင်ဦးဒေါ့ကမ်း၏ အိမ်အမှတ်(၃၉၀)၊ ပိုင်ရှင် ဒေါ်မငယ်၏ အိမ်အမှတ်(၃၉၁)တို့မှာ မြေသားအက်၍ နိမ့်ကျသွားပြီး နေအိမ်များယိမ်းယိုင်နေသည့်အတွက် အန္တရာယ်ကင်းစွာဆက်လက်နေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူများက နေအိမ်များကို ပြောင်းရွှေ့ပေးခဲ့သည်။ အက်နေသောမြေသားအတွင်း မြေများဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ နေအိမ်များထပ်မံနိမ့်ကျယိမ်းယိုင်ခြင်းမရှိစေရန် သစ်များဖြင့် ချုပ်တန်းရိုက်ခြင်းတို့ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**





## ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သဲအိတ်များထပ်ဆင့်ခြင်းဆောင်ရွက်

**မအူပင် ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်အတွင်း မြစ်ရေမြင့်တက်မှုကြောင့် ပြည်သူများ သဘာဝဘေးမကြုံတွေ့စေရန်အတွက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ညနေ ၄ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြစ်ရေမြင့်တက်လာပါက ကာကွယ်နိုင်ရေးအတွက် ဩဂုတ် ၃ ရက်မှစတင်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို သက်ဆိုင်ရာအလိုက် တင်ပြဆွေးနွေးကြသည်။ ယင်းနောက် အမှတ်(၁)ရပ်ကွက် ကမ်းနားတာပေါ်ရှိ ရွှေမာလာကူးတို့ဆိပ် တိုးမြစ်ကမ်းဘေး မြစ်ရေမြင့်တက်ပါက စိုးရိမ်ရသည့်အတွက် ညနေ ၆ နာရီက တာဝန်ရှိသူများနှင့်အတူ မြို့နယ်မြို့မစခန်းမှ စခန်းမှူးသိန်းနိုင်အေး ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်တာဝန်ခံ ဦးကျော်ထွန်းဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မြစ်ကမ်းဘေးတွင် သဲအိတ်များထပ်ဆင့်ချထားခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

**○ ရှမ်းယူနိုက်တက်မှ**

များကို ၇၃ မိနစ်တွင် ရန်နိုင်ဦး၊ ၈၄ မိနစ်တွင် မက်ဆီမင်တို့က သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ပွဲချိန် ၁၃ မိနစ်ကျော်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ကွင်းအတွင်းရေများဝပ်ခဲ့သောကြောင့် ပွဲရပ်နားခဲ့ရသည်။ ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများနှင့် ဒိုင်လူကြီးများသည် ပွဲအခြေအနေကို မိနစ် ၃၀ အထိစောင့်ကြည့်ခဲ့သော်လည်း ရာသီဥတုအခြေအနေမှာ ဆိုးရွားနေသောကြောင့် ပွဲရပ်နားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပွဲရပ်နားချိန်တွင် ရန်ကုန်အသင်းက နောက်ခံလူ ယာမာရှီတာသွင်းယူသည့်ဂိုးဖြင့် ဦးဆောင်လျက်ရှိပြီး ပွဲပြန်လည်ကစားရာတွင် ယင်းရလဒ်အတိုင်း လက်ကျန်မိနစ်များကို ပြန်လည်ကစားရမည်ဖြစ်သည်။ MNL ပြိုင်ပွဲကျင်းပရေးကော်မတီသည် ပွဲကစားမည့်ရက်ကို ဩဂုတ် ၁၈ ရက်(သို့) ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ တောင်ငူကွင်း၌ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့ ဂိုးမရှိသရေကျသွားသည်။

ပွဲစဉ် ၂၀ အပြီးတွင် ချန်ပီယံရတနာပုံအသင်းက ၄၈ မှတ်ရရှိထားပြီး မကွေးအသင်းက ၃၈ မှတ်၊ ရန်ကုန်အသင်းက ၃၃ မှတ်၊ ရှမ်းယူနိုက်တက်နှင့် ဧယျာဝတီမြေအသင်းက ၃၂ မှတ်စီ၊ ဧရာဝတီအသင်းက ၃၁ မှတ်၊ ဟံသာဝတီအသင်းက အမှတ် ၃၀၊ ဇွဲကပင်အသင်းက ၂၅ မှတ်၊ ချင်းယူနိုက်တက်က ၂၃ မှတ်၊ ရခိုင်အသင်းက ၁၆ မှတ်၊ Southern အသင်းက ၁၃ မှတ်၊ Horizon အသင်းက ခြောက်မှတ် ရရှိထားသည်။ ရန်ကုန်နှင့် ဧယျာဝတီမြေပွဲမှာ ရွှေ့ဆိုင်းခဲ့ရသောကြောင့် ၁၉ ပွဲစီသာ ကစားခဲ့ရသေးသည်။

**(ရှိုင်းထက်ဇော်)**

ကြေးမုံ
ဩဂုတ် ၈၊ ၂၀၁၆

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ


**နေပြည်တော် ဩဂုတ် ၇**
မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**


| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်-လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁. ၄၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း-ဖလမ်းမြို့ | ၁၉၅၄ | ၀. ၇၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း-ကလေးမြို့ | ၅၂၀၀၀ | ၂. ၄၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၆၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး-တောင်ငူမြို့ | ၃၅၂၀၀ | ၀. ၁၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး-ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၁. ၂၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၂၆၁၈၆ | ၀. ၄၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၁၈၉၁၂ | ၀. ၆၀' |
| ၉။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး-ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၉၉' |
| ၁၀။ | ဝဲကြီးရေလှောင်တမံ | ပဲခူး-ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၉၀' |
| ၁၁။ | သဲကောရေလှောင်တမံ | ပဲခူး-လက်ပံတန်းမြို့ | ၅၂၅၀၀ | ၁. ၆၅' |
| ၁၂။ | မုန်းချောင်းရေလှောင်တမံ | မကွေး-စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၆. ၃၀' |
| ၁၃။ | မန်းချောင်းရေလှောင်တမံ | မကွေး-ငဖဲမြို့ | ၁၂၀၀၀၀ | ၀. ၉၀' |
| ၁၄။ | ရင်းရှည်ရေလှောင်တမံ | မကွေး-ငဖဲမြို့ | ၂၆၀၀ | ၀. ၄၀' |
| ၁၅။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး-ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၇. ၃၀' |
| ၁၆။ | မြစ်သာရေလှောင်တမံ | မကွေး-ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၅၀' |
| ၁၇။ | မဒေးရေလှောင်တမံ | မကွေး-ကံမမြို့ | ၅၃၉၀၈ | ၀. ၅၀' |
| ၁၈။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်-ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၄၀' |
| ၁၉။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်-နမ္မတူမြို့ | ၂၅၉၀၀ | ၀. ၈၀' |
| ၂၀။ | ကွန်ချောင်းရေလှောင်တမံ | ဧရာဝတီ-ကြံခင်းမြို့ | ၉၈၄၀၀ | ၀. ၃၀' |
| ၂၁။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ-အင်္ဂပူမြို့ | ၄၀၄၈၇ | ၁. ၄၀' |
| ၂၂။ | ကညင်ရေလှောင်တမံ | ဧရာဝတီ-အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၅၀' |

**သန်းဦး(လေးမျက်နှာ)**


# ချောက်၊ မအူပင်၊ ငါးသိုင်းချောင်း၊ အောင်လံ၊ မကွေးနှင့် ညောင်ဦးမြို့များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေမှတ်ကျော်လွန်လျက်ရှိ




ချောက်မြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




မအူပင်မြို့ တိုမြစ်ရေအခြေအနေ (စင်တီမီတာ)




ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေအခြေအနေ (စင်တီမီတာ)



အောင်လံမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)



မကွေးမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)



ညောင်ဦးမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)



# ဒါးကကျေးရွာအနီး ပုသိမ်-ရန်ကုန်အဝေးပြေးကားလမ်းမ ရေကျော်

**ကန်ကြီးထောင့် ဩဂုတ် ၇**
ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာအနီး ပုသိမ်-ရန်ကုန်ကားလမ်းမတွင် ဩဂုတ် ၆ ရက်မှစ၍ ဒါးကမြစ်ရေမြင့်တက်မှုကြောင့် ကားလမ်းမပေါ် လက်မဝက်ခန့်ရေများမြင့်တက်လာရာ ဩဂုတ် ၇ ရက်တွင် မိုင်တိုင်အမှတ်(၂၁/၆)နှင့်(၂၂/၀)အကြားတွင် ရေအနက် ခြောက်လက်မခန့် ရေကျော်လျက်ရှိပြီး တာဝန်ရှိသူများက ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေများထပ်မဝင်နိုင်စေရန် လမ်းပခုံးကို ကျောက်များ ချခြင်း၊ သဲအိတ်များဖြင့် တာဖို့ခြင်း၊ ကျောက်များစီ၍ဖို့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကားလမ်းမဘေးရှိ မန္တလေး ကုန်းတာအရှည် ပေ ၄၆၀၀၊ အမြင့် ၁၀ ပေရှိတာကို ရေကျော်မှုမရှိစေရန် ကျူတန်း၊ ညောင်ချောင်း၊ ကည္ဟတ်ကုန်း၊ ကွမ်းသီးပင်ဆိပ်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ သဲအိတ် ၅၀၀ ခန့်ဖြင့်တာဖို့ခြင်း၊ ရိုင်များကာသဲအိတ်ထည့်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

ဥတုရာသီ
တောကိုမှီ၍

# ရုပ်မြင်သံကြားအစီအစဉ်များ

[၈ - ၈ -၂၀၁၆ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား *Entertainment Channel*

ညပိုင်း
၆:၀၀ အဖွင့်
မိုးလေဝသအစီအစဉ်
တေးဂီတအစီအစဉ်
၆:၂၅ ကာတွန်းအစီအစဉ်
"*Ah My Goddess*"
(အပိုင်း-၁)
၇:၁၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ"
(အပိုင်း-၅၇)
၇:၅၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ကိုယ့်ဘဝ ကိုယ့်အိပ်မက်"
(အပိုင်း-၁၇)
၈:၃၀ *MRTV Entertainment Music*
၈:၄၅ တောင်ပြုံးနတ်ပွဲ
(အပိုင်း-၁)
၉:၁၅ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉:၂၅ ပြည်သူ့နီတိ
"ရေမြင့်သည့်ကြာ ပဒုမ္မာသို့"
၉:၄၅ မြင်းလှည်းဆရာ
၉:၅၅ မြန်မာဗီဒီယိုဇာတ်လမ်း
"သက်တံမျက်ရည်"
၁၂:၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား *News Channel*

၆:၀၀ တောင်တန်းသာသနာပြု
ဆရာတော်ကြီးပရိတ်တရားတော်
၇:၃၅ ပြည်သူတို့ရဲ့စကားသံများ
၈:၃၅ မြန်မာ့အသိုက်အဝန်းထဲမှ
အမျိုးသမီးများ
၉:၃၅ "ဒေသအတွင်းဗိသုကာကို
တည်ဆောက်နေသည့် အာဆီယံ"
၁၀:၃၅ စိုက်ပျိုးရေးရာအဖြေရှာအစီအစဉ်
"သီးနှံပိုးမွှားကာကွယ်ဖို့
ဘက်စုံနည်းကိုသုံးကြစို့"
၁၁:၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁:၃၅ မြန်မာ့ရုပ်မြင်သံကြား
လူငယ်အစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၁)
၁:၃၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
"စားတယ်"
၁:၄၅ ငယ်မူပဟန်ပန်သူ့ဆိုဟန်(တင်တင်မြ)
"တစ်ကျော့နှစ်ကျော့တေးကိုသီ"
၂:၀၀ "အိပ်မက်ထဲကအတိုင်း"
၂:၃၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ
ချစ်တဲ့ကာလပေါ်တေးအရသာ
"နောက်နှောင်းဆီက
ကောက်ကြောင်းဂီတ"
(ဂီတရိပ်သာ)
(အပိုင်း-၁၆၅)
၃:၃၅ Tasty Trip"ပင်းတယမြို့ရဲ့
အသည်းနှလုံးများ"
၄:၁၀ အဝေးသင်တက္ကသိုလ်ပညာရေး
ရုပ်မြင်သံကြားသင်ခန်းစာ
ပထမနှစ်(ဥပဒေပညာအထူးပြု)
(ဥပဒေပညာ)
၄:၃၅ လူမှုစီးပွားမြင်ကွင်းများ
၅:၂၀ "အပြုံးပန်းဝေစည်
ကမ္ဘောဇရှမ်းဌာနေဆီ"
၅:၃၅ Yes or No Talk Show
(Personal Development&
Society Development) (Part-2)
၆:၃၅ ဥပဒေရေးရာအဖြာဖြာ
"နောက်မှရတဲ့နောင်တ"
(ရဲဦး၊ ဟိန်းထွဋ်ဝင်း၊ ဒိတ်ဒိတ်)
ဒါရိုက်တာ-ဝေဠု(ဝသန်)
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"(အပိုင်း-၇၄)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
သတင်း၊မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း၊
-မျက်မှောက်ရေးရာသုံးသပ်စရာ
-နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"
(အပိုင်း-၅၂)
-နိုင်ငံခြားဇာတ်လမ်းတွဲ
"အချစ်တဲ့လား"(အပိုင်း-၂၉)
-"နေမဝင်အလှများ"
(အဆိုတော်မာမာအေးနှင့်
တွေ့ဆုံခြင်း)(အပိုင်း-၃)

## မြဝတီရုပ်မြင်သံကြား

၆:၀၃ တရားတော်
၈:၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈:၁၅ ရွှေဟောင်းသုတ
၈:၂၀ DVD Hits
၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉:၁၀ နှစ်(၇၀)ကျော်ကြားတေးများ
၉:၂၀ ကျန်းမာသုတ
၉:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၁၀:၀၀ Casual Talk
၁၀:၁၅ အစွန်းလွတ်ရာဆီသို့
၁၀:၂၅ မေးမြန်းစူးစမ်း
၁၀:၄၅ သီချင်းလက်ဆောင်
၁၁:၁၀ မြန်မာ့ရှုခင်း
၁၁:၂၅ ပျိုပျိုမေ
၁၁:၃၅ Cooking Art
၁၂:၀၀ အောင်မြင်ကျော်ကြား
ဓာတ်ပြားရတေးများ
၁၂:၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂:၄၅ Guide For You
၄:၂၀ စိုက်ပျိုးသုတ
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မင်းသမီးနဲ့ကျွန်တော်
အပိုင်း(၄၄)
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အရုဏ်ဦးရဲ့ချစ်ပန်းသခင်
(အပိုင်း-၄၄)
၆:၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ချစ်သူတို့စိတ်ဝမ်း
အေးချမ်းပါစေ (အပိုင်း-၅၈)
-ဘောလုံးကန်ကြမယ်
-ကြယ်ကလေးတို့ရဲ့
ဂီတမိုးကောင်းကင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"အဏ္ဏဝါချစ်သူ"
အပိုင်း(၁၁)

## *MRTV-4*

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်၊
၅:၄၀ "ဘယ်ကလာသလဲ
ဘယ်ကိုသွားသလဲ" တရားတော်
(ဆရာတော် အရှင်သာမိန)
၈:၀၀ "မင်္ဂလာပါ"
The Morning Show
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၁၅ သွားမယ် စားမယ်
(The Corriandar Leaf)
၁၂:၃၅ အနုပညာမိုးကောင်းကင်
၃:၄၀ ရန်ကုန်မြင်ကွင်းကျယ်
(Rolls- Royce Service Centre
Opening Ceremony)
၄:၀၀ Cartoon Series
(Welcome To Sky Ville)
၆:၁၀ *Health Fix*
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သူပေးတဲ့ကတိစကား"
(အပိုင်း-၂၇)
၇:၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို" (အပိုင်း-၂၃)
၈:၁၀ Drive It
၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၇၄)
၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သူရသတ္တိ မိန်းမလှလေး"
(အပိုင်း-၆)
၉:၅၅ အနုပညာမိုးကောင်းကင်
၁၀:၁၅ MRTV-4 Stage
၁၀:၄၅ World Of Knowledge
(Spine Chillers Vampire
Bats)

# မြန်ပြည်ထိပ်ဖျား ပန်ဝါမြေက အနုပညာကြယ်တစ်ပွင့် ချော်ဇန်လွှမ်းနော (ခ)C လွှကျားနော

**သန့်ဇင်ဝင်း**

မြန်မာနိုင်ငံ၌ ဒေသအလိုက် မိမိတို့ရိုးရာ၊ ယဉ်ကျေးမှု၊ အနုပညာလုပ်ငန်းများ ထွန်းကားလျက်ရှိပြီး ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းမှုအပေါ် မူတည်၍ ၎င်းတို့၏ အနုပညာလုပ်ငန်းများတွင်လည်း ထွန်းကားလျက်ရှိရာ နယ်စပ်ဒေသမှတိုင်းရင်းသားများ နေပြည်တော်ကို လေ့လာရေးရောက်လာသည့် ကချင်ပြည်နယ်၌ ပင် တိုင်းရင်းသားဘာသာစကားများဖြင့်သာ အနုပညာလုပ်ငန်းများဆောင်ရွက်လျက်ရှိသော ပန်ဝါမြို့မှ လော်ဝေါ် တိုင်းရင်းသူ သရုပ်ဆောင်ချော်ဇန်လွှမ်းနော (ခ) C လွှကျားနောနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

**ညီမအနုပညာလုပ်ငန်းကို ဘယ်ကစလုပ်ဖြစ်တာလဲ။ ဘယ်အသက်အရွယ်ကလဲ၊ အခုအသက်ဘယ်နှနှစ်ရှိပြီလဲ ပြောပြပေးပါဦး။**

အလင်းသစ်က ဖွင့်လှစ်ထားတဲ့ အနုပညာသင်တန်းတက်ရာကစခဲ့တာပါ။ ဒါရိုက်တာကတော့ ဆရာနချူ ဆရာဇခမ်းစိန်နှင့် ကချင်မင်းသား ဒါရိုက်တာ ကိုဒေါင်လွှကျားတို့က အထူးကူညီသင်ကြားခဲ့ပါတယ်။ အလင်းသစ်နဲ့ ရန်ကုန်က မတင်မိုးလွင်ဆီမှာလည်း *Cat-Walk* လျှောက်တဲ့သင်တန်းတက်ခဲ့ဖူးပါတယ်။ ၂၀၁၀ခုနှစ်က စတင်သရုပ်ဆောင်ခဲ့တာပါ။ အဲဒီအချိန်က အသက်က (၁၉)နှစ်ပါ။ အခုတော့ (၂၀)ကျော်ပြီပေါ့။ (၃၀)တော့ မရောက်သေးဘူးပေါ့။

**အခု ရုပ်ရှင်၊ ဗီဒီယိုဘယ်နှကားရိုက်ပြီးပြီလဲ။ ညီမကဖော်ရွှေပြီးတက်ကြွတယ်၊ ရိုးရာအကလည်း ကတတ်တယ်၊ တခြားအနုပညာတွေကော ဘာတွေလုပ်သေးလဲ။**

ဇာတ်ကားက(၁၀)ကားလောက် ရှိပါပြီ။ *MTV* က ဆယ်ခုကျော်ပါပြီ။ တစ်ကားက နန်းခင်ဇေယျာနဲ့ရိုက်ထားတာပါ။ ညီမက ကချင်ပြည်နယ်မှာ လော်ဝေါ် ကားပဲရိုက်တာပါ။ တိုင်းရင်းသား ဘာသာနဲ့ပေါ့။ မြန်မာအနုပညာလောကမှာတော့ ညီမတို့အနေနဲ့ ဝင်ဖို့ကမလွယ်ပါဘူး။ လက်လှမ်းမမီတဲ့ သဘောပေါ့။ အခြားအနုပညာကတော့ ကျွန်မတို့ အလင်းသစ်အဖွဲ့မှာ တေးသရုပ်ဖော်အကတွေ ကဖြစ်ပါတယ်။ အလင်းသစ်က ရိုက်တဲ့ ပြကွဒိန်နဲ့ ရိုးရာယဉ်ကျေးမှုက ရိုက်တဲ့ ပြကွဒိန် အနည်းအကျဉ်းရိုက်ဖြစ်ပါတယ်။

**ညီမဇာတ်ကားအမည်တွေမှတ်မိသလောက်ပြောပြပါလား။ နောက်အနုပညာနဲ့ပတ်သက်ပြီး ဘာတွေ ဆက်ကြိုးစားဖို့ရှိလဲ။**

မြန်မာလိုဘာသာပြန်ထားပေးရရင် (၁)ချစ်သည့်မှန်သော်၊ (၂)ချစ်စကားတစ်ခွန်း၊ (၃)ဘဝလှိုင်း (၄) ငြိုးမာန်ပြေစေသောငွေရောင်နေ့ရက်များ၊ (၅)အဘယ်ကြောင့်ဆိုသော်၊ (၆)အမုန်းအဘိဓာန် ဇာတ်ကားတို့ပါ။ အဲဒီလောက်ပဲ မှတ်မိတော့တယ်။ နည်းတာ၊ များတာကအဓိကမဟုတ်ပါဘူး။ အနုပညာလုပ်ရတာ ကျွန်မကဝါသနာအရရိုက်တာပါ။ အခြားအနုပညာကတော့ ကျွန်မတို့ အလင်းသစ်အဖွဲ့မှာ တေးသရုပ်ဖော်အကတွေကဖြစ်ပါတယ်။

**ဇာတ်ကားတစ်ကားရိုက်ရင် ဘယ်နှရက်ကြာလဲ။**

ပေါ့ပေါ့ပါးပါးဆိုရင် တစ်ပတ်၊ ဆယ်ရက်လောက်ကြာပါတယ်။ ကျွန်မတို့ဘက်မှာက လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့ အတွက် တစ်ကားရိုက်ဖို့ဆို တစ်ခါတလေဆိုရင် ရက် ၂၀၊ တစ်လလောက် ကြာပါတယ်။

**ညီမရဲ့ ပရဟိတတွေဘယ်လိုလုပ်ဆောင်နေလဲဆိုတာ ပရိသတ်ကြီးကို ပြောပြပေးပါဦး။**

လွန်ခဲ့တဲ့နှစ်တွေကစပြီး ကျွန်မတို့ဆရာကြီးဇခမ်းစိန်ဦးဆောင်တဲ့ အလင်းသစ်မီဒီယာ သာသနာဆိုတဲ့အဖွဲ့က နယ် ပရဟိတလုပ်ငန်းလုပ်လာခဲ့တာ ၁၀နှစ်ကျော်ပါပြီ။ ၂၀၀၂ ခုနှစ်ကစပြီး ဆရာကြီးက ဦးဆောင်လုပ်ပြီး ကျွန်မလည်း လွန်ခဲ့တဲ့လေး၊ ငါး၊ ခြောက်နှစ်ကနေ ဒီအဖွဲ့အစည်းမှာ ပါဝင်ခဲ့ပါတယ်။ နှစ်တိုင်းလိုလို ပရဟိတ လူမှုအကျိုးပြုလုပ်ငန်းတွေ လုပ်ဖြစ်ပါတယ်။ အထူးသဖြင့်တော့ ဆင်းရဲနွမ်းပါးတဲ့လူတွေ၊ စစ်ရှောင်စခန်းတွေမှာ သွားလှူလေ့ရှိပါတယ်။ အခု တလောလည်း ခရီးစဉ်ရှိပါတယ်။ ဒါပေမယ့် ကျွန်မက နေပြည်တော်ကို လေ့လာရေး ဖိတ်ကြားခံရတဲ့ အတွက်ကြောင့် မလိုက်ဖြစ်ပါဘူး။ ကျွန်မတို့အဖွဲ့က အခုနယ်လှည့်နေပါတယ်။ အခမဲ့ဆေးဝါးကုသတာတွေ၊ ဘိုးဘွားတွေကို ပြုစုစောင့်ရှောက်တာတွေ၊ ကျန်းမာရေးဟောပြောပွဲတွေ အခမဲ့ပြုလုပ်နေပါတယ်။

**ညီမရဲ့ပညာရေးနဲ့ အချစ်ရေးအခြေအနေကကော။**

*BA(Geog:)*နဲ့ ကျောင်းပြီးထားပါတယ်။ အချစ်ရေးကတော့ ကျွန်မက အနုပညာလုပ်ငန်းကို ငယ်ငယ်ကတည်းက ဝါသနာပါတဲ့အတွက်ကြောင့် အချစ်ကိုစဉ်းစားဖို့ အချိန်တန်ပေမယ့်လည်း အချစ်ရေးကို မစဉ်းစားဖြစ်သေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မက အလှမ်းဝေးလှတော့ ဒီအနုပညာပန်းတိုင်ကို မျှော်ကြည့်နေသေးတဲ့အတွက်ကြောင့်ပါ။



# ဂီတသက်တမ်း ၁၀ နှစ်ကျော်အတွေ့အကြုံများ မျှဝေခဲ့သည့် HyunA

ဂီတပိုင်းဆိုင်ရာလှုပ်ရှားမှုများကို အားတက်သရောဆောင်ရွက်လေ့ရှိသူ တေးသံရှင် HyunA က အနုပညာသက်တမ်း ၁၀ စုနှစ်တစ်ခုကျော် လျှောက်လှမ်းလာခဲ့ပြီးနောက် ၎င်း၏အတွေ့အကြုံများကို အင်တာဗျူးတစ်ခုတွင် ပရိသတ်ကြီးအား မျှဝေခဲ့သည်။

"အနုပညာလုပ်ငန်းနဲ့ပတ်သက်ရင် အပြည့်စုံဆုံးမဟုတ်ပေမယ့် အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ ကျွန်မဂီတပညာရှင် တစ်ဦးဖြစ်ချင်တာပါ။ ဒါပေမယ့် မဖြစ်ခဲ့ရင်လည်း ကျွန်မဖန်တီးတဲ့တေးသီချင်းတွေကို ပရိသတ်တွေ ခံစားနိုင်ကြမယ်ဆိုရင် ကျေနပ်ပါတယ်။ ကျွန်မအသက်ကြီးသွားတဲ့အထိ တေးသီချင်းတွေ ဖန်တီးသွားဦးမှာပါ"ဟု တေးသီချင်းရေးစပ်သူ၊ ရက်ပ်အဆိုတော်နှင့် မော်ဒယ်တစ်ဦးဖြစ်သူ HyunA က ဆိုသည်။

HyunA ၏ ဂီတသက်တမ်းတစ်လျှောက်တွင် ၂၀၀၇ ခုနှစ်၌ Wonder Girls ကေပေါ့ပ်အဖွဲ့နှင့် စတင်ကာ ဂီတလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် 4Minute အဖွဲ့နှင့် လက်တွဲခဲ့ပြန်သည်။ ယခုနှစ် ဇွန်လအတွင်းက 4Minute အဖွဲ့မှ ထွက်ခွာခဲ့ပြီး တစ်ကိုယ်တော်ဂီတလှုပ်ရှားမှုများကို လုပ်ကိုင်နေသူတစ်ဦးလည်းဖြစ်သည်။ ထို့အပြင် HyunA သည် Psy နှင့် Trouble Maker တို့နှင့်လည်း တွဲဖက်ကာ ဂီတလှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ခဲ့သည်။ထို့ပြင် HyunA သည် ၂၀၁၁ခုနှစ်အတွင်းက အသက် ၂၁ အောက် ရေပန်းအစားဆုံးအနုပညာရှင် ၂၁ ဦးစာရင်းကို ဘေလ်ဘုတ်မှ ထုတ်ပြန်ခဲ့ရာ ထိုအချိန်က 4Minute အဖွဲ့ဝင်တစ်ဦးဖြစ်သူ HyunA က နံပတ် ၁၇ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

**(မျိုးစန္ဒာမောင်)**



# ယူအီးအက်ဖ်အေအကောင်းဆုံးဆုအတွက် စီရိုနယ်လ်ဒို၊ ဘေးလ်နဲ့ ဂရစ်ဇ်မန်းတို့ အပြိုင်ဖြစ်နေ




ယူအီးအက်ဖ်အေအကောင်းဆုံးကစားသမားဆုအတွက် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒို၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ဝေလတိုက်စစ်မှူး ဂါရတ်ဘေးလ်နဲ့ အက်သလက်တီကိုမက်ဒရစ် အသင်းမှ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းတို့ဟာ အပြိုင်ဖြစ်နေပါပြီ။

ယူအီးအက်ဖ်အေအကောင်းဆုံးအတွက် ဆန်ကာတင်ကစားသမားသုံးဦးစာရင်းကိုတော့ ဩဂုတ် ၅ ရက်နေ့မှာ တရားဝင်ကြေညာခဲ့တာဖြစ်ပြီး အဲဒီကစားသမားသုံးစာရင်းမှာတော့ စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်နဲ့ ဂရစ်ဇ်မန်းတို့ ပါဝင်လာတာဖြစ်ပါတယ်။

အဲဒီကစားသမားသုံးဦးထဲမှာ တိုက်စစ်မှူးစီရိုနယ်လ်ဟာ ယူအီးအက်ဖ်အေရဲ့ အကောင်းဆုံးကစားသမားဆုအတွက် ထိပ်ဆုံးကနေ ရေပန်းစားနေခဲ့ပါတယ်။ ဘာလို့လဲဆိုရင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့အပြင် အခုနှစ်ဘောလုံးရာသီမှာပဲ ပြင်သစ်မြေမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲမှာလည်း ပေါ်တူဂီအသင်းနဲ့အတူ ဆုဖလားကို ရယူပေးနိုင်ခဲ့တဲ့ ကစားသမား တစ်ဦးပါ။

အဲဒါကြောင့် တိုက်စစ်မှူး ဂါရတ်ဘေးလ်နဲ့ တိုက်စစ်မှူး ဂရစ်ဇ်မန်းတို့ဟာ ပေါ်တူဂီကြယ်ပွင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုအတွက် အဖြည့်ခံသက်သက်သာဖြစ်လာဖို့ ရှိနေပါတယ်။ ဘာစီလိုနာတိုက်စစ်မှူးတွေဖြစ်တဲ့ အာဂျင်တီးနားကြယ်ပွင့် လီယွန်နယ်မက်ဆီနဲ့ ဥရုဂွေးကြယ်ပွင့် လူးဝစ်ဆွာရက်ဇ်တို့ကတော့ ယူအီးအက်ဖ်အေအကောင်းဆုံးဆုနဲ့ အကောင်းဆုံးဆုရှင် မကြေညာခင်မှာပဲ လွဲခဲ့ရပါပြီ။

ယူအီးအက်ဖ်အေ အကောင်းဆုံးကစားသမားဆုကိုတော့ ဩဂုတ် ၂၅ ရက်မှာ တရားဝင်ကြေညာမှာဖြစ်ပြီး အဲဒီနေ့ဟာ ချန်ပီယံလိဂ်အုပ်စုအဆင့် မဲခွဲနေ့ပဲဖြစ်ပါတယ်။ ယူအီးအက်ဖ်အေအကောင်းဆုံးကစားသမားဆုအတွက် ယူအီးအက်ဖ်အေရဲ့ အဖွဲ့ဝင် ၅၅ နိုင်ငံနှင့် နိုင်ငံတကာမှ အဖွဲ့ဝင်မီဒီယာ ၅၄ ခုတို့မှ ဂျာနယ်လစ်များက ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပါတယ်။

လက်ရှိ ယူအီးအက်ဖ်အေအကောင်းဆုံးဆုအတွက် ဆန်ကာတင်ရွေးချယ်ထားခဲ့တဲ့ ကစားသမားသုံးဦးရဲ့ စွမ်းဆောင်ရည်တွေကို ကြည့်မယ်ဆိုရင် တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ ချန်ပီယံလိဂ်ဆုဖလားနှင့် ယူရို ၂၀၁၆ ဆုဖလားတို့ကို ရယူနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ပြည်တွင်းလိဂ်ပြိုင်ပွဲများတွင် ၃၆ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ၁၆ ကြိမ်အထိ ဂိုးဖန်တီးပေးနိုင်ခဲ့ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ၁၂ ဂိုးသွင်းယူပေးခဲ့ပြီး ၁၆ ကြိမ်အထိ ဂိုးဖန်တီးပေးနိုင်ခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲမှာတော့ ပေါ်တူဂီအသင်းအတွက် ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး သုံးကြိမ်အထိ ဂိုးဖန်တီး ပေးနိုင်ခဲ့ပါတယ်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်ကတော့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဆုဖလားကို ရယူပေးနိုင်ခဲ့ပြီး ပြည်တွင်းလိဂ်ပြိုင်ပွဲမှာ သွင်းဂိုး ၂၃ ဂိုးနဲ့ ဂိုးဖန်တီးနိုင်မှု ၁၉ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ သွင်းဂိုးရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ယူရို ၂၀၁၆ ပြိုင်ပွဲမှာတော့ သွင်းဂိုးခြောက်ဂိုးနဲ့ ဂိုးဖန်တီးနိုင်မှု သုံးကြိမ်ပြုလုပ်ထားနိုင်ခဲ့ပါတယ်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းကတော့ ဘယ်ဆုဖလားကိုမှ မရယူနိုင်ခဲ့ဘဲ ပြည်တွင်းလိဂ်ပြိုင်ပွဲမှာ သွင်းဂိုး ၃၈ ဂိုးနဲ့ ဂိုးဖန်တီးပေးနိုင်မှု ၂၂ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ သွင်းဂိုး ၁၃ ဂိုးနဲ့ ဂိုးဖန်တီးပေးနိုင်မှု ခုနစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပါတယ်။ ယူရို ၂၀၁၆ ပြိုင်ပွဲမှာတော့ ပြင်သစ်အသင်းနဲ့အတူ သွင်းဂိုးခုနစ်ဂိုးနဲ့ ဂိုးဖန်တီးပေးနိုင်မှုခြောက်ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့ပါတယ်။ အဲဒီကစားသမားသုံးဦးထဲမှာ ဆုဖလားနှစ်လုံးရယူနိုင်ခဲ့တာက တိုက်စစ်မှူးစီရိုနယ်လ်ဒိုဖြစ်တာ ကြောင့် ယူအီးအက်ဖ်အေရဲ့အကောင်းဆုံးကစားသမားဆုအတွက် ရေပန်းစားနေတာ ဖြစ်တယ်။




## ကိုလံဘီယာတိုက်စစ်မှူး မိုရီနိုအား ငါးနှစ်စာချုပ်ဖြင့် မန်စီးတီးခေါ်ယူ

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် ကိုလံဘီယာတိုက်စစ်မှူး မိုရီနိုအား ပြောင်းရွှေ့ကြေးပေါင် ၄ ဒသမ ၇၅သန်းဖြင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး မိုရီနိုအား အီတီဟတ်ဒ်သို့ ခေါ်ယူခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ဘောလုံးရာသီအတွက် စပိန်လာလီဂါကလပ် ဒီပို့တီဗိုအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် အငှားချထားသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

တိုက်စစ်မှူး မိုရီနိုသည် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ၏ ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူခဲ့သည့် တတိယမြောက်ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး မိုရီနိုအား မခေါ်ယူမီကာလအတွင်း ဆာနေးနှင့် ဂတ်ဘရီးဂျီးဆပ်တို့ကို ခေါ်ယူထားခဲ့ပြီးဖြစ်သည်။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် အဆိုပါကစားသမားသုံးဦးကို ခေါ်ယူထားခဲ့ပြီးဖြစ်သော်လည်း အဲဗာတန်အသင်းမှ အင်္ဂလန်ဗဟိုနောက်တန်းကစားသမား ဂျွန်စတုန်းကိုလည်းခေါ်ယူရန် ပစ်မှတ်ထားနေဆဲဖြစ်ကြောင်း သိရသည်။




## တောင်ပံကစားသမား ဝဲလ်ကော့အား တိုက်စစ်မှူးတစ်ဦးအဖြစ် ဝင်းဂါးရှုမြင်ထား

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် တောင်ပံကစားသမား သီယိုဝဲလ်ကော့အား တိုက်စစ်မှူးတစ်ဦးအဖြစ် ရှုမြင်ထားကြောင်း ၎င်း၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ဝဲလ်ကော့အား တိုက်စစ်မှူးတစ်ဦးအဖြစ် အသုံးပြုသွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားခဲ့သည်။

ဝဲလ်ကော့သည် အာဆင်နယ်အသင်း၏ ကစားသမားဘဝတွင် ညာတောင်ပံအဓိကကစားသမားအဖြစ် အများဆုံးပါဝင်ကစားခဲ့သူဖြစ်ပြီး တောင်ပံကစားသမားအဖြစ်ရော ကွင်းလယ်နှင့် တိုက်စစ်ပိုင်းတွင် အဓိကကစားသမားအဖြစ်ပါ အသုံးပြုနိုင်သည့်ကစားသမားတစ်ဦးဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ချီးကျူးစကားပြောကြားခဲ့သည်။

တောင်ပံကစားသမား ဝဲလ်ကော့သည် ဆောက်သမ်တန်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် သွင်းဂိုးငါးဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း နည်းပြအာစင်ဝင်းဂါးကမူ အာဆင်နယ်အသင်း၏ တိုက်စစ်ပိုင်းတွင် အားထားရသည့်ကစားသမားဟု ဆိုသည်။

ငွေကြယ် - စုစည်းသည်။

## လက်စတာစီးတီးဂိုးသမား ရှမိုက်ကယ် အသင်းနှင့် စာချုပ်သစ်ချုပ်ဆို

ပရီမီယာလိဂ်ချန်ပီယံလက်စတာစီးတီးအသင်းသည် ဂိုးသမား ရှမိုက်ကယ်အား ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဂိုးသမား ရှမိုက်ကယ်သည် လက်စတာစီးတီးအသင်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးအတွက် အကောင်းဆုံး လက်စွမ်းပြကစားနိုင်ခဲ့သည့် ဂိုးသမားတစ်ဦးဖြစ်ပြီး လက်စတာစီးတီးအသင်းသို့ ၂၀၁၁ ခုနှစ်က ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပြောင်းရွှေ့လာခဲ့ရာတွင် ဂိုးသမားရှမိုက်ကယ်သည် လက်စတာစီးတီးအသင်းနှင့်အတူ ပွဲပေါင်း ၂၀၀ ကျော်ပါဝင်ကစားပေးနိုင်ခဲ့သည်။




အသက်(၂၉)နှစ်အရွယ်ရှိ ဒိန်းမတ်ကြယ်ပွင့် ဂိုးသမားရှမိုက်ကယ်သည် လက်စတာစီးတီးအသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းကြောင့် လက်စတာစီးတီးအသင်းတွင် ၂၀၂၁ ခုနှစ်အထိ ဆက်ရှိနေမည် ဖြစ်သည်။

လက်စတာစီးတီးဂိုးသမား ကတ်စပါရှမိုက်ကယ်သည် မန်ယူအသင်းနှင့် ဒိန်းမတ်အသင်းတို့၏ ဂိုးသမားဟောင်းတစ်ဦးဖြစ်သူ ပီတာရှမိုက်ကယ်၏ သားဖြစ်ပြီး ၂၀၁၁ ခုနှစ်အတွင်းက လိဒ်စ်အသင်းမှ လက်စတာစီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ရှမိုက်ကယ်သည် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက လက်စတာစီးတီးအသင်းအား ချန်ပီယံရှစ်မှ ပရီမီယာလိဂ်သို့ တန်းတက်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင်လည်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေး အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့သည့် ဂိုးသမားတစ်ဦးဖြစ်သည်။

# မိုးမိတ်မြို့နယ်တွင် အယောင်ဆောင်ဆက်ကြေးကောက်ခံသူကို ဖမ်းဆီးရမိ

**မိုးမိတ် ဩဂုတ် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်ရှိကျေးရွာများတွင် ဆက်ကြေးကောက်ခံမှုများဖြစ်ပွားနေသည့်အတွက် မိုးမိတ်စစ်ဗျူဟာမှူးနှင့် မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့မှူးတို့က ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်းပြီး ခြေရာခံရှာဖွေခဲ့ရာ ဩဂုတ် ၅ ရက် မွန်းလွဲပိုင်း ၁၂ နာရီခွဲတွင် မိုးမိတ်မြို့နယ် မိုးကောင်းဦးကျေးရွာအုပ်ရေးမှူး၏နေအိမ်သို့ ဆက်ကြေးကောက်ခံရန် ရောက်ရှိလာသူကို ဖမ်းဆီးရမိခဲ့ကြောင်း ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

"မိုးမိတ်မြို့နယ်ကကျေးရွာတွေမှာ ဆက်ကြေးကောက်ခံမှုတွေဖြစ်ပွားနေတာကို သိခဲ့ရပါတယ်။ ဇူလိုင် ၆ ရက်မှာ မိုးကောင်းဦးကျေးရွာ၊ ဇူလိုင် ၅ ရက်မှာ နံနိမ်ကျေးရွာ၊ ဇူလိုင် ၆ ရက်မှာ ကွင်းတိုအင်းကျေးရွာ၊ ဇူလိုင် ၁၆ ရက်မှာ အုန်းတွန်းကျေးရွာ၊ ဇူလိုင် ၁၃ ရက်မှာ ရွှေဇာလီကျေးရွာတို့မှာ ဆက်ကြေးကောက်ခံမှုဖြစ်ပွားခဲ့တဲ့ သတင်းအရ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ချိတ်ဆက်ပြီး ဆက်ကြေးကောက်ခံသူကို ဖမ်းဆီးရမိနိုင်ဖို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ဩဂုတ် ၅ ရက်က ဆက်ကြေးကောက်ခံမည့်သူရောက်ရှိလာမည့် သတင်းအရ အသွင်ယူစောင့်ဆိုင်းနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် မိုးမိတ်မြို့နယ် မိုးကောင်းဦးကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်သို့ အမျိုးသားတစ်ဦး အရပ်ဝတ်ဖြင့်ရောက်ရှိလာပြီး လက်နက်ကိုင်အဖွဲ့က ဟုပြောဆိုကာ သေနတ်ထုတ်ပြပြီး ဆက်ကြေးကောက်နေကြောင်း၊ မပေးလျှင် ခေါ်ယူသတ်ပစ်မည်ဟု ပြောဆိုနေကြောင်း နမ့်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးက လာရောက်သတင်းပေးပို့ချက်အရ သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးစစ်ဆေးခဲ့ရာ စိုင်းထွန်း(၄၈)နှစ် မိုးဘုံကျေးရွာ မိုးမိတ်မြို့နယ်နေသူကို ခေါင်းစွပ်ပြောက်ကျားခတ်မီးတစ်လက်၊ အရိုးအသွားကိုးလက်မခန့် ဓားအိမ်ပါဓားမြှောင်တစ်ချောင်း၊ Mick အမျိုးအစားဟန်းဆက်တစ်လုံး၊ ရောင်စုံရုပ်အကျီလက်တို တစ်ထည်၊ ပလတ်စတစ်ခြောက်လုံးပြူးသေနတ်အတု တစ်လက်၊ Nick တံဆိပ် ပိုက်ဆံအိတ်တစ်လုံး၊ Note Book အနက်ရောင်စာအုပ်တစ်အုပ်၊ အနက်ရောင်လွယ်အိတ်တစ်လုံးတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ငွေတောင်းခံသူ စိုင်းထွန်းကို မိုးမိတ်မြို့မရဲစခန်းက (ပ)၆၅/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၈၆ အရ အမှုဖွင့်လှစ်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**



# ရန်ပယ်ချောင်းကို ဖြတ်ကူးစဉ် လူတစ်ဦးမျောပါသေဆုံး

**တောင်တွင်းကြီး ဩဂုတ် ၇**

တောင်တွင်းကြီးမြို့နယ် ကံသာကျေးရွာနေ ဦးစံမြင့်လေးသည် ဩဂုတ် ၆ ရက်က ရန်ပယ်ချောင်းတစ်ဖက်ကမ်းရှိ ပိုးစာခင်းကျေးရွာသို့ လက်ပစ်ကူး၍ ကောက်စိုက်သမ ငှားရမ်းရေးသွားရောက်ခဲ့ရာ ညနေ ၃ နာရီခွဲတွင် ပိုးစာခင်းကျေးရွာမှ ချောင်းကိုဖြတ်၍ ပြန်လည်ကူးခတ်လာစဉ် ချောင်းရေတိုးသည့်အချိန်နှင့်တိုက်ဆိုင်သဖြင့် မျောပါသွားခဲ့ပြီး ညနေ ၄ နာရီခွဲတွင် တစ်မိုင်ခန့်အကွာမှ ၎င်း၏ရုပ်အလောင်းကို ပြန်လည်ဆယ်ယူရရှိခဲ့သည်။ **(နိုင်ဝင်း)**

# ခိုးမှုကျူးလွန်ကြောင်းသတင်းရရှိသူ သုံးဦးကို စစ်ဆေးရာမှ ဖောက်ထွင်းခိုးယူမှုများ ထပ်မံဖော်ထုတ်နိုင်

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ခိုးမှုကျူးလွန်ထားကြောင်း သတင်းရသူ လှိုင်သာယာမြို့နယ်နေ လင်းလင်း(ခ)သိန်းငွေ(ခ)မြင့်သိန်း (၂၅)နှစ်ကို ဇူလိုင် ၃၀ ရက်က လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းလမ်း၌ လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ တွေ့ရှိစစ်ဆေးရာ အဆိုပါဖုန်းမှာ ဇူလိုင်လအတွင်းက ထန်းတပင်မြို့နယ်နေ ကြယ်လေး(ခ)သက်ဇော်ဟိန်း (၂၂)နှစ်နှင့် ကတုံး(ခ)ဝေလွင်(ခ)ဌေးလွင် (၂၇)နှစ်တို့က အင်းစိန်မြို့နယ်ရှိ နေအိမ်တစ်အိမ်မှ ခိုးယူရရှိခဲ့သည့် ပစ္စည်းဖြစ်ကြောင်း စိစစ်သိရသည်။

၎င်းတို့ကို ဆက်လက်စစ်ဆေးရာ ဇူလိုင် ၂ ရက် နံနက် ၃ နာရီခန့်က အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်ရှိ နေအိမ်မှ လက်ဝတ်ရတနာမျိုးစုံ၊ လက်ကိုင်ဖုန်းတစ်လုံး၊ လက်ပ်တော့တစ်လုံး၊ ငွေကျပ် နှစ်သိန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၃၆ သိန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၂၀၀၀ တို့ ခိုးယူခဲ့ကြောင်း၊ ကြယ်လေး(ခ)သက်ဇော်ဟိန်းနှင့် ကတုံး(ခ)ဝေလွင် (ခ)ဌေးလွင် တို့နှစ်ဦးသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက် နံနက် ၂ နာရီခန့်က မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ နေအိမ်တစ်အိမ်မှ ငွေကျပ်သိန်း ၁၅၀ နှင့် ipad တစ်လုံးတို့ခိုးယူခဲ့ကြောင်း ဖော် ထုတ်နိုင်ခဲ့သည်။

ဆက်လက်စစ်ဆေးရာ ၎င်းတို့ သုံးဦးသည် ယခုနှစ်အတွင်း အင်းစိန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် မင်္ဂလာဒုံမြို့နယ်များအတွင်းရှိ နေအိမ် ခြောက်အိမ်အတွင်းမှ ဆိုင်ကယ်၊ လျှပ်စစ်စက်ဘီး၊ လက်ပတ်နာရီ၊ တီဗွီ၊ လက်ပ်တော့၊ လက်ပ်တော့ဘက်ထရီပက်၊ ကင်မရာနှင့် ရွှေထည်ပစ္စည်းများကိုခိုးယူခဲ့ကြောင်း၊ ကုလား(ခ)ကြယ်လေး(ခ)သက်ဇော်ဟိန်းနှင့် ကတုံး(ခ)ဝေလွင်(ခ)ဌေးလွင်တို့ နှစ်ဦးသည် ၂၀၁၅ ခုနှစ်အတွင်းက အင်းစိန်နှင့် တောင်ဥက္ကလာပမြို့နယ်တို့ရှိ နေအိမ်သုံးအိမ်မှ တီဗွီ၊ အီးဗွီဒီစက်၊ လက်ပတ်နာရီနှင့် လက်ကိုင်ဖုန်း၊ ယခုနှစ်အတွင်း အင်းစိန်မြို့နယ်ရှိ နေအိမ်တစ်အိမ်မှ လက်ပတ်နာရီ၊ လည်ဆွဲ၊ နာရီနှင့် တီဗွီတို့ကို ခိုးယူခဲ့ကြကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ဖောက်ထွင်းခိုးယူရာတွင် အသုံးပြုသည့် ကိရိယာပစ္စည်းများနှင့် ခိုးယူရရှိခဲ့သည့် သက်သေခံပစ္စည်းများကို သိမ်းဆည်းခဲ့ပြီး သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဇူလိုင်လအတွင်း ယာဉ်မတော်တဆမှုဖြစ်စဉ်များ ရဲတပ်ဖွဲ့ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဇူလိုင်လအတွင်း ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးစာရင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ပြန်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးတွင် ဇူလိုင်လ တစ်လအတွင်း သေဆုံးသူ ၅၄ ဦးရှိခဲ့ကြောင်း ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၆၄ ဦး သေဆုံးခဲ့သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အများဆုံးသေဆုံးခဲ့သည့် တိုင်းဒေသကြီးဖြစ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးက ၃၆ ဦးဖြင့် တတိယရှိနေခဲ့သည်။

ဇူလိုင်လအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်မတော်တဆဖြစ်ပွားမှု ၁၁၀၆ မှုတွင် ဒဏ်ရာရသူ ၁၆၈၄ ဦး၊ သေဆုံးသူ ၃၁၀ ရှိခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်စာရင်းမှာ နေပြည်တော် ၂၅ မှုတွင် ဒဏ်ရာရသူ ၅၄ ဦးနှင့် သေဆုံးသူ ၁၄ ဦး၊ ကချင်ပြည်နယ် ၁၂ မှုတွင် ဒဏ်ရာရသူ ၁၄ ဦး နှင့် သေဆုံးသူ တစ်ဦး၊ ကယားပြည်နယ် ငါးမှုတွင် ဒဏ်ရာရသူ ခြောက်ဦးနှင့် သေဆုံးသူ နှစ်ဦး၊ ကရင်ပြည်နယ် ၂၈ မှုတွင် ဒဏ်ရာရသူ ၂၉ ဦးနှင့် သေဆုံးသူ ခုနစ်ဦး၊ ချင်းပြည်နယ် ငါးမှုတွင် ဒဏ်ရာရသူ လေးဦးနှင့် သေဆုံးသူ လေးဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ၁၂၀ မှုတွင် ဒဏ်ရာရသူ ၁၇၄ ဦးနှင့် သေဆုံးသူ ၃၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ၃၈ မှုတွင် ဒဏ်ရာရသူ ၄၇ ဦးနှင့် သေဆုံးသူ ၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီး ၁၅၄ မှုတွင် ဒဏ်ရာရသူ ၂၅၇ ဦးနှင့် သေဆုံးသူ ၃၂ ဦး၊ မကွေးတိုင်းဒေသကြီး ၁၀၇ မှုတွင် ဒဏ်ရာရသူ ၁၈၇ ဦးနှင့် သေဆုံးသူ ၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီး အမှု ၁၇၀ တွင် ဒဏ်ရာရသူ ၃၀၇ ဦးနှင့် သေဆုံးသူ ၆၄ ဦး၊ မွန်ပြည်နယ် ၅၂ မှုတွင် ဒဏ်ရာရသူ ၇၆ ဦးနှင့် သေဆုံးသူ ၂၃ ဦး၊ ရခိုင်ပြည်နယ် ၁၉ မှုတွင် ဒဏ်ရာရသူ ၂၂ ဦးနှင့် သေဆုံးသူ သုံးဦး၊ ရန်ကုန်တိုင်းဒေသကြီး ၂၁၈ မှုတွင် ဒဏ်ရာရသူ ၁၇၆ ဦးနှင့် သေဆုံးသူ ၅၄ ဦး၊ ရှမ်းပြည်နယ် ၃၅ မှုတွင် ဒဏ်ရာရသူ ၅၁ ဦးနှင့် သေဆုံးသူ ၁၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ၁၁၇ မှုတွင် ဒဏ်ရာရသူ ၁၈၂ ဦးနှင့် သေဆုံးသူ ၃၁ ဦး တို့ဖြစ်ကြောင်း သိရသည်။

**ရွှေမြင့်ဦး(ရွှေပြည်သာ)**


နိုင်ငံတကာသတင်းဂျာနယ်

မှုဝါဒရေးရာ အယူအဆများအား အိတ်သွန်ဖာမှောက်ဖွင့်ဟနေကြသည့် ထရန့်နှင့် ဟီလာရီတို့၏ အသံဗလံများကို ထင်ဟပ်သော...

* "တစ်ယောက်တစ်ကမ္ဘာစီများ ခြားနေလေကြရောလား"

အတွေးအမြင် ဆောင်းပါးများအဖြစ်...

* ပူတင်နဲ့ ထရန့် ဘာတွေများကြိတ်ကြံနေကြသလဲ
* "ဒီသာပါမောက္ခနှင့် တက္ကသိုလ လွတ်လပ်ခွင့်"
* "အားကစားနှင့် နိုင်ငံရေး အထိန်းမနိုင် ဒယိမ်းဒယိုင်"
* မြန်မာကို ကမ္ဘာက သိစေဖို့... "နိုင်ငံရေး စာတမ်းပတ်ပွဲ" အကျိုးသက်ရောက်မှုများ
* "မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှု ဘယ်လောက်ကြီးမားသလဲ"
* "THAAD ဒုံးခွင်းဒုံး" အကြောင်း။
* "အာဆီယံလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အိုင်အက်စ်" အကြောင်း။
* တစ်ပတ်တစ်မျိုး မရိုးနိုင်သည့် နေ့စဉ်သုံး "အင်္ဂလိပ်စာ" မှတ်သားဖွယ်ရာများ

ဖြန့်ချိရေးနှင့်ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်
နေပြည်တော် - ရုံးအမှတ်(၇)
(internationaljournalmm@gmail.com)
ဖုန်း-၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇



**ဖခင်အမည်မှန်**

တိုက်ကြီးမြို့နယ်၊ အထက၊ ဥက္ကံ၊ ဒသမတန်း(က)မှ မနန်းသီတာငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းနိုင်ဖြစ်ပါသည်။

**ဦးကျော်မင်းနိုင်**

**ဖခင်အမည်မှန်**

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ အထက လောင်းလုံး ဒသမတန်းမှ မောင်ကောင်းခန့်အောင်၏ ဖခင် ဦးအောင်အောင်၏ အမည်မှန်မှာ ဦးဝင်းအောင်[၆/လလန(နိုင်)၀၈၆၉၉၉]ဖြစ်ပါသည်။

**ဝန်ထမ်းအလိုရှိသည်**

Sale & Driver (ကျား - ၃ ဦး)

Ph: 09-5144582 , 09-259267399

**ဖောင်းကြွပျောက်ဆုံးခြင်း**

ယာဉ်အမှတ် 8L/6341၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

**ဝန်ထမ်းအလိုရှိသည်**

(၁) ယာဉ်မောင်း(ကျွမ်းကျင်) (ကျား)
(၂) အလုပ်သင် Guide/ကျွမ်းကျင် Guide အွဲ့ (ကျား/မ)
(၃) ချက်ပြုတ်၊ လျှော်ဖွတ် အကူအလုပ်သမား (မ)
အဆောင်နေနိုင်သူဦးစားပေးမည်။
၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်။

**အများသိစေရန်ကြေညာချက်**

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ (၆) ရပ်ကွက်၊ စိန်ပန်းပတ်လမ်း၊ အမှတ် (၆၉၇/ခ) နေ ဦးဝင်းကြိုင် (၁၄/မမန (နိုင်) ၀၀၆၇၂၈) ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းကြိုင်သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၉-၁-၂၀၁၆) ရက်နေ့တွင် ဒေါ်ထားထားလွင် (ဘ) ဦးသိန်းအ (၁၄/မမက (နိုင်) ၁၁၃၄၂၉) အား စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်- ၁၀၇၂/၂၀၁၆ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ခြင်းအား ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်စိုးဝင်း (စဉ်-၉၄၅၃)
LL.B, WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ
အမှတ် (၇၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၅၄၁၆၇၃၅၊ ၀၉ ၉၆၅၄၁၆၇၃၅

**ဒေါ်ဝင်းကြည်နှင့်အများသိစေရန်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂)လမ်းသွယ် (၂)လမ်း၊ တိုက်အမှတ် (၁၁)၊ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ပထမထပ်(ခြေရင်းခန်း)တိုက်ခန်းနှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂)လမ်းသွယ် (၂)လမ်း၊ တိုက်အမှတ် (၈၅)၊ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီ(ခြေရင်းခန်း)၊ တိုက်ခန်း စုစုပေါင်း တိုက်ခန်း (၂)ခန်းကို ကန်ထရိုက်တာဖြစ်သူ ဒေါ်အေးအေးမေ[၁၂/လမန(နိုင်)၁၄၆၁၂၈] ထံမှ ဒေါ်ဝင်းကြည်(EC-015229)က အရစ်ကျငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူခဲ့ပြီး၊ အဆိုပါတိုက်ခန်းအား အရစ်ကျပေးသွင်းရန် ကျန်ငွေများကို သတ်မှတ်ရက်ပြည့်မြောက်သော်လည်း ပေးသွင်းမှုမရှိပါ။ ထို့ကြောင့် ဒေါ်အေးအေးမေမှ အကြိမ်ကြိမ်ဆက်သွယ်ခြင်းများ ပြုလုပ်သော်လည်း လာရောက်ပေးသွင်းခြင်းမရှိပါ။ ပေးသွင်းရမည့် သတ်မှတ်ရက်သည် ကာလအလွန်ကြာမြင့်သွားပြီဖြစ်သော်လည်း ဤကြော်ငြာစာပါသည့်နေ့မှ တစ်ပတ်အတွင်း ဒေါ်အေးအေးမေထံ လာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ပေးသွင်းမှုမရှိပါက နှစ်ဦးသဘောတူစာချုပ်ပါ ကတိပြုထားသည့်အတိုင်း စာချုပ်ပျက်ပြယ်ပြီဖြစ်၍ အဆိုပါ တိုက်ခန်း(၂)ခန်းသည် ဒေါ်ဝင်းကြည်နှင့် လုံးဝပတ်သက် သက်ဆိုင်မှုမရှိတော့ဘဲ ဒေါ်အေးအေးမေ တစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိသွားပြီဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀

Building a Brighter FUTURE
VALUESTAR EDUCATION CENTRE
Since 2007
Certificate Course in
• Financial Management
ကြာသပတေးနေ့ (ညနေ ၆:၀၀ မှ ၈:၀၀ထိ) ၁၁.၈.၂၀၁၆ စမည်။ (9 Weeks)
• Human Resource Management
ကြာသပတေးနေ့ (ညနေ ၆:၀၀ မှ ၈:၀၀ထိ) ၁၁.၈.၂၀၁၆ စမည်။ (9 Weeks)
• Leadership & Team Building
တနင်္ဂနွေနေ့ (နေ့လည် ၁:၂၀၀ မှ ညနေ ၅:၀၀ထိ) ၁၄.၈.၂၀၁၆ စမည်။ (3 Weeks)
09-5200547, 09-5043580, 09-45000 1145
https://www.facebook.com/Valuestar Education Centre
For you & me Beauty Saloon

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မြဝတီမြို့၌ပြည်သူများ၏အိမ်ခြံမြေကွက်များ အထောက်အထားခိုင်မာစွာ နေထိုင်နိုင်ရေး မြေငှားဂရန်များချထားပေး

**မြဝတီ ဩဂုတ် ၇**

မြန်မာနိုင်ငံတစ်ဝန်းရှိ ရပ်ကွက်နှင့် ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေကွက်များအား ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့်တရားဝင်အထောက်အထား(Legal Document)၊ မြေငှားဂရန်(Lease) ရရှိခြင်းအားဖြင့် ကျေးရွာနေပြည်သူလူထုများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိလာစေရန် ရည်ရွယ်ပြီး ရပ်ကွက်နှင့်ကျေးလက်နေပြည်သူများ နေထိုင်ပိုင်ဆိုင်သည့် အိမ်ခြံမြေကွက်များကို ထုတ်ပေးနိုင်ရေးအတွက် မေ ၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မေတ္တာလမ်း အကွက်အမှတ်(၁၇) တောရအကွက်ရှိ လူနေအိမ်များအား ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ မြေငှားဂရန် ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက အမှတ်(၄)ရပ်ကွက် ကြက်ခြေနီအသင်းရုံးရှေ့ ကွင်းပြင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက မြေငှားဂရန်ထုတ်ပေးမှုနှင့် ပတ်သက်၍ အမှာစကားပြောကြားရာ ကျွန်တော်တို့ မြေငှားဂရန်ထုတ်ပေးဖို့ ရပ်ကွက်နှင့် ကျေးရွာများ ရွေးချယ်တဲ့နေရာမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး မြေပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းတဲ့ ရပ်ကွက်နှင့် ရွာတွေကို ရွေးချယ်ရပါကြောင်း။ ယခုလိုမြေငှားဂရန်တွေ ချထားပေးတဲ့အတွက် ပြည်သူတွေ အစဉ်အဆက်နေထိုင်လာတဲ့ အိုးအိမ်မြေနေရာတွေကို ပိုင်ဆိုင်မှု အထောက်အထားအဖြစ် ခိုင်ခိုင်မာမာရရှိပြီး လုံခြုံစိတ်ချစွာ နေထိုင်နိုင်တော့မှာဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်နှင့် မြို့နယ် မြေယာစီမံခန့်ခွဲမှု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြေယာအရှုပ်အရှင်းကင်းသော အိမ်ခြံမြေပိုင်ရှင် ၁၈ ဦးအား မြေငှားဂရန်များ ပေးအပ်ခဲ့ကြောင်းသိရသည်။

"အခုလို ရပ်ကွက်အရောက် လာရောက်ဆောင်ရွက်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ကျွန်တော်တို့ ဘာသာလုပ်မယ်ဆို ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘူးလေ၊ အရင်တုန်းကလည်း မြေဂရန်လုပ်ဖို့ ကြိုးစားခဲ့ပေမယ့် မသိတာနဲ့ ကုန်ကျစရိတ်တွေရှိတာနဲ့ မလုပ်ဖြစ်ခဲ့ပါဘူး"ဟု အမှတ်(၄)ရပ်ကွက်မှ မြေငှားဂရန် ရရှိသူတစ်ဦးက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားပေါင်းစုံပါဝင်၍ ၂၁ ရာစုပင်လုံ ညီလာခံအား ကြိုဆိုထောက်ခံပွဲကျင်းပ



**မန္တလေး ဩဂုတ် ၇**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအား ကြိုဆိုထောက်ခံပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် ညနေ ၅ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၂ လမ်း ၄၀ လမ်းနှင့် ၄၁ လမ်းကြားရှိ မနော်ရမ္မံပြည်သူ့ရင်ပြင်တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဇာနည်အောင်နှင့်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးဒေါက်တာယုယုမေနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့အစည်းဝင်များ၏ ဇနီးများ၊ မန္တလေးမြို့ရှိ တိုင်းရင်းသားလူမျိုးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးချစ်မြတ်နိုးသူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပန်းရဲ့လမ်းတေးဂီတအဖွဲ့က ငြိမ်းချမ်းရေးတေးသီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ခဲ့သည်။ ယင်းနောက် စာရေးဆရာဇော်ခိုင်ဦး၊ ဆရာဦးဘုန်း(ဓာတု)တို့က ငြိမ်းချမ်းရေးအကြောင်းအရာများ ဟောပြောခဲ့သည်။

ယင်းနောက် ပန်းရဲ့လမ်းတေးဂီတအဖွဲ့နှင့်အတူ မန္တလေးမြို့ရှိ တိုင်းရင်းသားအဖွဲ့များက ငြိမ်းချမ်းရေးတေးသံများ၊တိုင်းရင်းသား အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ၂၁ ရာစု ပင်လုံညီလာခံကြိုဆိုထောက်ခံပွဲကျင်းပခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ရေဘေးရှောင် အိမ်ထောင်စုဝင်များ၏ နွားများအား ကျန်းမာရေးစစ်ခြင်းပြုလုပ်၍ နွားစာများလှူဒါန်း

**သရက် ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာမှ ဧရာဝတီ မြစ်ရေမြင့်တက်လာမှုကြောင့် ရေလွတ်ရာသို့ပြောင်းရွှေ့နေထိုင်ကြသည့် အိမ်ထောင်စုဝင်များနှင့် အတူပါရှိသည့် နွားများအား မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း လိုအပ်ပါကဆေးများထိုးနှံပေးခြင်း၊ နွားစာများ ပေးအပ်လှူဒါန်းခြင်း လုပ်ငန်းများအား ဩဂုတ် ၅ ရက် ညနေ ၄ နာရီက ရေဘေးရှောင် ပြည်သူများ ပြောင်းရွှေ့နေထိုင်သည့် စမုတ်ကျောင်းနှင့် သဲတောကျေးရွာ ခမ္မာရုံတို့တွင် သွားရောက်၍ နွားများအား ကျန်းမာရေးစစ်ဆေးခြင်း၊ နွားစာများ လှူဒါန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်၊ မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက နွားများအား ပေါင်ပုပ်လက်ပုပ်၊ ဒေါင့်သန်းရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ကျန်းမာရေးမကောင်းသည့် နွားများအား စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက စုပေါင်းလှူဒါန်းသည့် ကောက်ရိုးမြက်နှင့် ပဲဖတ်များအား စမုတ်ကျောင်းတွင် ပြောင်းရွှေ့ နေထိုင်ကြသည့် မိသားစုဝင်တို့၏ နွားများနှင့် သဲတောခမ္မာရုံတွင် ပြောင်းရွှေ့နေထိုင်ကြသည့် မိသားစုဝင်တို့၏ နွားများအတွက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## ကော့သောင်းခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့မှ တရားဥပဒေစိုးမိုးရေး လှည့်ကင်းများ ညစဉ်ဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၇**

ကော့သောင်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရာဇဝတ်မှုခင်းများ လျော့နည်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်များအတွင်း ညစဉ်လှည့်ကင်းများ ဆောင်ရွက်ကာ ပိတ်ဆို့စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ် ၄ ရက်က သိရသည်။

ဆောင်ရွက်မှုတွင် လူငယ်အများစုသည် အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲ၍ ခိုက်ရန်ဖြစ်ပွားကာ ရာဇဝတ်မှုများကျူးလွန်ခြင်း၊ ခိုးမှုများ၊ လုယက်မှုများ၊ လူသတ်မှုများကျူးလွန်ခြင်း ဖြစ်စဉ်များ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ဖြစ်ပွားလျက်ရှိရာ ကော့သောင်းမြို့အတွင်း အလားတူဖြစ်စဉ်မျိုး လျော့နည်းကျဆင်း ပပျောက်ရေး၊ မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ် ကြီးကြပ်ညွှန်ကြားမှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့သည် မြို့ပေါ်ရပ်ကွက် ရဲတပ်ဖွဲ့ဝင်များ အဖွဲ့ခွဲကာ မြို့ပေါ်ရပ်ကွက် နယ်မြေအပိုင်းအခြားအလိုက် ညစဉ် လှည့်ကင်းဆောင်ရွက်ခြင်း၊ အများပြည်သူအနားယူ အပန်းဖြေရာ ပန်းခြံများအတွင်း ညအချိန်မတော် ဝိုင်းဖွဲ့၍ အရက်သေစာသောက်စားနေသည့် လူငယ်များအား အသိပညာပေးလုပ်ငန်းများ ညစဉ်ဆောင်ရွက်ကြခြင်း၊ ညအချိန်မတော် လမ်းပေါ်ဆိုင်ကယ်စီးသွားလာသူလူငယ်များ၊ မော်တော်ယာဉ်များအား ပိတ်ဆို့စစ်ဆေးမှု လုပ်ငန်းများဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း-IPRD)**

## စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး(လယ်)တောင်သူပညာပေးစံပြကွက်တွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများစုပေါင်းကြဲပက်



**တောင်ကြီး ဩဂုတ် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြုလုပ်သော မိုးစပါး(လယ်) တောင်သူပညာပေးစံပြကွက်တွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများစုပေါင်းကြဲပက်ပွဲကို ရွှေညောင်မြို့ လှိုင်ဘုံသာရပ်ကွက် ကွမ်းဘုံကျေးရွာ ကွင်းအမှတ်(၁၀၁) တောင်သူဦးလောလီလယ်၌ ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ရာ ရွှေညောင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေလင်းစိုးက ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သည့် တောင်ကြီးမြို့နယ်တွင် မြို့သုံးမြို့၊ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ရပ်ကွက်ပေါင်း ၅၁ ရပ်ကွက် စုစုပေါင်း ၇၅ အုပ်စုရှိသည်။ လူနေမှုထူထပ်တဲ့ မြို့နယ်ဖြစ်ကြောင်း၊ ယင်းကြောင့် ဆန်ဖူလုံမှုမရှိသေးသည့် တောင်ကြီးမြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံရေးကို အထောက်အကူဖြစ်စေမည့် စပါးတစ်ဧကအတွက်နှုန်းမှာ ယခင်နှစ်ကထက် တိုးတက်ထွက်ရှိနိုင်ရေးကို ဦးစားပေးဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ယခုလိုစိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူပညာပေး စံပြကွက်များပြုလုပ်၍ တောင်သူများပညာပေးဆွေးနွေးမှုများမှ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များနှင့်ဒေသခံ တောင်သူလယ်သမားများ လက်တွေ့ဆောင်ရွက်မှု အတွေ့အကြုံများပေါင်းစပ်ပြီး စပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်တောင်သူလယ်သမားများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရေး အဓိကကျသကဲ့သို့ တောင်သူလယ်သမားများအတွက် လိုအပ်သောနည်းပညာ သတင်းအချက်အလက်များကို ထိရောက်စွာ အနီးကပ်ပံ့ပိုးပေးမည့် စိုက်ပျိုးရေးဌာနသည်လည်း များစွာအရေးပါကြောင်းနှင့် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးကြရန် ထည့်သွင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးဦးမျိုးမင်းသန်းက မြေဩဇာကြဲပက်ရခြင်းနှင့် စိုက်ပျိုးရေးနည်းစနစ်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။အခမ်းအနားအပြီးတွင် ရွှေညောင် (မြို့မ) မိုးစပါးတောင်သူပညာပေး စံပြကွက်တွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ စုပေါင်းကြဲပက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ကွန်ပျူတာသင်တန်း(၇/၂၀၁၆) လှိုင်ကော်မြို့နယ် ဆိုလစယ်ကျေးရွာ၌ဖွင့်လှစ်



**လှိုင်ကော် ဩဂုတ် ၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာအရောက်အသက်မွေးဝမ်းကျောင်းပညာ ရရှိနိုင်စေရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်သော ကွန်ပျူတာသင်တန်း (၇/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက လှိုင်ကော်မြို့နယ် လောပိတကျေးရွာအုပ်စု ဆိုလစယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ ပြည်နယ်ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာနေရပ်မိရပ်ဖများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိခင်က သင်တန်း၌ သင်ကြား၊ သင်ယူမှုနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုအား ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် လောပိတကျေးရွာအုပ်စုကိုယ်စား ကျေးရွာနေ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသိန်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ လှိုင်ကော်မြို့နယ် လောပိတကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၇ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး အခြေခံကွန်ပျူတာသင်တန်းကို ၂၀၁၆ ခုနှစ် ဩဂုတ် ၅ ရက်မှ စက်တင်ဘာ ၃ ရက်အထိ နည်းပြသုံးဦးက ကွန်ပျူတာအလုံး ၃၀ ဖြင့် ပံ့ပိုးကူညီကာ Microsoft office Word၊ Microsoft office Excel နှင့် Adobe Photoshop စသည့် ဘာသာရပ်များကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ တစ်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကယားပြည်နယ်ပြန်/ဆက်**

## ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ဆင်ပေါင်ဝဲ ဩဂုတ် ၇**
ဆင်ပေါင်ဝဲမြို့နယ်တွင် ဩဂုတ် ၄ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဌ ဦးခိုင်မင်းကိုနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ပရဟိတလူငယ်အဖွဲ့တို့တွေ့ဆုံ၍ မြစ်ရေကြီးခြင်း အခြေအနေအား အရေးကြီးအခြေအနေအဖြစ် သတ်မှတ်ပြီး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ စောင့်ကြပ်ခြင်းလုပ်ငန်းများ၊ မြစ်ရေဝင်ရောက်သော ဒေသများမှ ရေဘေးရှောင်ပြည်သူများအား ရေလွတ်ရာဒေသများနှင့် ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးရေးလုပ်ငန်းများနှင့် ထောက်ပံ့ပစ္စည်းများအား ရေဘေးရှောင်ပြည်သူများထံပေးအပ်ခြင်းများ အချိန်မီ ဆောင်ရွက်နိုင်ရေးစသည့်လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၄ နာရီအထိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်နှုန်းဖြင့် ဆန် ၄၂ ပြည်၊ ဆီ ၅၀ ကျပ်သားနှုန်းဖြင့် ၂၁ ပိဿာ၊ လူတစ်ဦး ကြက်ဥတစ်လုံးနှုန်းဖြင့် ၁၉၃ လုံးနှင့် ၂၀ လီတာဝင် သောက်ရေသန့် ၁၁ ဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေကိုကျိုချက်သောက်သုံးရေး၊ ဝမ်းရောဂါများ မဖြစ်ပွားစေရေးအတွက် အစားအသောက်များ ယင်မနားစေရေး၊ သန့်ရှင်းသောအစားအစာများ ချက်ပြုတ်စားသောက်ရေး၊ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်စေရေးနှင့် မြွေအန္တရာယ်သတိပြုနေထိုင်ရေးတို့ကို ဆွေးနွေးမှာကြားကြကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရဇော်နှင့်အဖွဲ့သည် ကယ်ဆယ်ရေးစခန်းများရှိ သာမန်ဖျားနာသူ ၁၂ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆင်ပေါင်ဝဲမြို့နယ်၏ ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်မှာ ၁၉၄၅ စင်တီမီတာဖြစ်ပြီး ယနေ့ညနေအထိ ၁၈၁၁ စင်တီမီတာသို့ ရောက်ရှိနေသည့်အတွက် မြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများဖြစ်သည့် ကမ္ဘာအေး၊ လေးထပ်၊ ဇောတိက၊ မဟာစည်စသည့် ဘုန်းတော်ကြီးကျောင်းများနှင့် အ-မ-က(၁)တို့တွင် ရေဘေးရှောင်ပြည်သူ အိမ်ထောင်စု ၄၂ စု၊ လူဦးရေ ၁၉၃ ဦးတို့ရောက်ရှိနေပြီး ကယ်ဆယ်ရေးစခန်းများသို့ နေ့စဉ် လှည့်လည်၍ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်ပါက အချိန်နှင့် တစ်ပြေးညီကုသနိုင်ရေး စီမံဆောင်ရွက်ထားရှိကြောင်း တာဝန်ရှိသူတို့၏ ပြောကြားချက်အရ သိရသည်။**(မြို့နယ်ပြန်/ဆက်)**

## စေတုတ္တရာ–စလင်းကားလမ်းရှိ ပဇောချောင်းတံတားအမြန်ပြုပြင်နေ

**စေတုတ္တရာ ဩဂုတ် ၇**
မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၌ ဇူလိုင် ၃၀ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် စေတုတ္တရာ-စလင်းဆက်သွယ်သည့် လမ်းမှ မိုင်တိုင်အမှတ် (၃၂/၂)အနီးရှိ ပဇောချောင်းတံတားသည် ချောင်းရေ တိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့သည်။

အဆိုပါတံတားအား မြို့နယ်လမ်းဦးစီးဌာနမှ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ဘေလီသံပေါင်တံတားကို ဩဂုတ် ၅ ရက် နံနက်ပိုင်းမှစ၍ အမြန်ပြန်လည်တည်ဆောက်လျက်ရှိကြောင်းသိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

## နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

**တောင်ငူ ဩဂုတ် ၇**
ကျောင်းသားလူငယ်များ အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ မူးယစ်ဆေးဝါး အသိပညာပေးနံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို တောင်ငူမြို့ အ-ထ-က (ဟင်းငုတ်ပင်) ကျောင်း၌ ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အ-ထ-က(ဟင်းငုတ်ပင်)မှ ကျောင်းအုပ်ဆရာမ ဒေါ်ဆွေဆွေမြင့်က ကျောင်းသား၊ ကျောင်းသူများ အသိအလိမ္မာ တိုးတက်စေရန်အတွက် ဤအခမ်းအနားကို ပြုလုပ်ရခြင်းဖြစ်ကြောင်းနှင့် တောင်ငူခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန္တာလင်းက လူငယ်လူရွယ်များ အသိပညာ၊ အတတ်ပညာများ တိုးပွားစေပြီး တန်ဖိုးရှိသောလူငယ်ဘဝကို ပိုင်ဆိုင်နိုင်ရန်အတွက် စာအုပ်စာပေများကို ဖတ်ရှုလေ့လာကြရန် ဟောပြောခဲ့သည်။

ယင်းနောက် Shanti Volunteer Association (SVA) မှ လှူဒါန်းသည့် စာအုပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်များအား ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။ **သန္တာလင်း(ပြန်/ဆက်)**

## စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပေးခြင်းဖြင့် တောင်သူများအဆင်ပြေ

**မြောင်းမြ ဩဂုတ် ၇**
ကျေးလက်နေ ပြည်သူများ ငါးရိက္ခာတိုးတက်ရရှိစေရေးအတွက် မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနက စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၅ ရက် နံနက်က မြောင်းမြမြို့နယ် ခနုံးချောင်းကျေးရွာအုပ်စု ချောင်းဖျားကျေးရွာ တောင်သူဦးစိုးဝင်း၏ စပါးစိုက်ခင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ငါးသယံဇာတများ စဉ်ဆက်မပြတ် တိုးပွားစေရေး ပြည်သူများ ငါးစားသုံးမှု ဖူလုံစေရေး ရည်ရွယ်ကာ ကျင်းပပြုလုပ်သော စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျတို့ ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာမူလတန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံ တောင်သူ လယ်သမားများက တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး သားပေါက်အကောင်ရေ ၆၅၀၀၀ ကို စပါးခင်းများအတွင်းသို့ စုပေါင်း၍ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြသည်။

အလားတူပင် မြောင်းမြခရိုင်အတွင်းမှ အိမ်မဲ၊ ဝါးခယ်မမြို့နယ်များတွင်လည်း ငါးလုပ်ငန်း ဦးစီးဌာနက စပါးခင်းများ၊ အင်းချောင်းများအတွင်းသို့ ငါးသယံဇာတပေါကြွယ်စေရေး ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။ **လွှမ်းသီဟ (ဝါးခယ်မ)**





## ကွန်ကရစ်ဖြင့် လုပ်ငန်းသုံးပစ္စည်းထုတ်လုပ်သည့် သင်တန်း ကျောက်စရစ်ပုံကျေးရွာတွင် ဖွင့်လှစ်

**မင်းဘူး ဩဂုတ် ၇**
မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများရရှိစေပြီး မိသားစုဝင်ငွေတိုးပွားရရှိစေရန်ရည်ရွယ်၍ ကွန်ကရစ်ဖြင့် လုပ်ငန်းသုံးပစ္စည်းထုတ်လုပ်သည့် သင်တန်းဖွင့်ပွဲကို ဩဂုတ် ၅ ရက်၊ နံနက် ၉ နာရီက ကျောက်စရစ်ပုံကျေးရွာတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မင်းဘူးမဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော်က အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဘုန်းလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ကျောက်စရစ်ပုံကျေးရွာနေ ဒေသခံသင်တန်းသား ၃၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၅ ရက်မှ ၁၄ ရက်ထိ စာတွေ့၊ လက်တွေ့ကျွမ်းကျင်တတ်မြောက်သည်အထိ ၁၀ ရက်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## တစ်မြို့နယ်တစ်ရွာနှုန်း ကျေးရွာမြေငှားဂရန်များ ခရိုင်လုံးကျွတ်ထုတ်ပေးပြီး

**ရေဦး ဩဂုတ် ၇**
ကျေးလက်နေပြည်သူများ မိမိနေထိုင်သည့် မြေပေါ်တွင်ခိုင်လုံသော အထောက်အထားများဖြင့် လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် ရွှေဘိုခရိုင် မြေစာရင်းအရာရှိ ဦးမောင်ထူး၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဌာမှ တာဝန်ရှိသူများနှင့် မြို့နယ်တာဝန်ရှိသူများက ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရက် ၁၀၀ စီမံချက်ကာလအတွင်း ကျေးရွာမြေငှားဂရန်များကို တစ်မြို့နယ်တစ်ရွာနှုန်းဖြင့် ခရိုင်လုံးကျွတ်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ကျေးရွာမြေငှားဂရန်များကို ရေဦးမြို့နယ်တွင် ၂၀ ခု၊ ရွှေဘိုမြို့နယ်တွင် ၈၂ ခု၊ ဝက်လက်မြို့နယ်တွင် ၃၉ ခု၊ ခင်ဦးမြို့နယ်တွင် ၉၆ ခု၊ တန့်ဆည်မြို့နယ်တွင် ၃၉ ခု၊ ဒီပဲယင်းမြို့နယ်တွင် ၁၆၆ ခု စုစုပေါင်းမြေငှားဂရန် ၄၄၂ ခု ထိ ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## လှိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်၌ မြေငှားဂရန်ရရှိရေး ကွင်းဆင်းဆောင်ရွက်



**လှိုင်ကော် ဩဂုတ် ၇**

လှိုင်ကော်မြို့နယ် မိုင်းလုံးရပ်ကွက်အတွင်း နေထိုင်ကြသောပြည်သူများ မြေငှားဂရန်များရရှိရေးအတွက် လှိုင်ကော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းဦးဆောင်သောအဖွဲ့က ဩဂုတ် ၅ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါမြေငှားဂရန်များရရှိရေး ရပ်ကွက်နေပြည်သူများအတွက် အမှုတွဲများ ဆောင်ရွက်ပေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများကလည်း အိမ်ထောင်စုမိတ္တူထုတ်ပေးခြင်း၊ ရွှေ့ပြောင်းလူဦးရေစာရင်း အိမ်ထောင်စုထုတ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ခွဲထုတ်ပေးခြင်း၊ မွေးဖွားသူများ လူဦးရေစာရင်းသွင်းပေးခြင်း၊ သေဆုံးသူများ လူဦးရေစာရင်းပယ်ဖျက်ပေးခြင်း၊ ပုံစံ ၁၀ ဖြင့် ပြောင်းရွှေ့လာသူ၊ ပြောင်းရွှေ့သွားသူများ စိစစ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ကျန်ရှိနေသော ရပ်ကွက်များကိုလည်း မြေငှားဂရန်များ ရရှိရေးအတွက် အလှည့်ကျ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း သိရသည်။

**လှိုင်ကော်ခရိုင်(ပြန်/ဆက်)**

## ဒေသအတွင်းငါးဆေးချခြင်းနှင့် ကျဉ်စက်ထိုးခြင်းကြောင့် ရေချိုငါးမျိုးပြုန်းတီးနိုင်

**ပဲခူး ဩဂုတ် ၇**

ပဲခူးမြို့တွင်းဖြတ်သန်းစီးဆင်းနေသော ပဲခူးချောင်းနှင့် ပဲခူးချောင်းအတွင်းစီးဝင်သော ကလိချောင်းများအတွင်း ငါးဆေးချခြင်း၊ ကျင်စက်ထိုးငါးရှာဖွေခြင်းများ ပြုလုပ်နေသောကြောင့် ငါးမျိုးစိတ်များ ပြုန်းတီးလာပြီး ရေချိုငါးသဘာဝအရင်းအမြစ်များ ပျောက်ဆုံးနိုင်ကြောင်း ဒေသခံများက ပြောသည်။

"အခုလို ငါးဆေးချနေတာတော့ လွန်လွန်းအားကြီးတယ်။ ငါးကြီး၊ ငါးသေးတွေနဲ့ ပုစွန်ထုပ်တွေ ရေထဲမှာပေါ်နေပြီး ဖွေးနေအောင်မြင်ရတယ်။ ဒီလိုကြီးလုပ်နေရင် ရေပျော်ငါးတွေနဲ့ ပုစွန်တွေ မျိုးတုံးဖို့ပဲရှိတော့တယ်။ ကွန်ပစ်တာက ဘာမှမဖြစ်ဘူး" ဟု ရွာသစ်ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

ငါးဆေးချခြင်းအား ပဲခူးချောင်းနှင့် ကလိချောင်းပေါင်းဆုံရာ ရွာသစ်ရပ်ကွက် သုသာန်နှင့် ချောင်းတစ်ဖက်ကမ်း အုတ်ဖိုရွာအနီး ချောင်းရေကျချိန်တွင် ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ပဲခူးချောင်းအစပ် ကမ်းနံဘေး ညဘက်ဗိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက် မဲခုံအုတ်ကျင်းကမ်းနားတစ်လျှောက်တွင် လှေများဖြင့် ညဘက်အုပ်စုဖွဲ့ကာ ကျဉ်စက်ထိုးယူမှုများရှိကြောင်း မဲခုံဒေသခံတစ်ဦးက ပြောသည်။

"ချောင်းရေကျယ်မှာဆိုတော့ ကျဉ်စက်ထိုးတာက ကမ်းနားအနီးအနားမှာထိုးကြတော့ အနားတစ်ဝိုက်ပဲ ငါးရမယ်။ အခုဆေးက မျိုးပြုန်းမဲ့အပြင် ငါးမျိုးပါ မအောင်တော့ဘူးဖြစ်ရင် ငါးရှားသွားမယ်" ဟု ယင်းရပ်ကွက်နေသူဒေသခံတစ်ဦးက ပြောသည်။

ရွာသစ်သုသာန်အနီး လယ်လုပ်သူတစ်ဦးက "လူတွေ ချောင်းဘက်ကိုသွားနေကြတာတွေ့တယ်။ ရေတွေလည်းစိုနေတယ်။ သစ်လာငုပ်ကြတာလားအောက်မေ့တယ်။ နောက်မှ ငါးဆေးချတယ်လို့ သိရတယ်။ ချောင်းဘေးမှာ ရတဲ့ငါးတွေကို ကြော်လှော်ချက်ပြုတ် စားသောက်နေကြတယ်။ ဆေးချလိုက်စားသောက်လိုက်နဲ့ ရတဲ့ငါးတွေကို ရောင်းကြတယ်။ ဒါမဖြစ်သင့်ပါဘူး" ဟု ဆိုသည်။

ယခင် ပဲခူးချောင်း၊ ကလိချောင်းများအတွင်း ရေချိုငါးမျိုးစုံ၊ ငါးကြီးနှင့် ငါးလေးများပါပေါသောကြောင့် ဒေသတွင်း အပျော်ငါးမျှားသူများ၊ ဝမ်းစာရှာဖွေသူများဖြင့် စည်ကားနေကြသော်လည်း ယခုကဲ့သို့ ဥပဒေမဲ့ ငါးရှာဖွေမှုများကြောင့် ငါးရှားပါးနေမှုက တစ်နှစ်ထက်တစ်နှစ် ပိုဆိုးလာခဲ့သည်။

ယခု ဝါဆိုဝါခေါင်လများ၌ ပဲခူးချောင်းအတွင်း ရေချိုငါးပတ်များ ပေါခဲ့သော်လည်း ယခု လုံးဝရှာမတွေ့တော့ကြောင်း သိရသည်။

သက်ဆိုင်ရာမှ ငါးမျိုးတုံးမှုအန္တရာယ်မရှိစေရန် ဥပဒေမဲ့ငါးဆေးချခြင်း၊ ကျဉ်စက်ထိုးခြင်းများအား ဥပဒေအရ တားဆီးအရေးယူနိုင်ရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။ **(၄၂၈)**

## ကွမ်းလုံ၌ မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကွမ်းလုံ ဩဂုတ် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက သံလွင်ဦးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းလုမ်ဆန်းသစ်က မြစိမ်းရောင်ရန်ပုံငွေဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးလွင်က မြစိမ်းရောင်ရန်ပုံငွေဖြင့် မျိုးကောင်းမျိုးသန့်များရရှိရေးဆိုင်ရာကိစ္စများအားလည်းကောင်း၊ မြို့မိမြို့ဖ ဦးအယ်လ်တိန့်ဘောင်က မြစိမ်းရောင်ရန်ပုံငွေသုံးစွဲမှုနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြစိမ်းရောင်ရန်ပုံငွေရရှိသည့် မန်မောင်ကျေးရွာကို သိန်း ၃၀၀၊ ရှောင်တိလင်ကျေးရွာ၊ ချင်ဆိုက်တန်ကျေးရွာနှင့် တာတိလင်ကျေးရွာတို့ကို သိန်း ၃၀၀၊ မန်ကြပ်ကျေးရွာကို သိန်း ၃၀၀၊ ကောင်းဟုန်းကျေးရွာ၊ ပန်လွေးကျေးရွာနှင့် ရွာသစ်ကျေးရွာတို့ကို သိန်း ၃၀၀၊ ရှင်လုံကျိုင်းကျေးရွာကို သိန်း ၃၀၀၊ ပန်တန်ကျေးရွာ၊ မန်ကြူကျေးရွာနှင့် မိုင်ဖန့်ကျေးရွာတို့ကို သိန်း ၃၀၀၊ တပ်တူကျေးရွာ၊ ကောင်းခါးကျေးရွာနှင့် လိုင်ဂျုံကျေးရွာတို့ကို သိန်း ၃၀၀ နှင့် ပန်ခန်းကျေးရွာကို သိန်း ၃၀၀ ဖြင့် ကော်မတီဝင်များထံ အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုင်းခိုင်ဇော်(ပြန်/ဆက်)**

## ညောင်ဦးတွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်သည့် ရပ်ကွက်၊ ကျေးရွာများအား ထောက်ပံ့လှူဒါန်းနိုင်ရေးဆောင်ရွက်

**ညောင်ဦး ဩဂုတ် ၇**

ညောင်ဦးတွင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်သည့် ရပ်ကွက်၊ ကျေးရွာများအား ထောက်ပံ့လှူဒါန်းနိုင်ရန်အတွက် ညောင်ဦးမြို့တိုက်ကုန်းရပ်ရှိ တိုက်ကုန်းအားမာန် နရည်းခံအဖွဲ့သားများသည် ဩဂုတ် ၅ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ မြို့နယ်အတွင်း လှည့်လည်၍ အလှူခံခဲ့ကြောင်း သိရသည်။

အဆိုပါနရည်းခံအဖွဲ့သည် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးအတွက် ရွှေဖိုးနှင့် ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် ဝါတွင်းကာလ ဥပုသ်နေ့တိုင်း အတီး၊ အမှုတ်၊ အဆိုများဖြင့် မြို့အတွင်းလှည့်လည် အလှူခံသည့် ဘာသာရေးအဖွဲ့ဖြစ်သည်။

ယခုအခါ ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေ အဆမတန်မြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်နေသည့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအား တတ်အားသမျှ ထောက်ပံ့နိုင်ရန်အတွက် အလှူခံထွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လှည့်လည်အလှူခံရာတွင် အများပြည်သူလှူဒါန်းငွေကျပ် ၈၀၈၀၇၅၀ ခန့်ရရှိခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## သထုံတွင် အခြေခံသမဝါယမအသင်းများသို့ အသေးစားချေးငွေများ ထုတ်ချေးပေး

**သထုံ ဩဂုတ် ၇**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာနှင့် အထွေထွေသမဝါယမအသင်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာနမှ စိုက်ပျိုးချိန်အမီ အသေးစားအရင်းအနှီးချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

"သထုံမြို့နယ်ထဲမှာက အခြေခံသမဝါယမအသင်းပေါင်း ၅၀ ရှိတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းတွေမှာ အရင်းအနှီး အထောက်ပံ့အဖြစ်ဖို့အတွက် ဒီအသေးစားချေးငွေကို အချိန်မီထုတ်ချေးပေးတာပါ။ အသင်းတိုင်းက အသင်းဝင်တစ်ဦးကို တစ်သိန်းနှုန်းနဲ့ ငွေကျပ်သိန်းပေါင်းတစ်သောင်းသုံးထောင်ကျော်ကို ထုတ်ချေးပေးခဲ့တာပါ" ဟု မြို့နယ်သမဝါမယဦးစီးဌာနမှ ဦးစီးအရာရှိကပြောသည်။

အဆိုပါ အသေးစားချေးငွေများကို ဇူလိုင် ၇ ရက်မှ စတင်ကာ အသင်းသားများအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ထုတ်ချေးပေးခြင်းဖြစ်ပြီး တစ်ကျပ်ခွဲအတိုးနှုန်းဖြင့် ယခုအခါ အသင်းအားလုံးသို့ ငွေကျပ်စုစုပေါင်း ၁၃၆၅၂၂၀၂၅၀ ကို ထုတ်ချေးပြီးဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

## သိန္နီမြို့၌ မြစိမ်းရောင်ငွေစာရင်းထိန်းသိမ်းမှုသင်တန်းဖွင့်လှစ်သင်ကြား

**သိန္နီ ဩဂုတ် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၈ ရွာ ယူနစ်၊ ကျေးရွာပေါင်း ၁၆ ရွာမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအား မြစိမ်းရောင်ငွေစာရင်းထိန်းသိမ်းမှုသင်တန်းဖွင့်ပွဲကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက သိန္နီမြို့ သံလွင်ဦးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ သိန္နီမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြစိမ်းရောင်ရန်ပုံငွေကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ စုစုပေါင်း ၆၀ ဦးတက်ရောက်ကြပြီး သင်တန်းကိုဩဂုတ် ၅ ရက်မှ ၆ ရက်ထိ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

## ကျောင်းသား၊ ကျောင်းသူများနှင့် ဈေးရောင်း၊ ဈေးဝယ်များ လွယ်ကူချောမွေ့စွာသွားလာနိုင်စေရေး ကွန်ကရစ်လမ်းခင်း



**ဝါးခယ်မ ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရေကျော်ရပ်ကွက် ရုံဟောင်းလမ်းသစ်၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဈေးရောင်း၊ ဈေးဝယ်များ၊ ခရီးသွားပြည်သူများ အချိန်အခါ ရာသီမရွေး လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်စေရေးအတွက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၆ ရက် နံနက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရုံဟောင်းလမ်းသစ်သည် မြူရုံးလမ်းနှင့် မြို့ပတ်လမ်းသို့ထိစပ်သော ဖြတ်လမ်းဖြစ်ပြီး ရေကျော်ရပ်ကွက်နှင့် ကျုံစိန်ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများ၊ ဈေးရောင်းဈေးဝယ်များ၊ ကျောင်းသား၊ ကျောင်းသူများ အစဉ်အမြဲဖြတ်သန်းသွားလာလျက်ရှိကာ အရှည် ၁၂၉၁ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆ သိန်း၊ ဒေသခံပြည်သူများမှ ထည့်ဝင်ငွေ ၁၁၂ သိန်း စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ၂၄၈ သိန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးသွားပါက အ.မ.က တာဝတီံသာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဒေသခံပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် အချိန်အခါ ရာသီမရွေး အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

ကြေးမုံ

ဩဂုတ် ၈၊ ၂၀၁၆

# အမရပူရဒေသထွက် ချည်ထည်နှင့် ချိတ်လုံချည်များကို နိုင်ငံတကာခရီးသွားတို့ ဝယ်ယူမှုများပြား

**မန္တလေး ဩဂုတ် ၇**

တောင်သမန်အင်း ဦးပိန်တံတားတွင်ရေကြီးသော်လည်း ပြည်တွင်းပြည်ပဧည့်သည်များ နေ့စဉ်လာရောက်လျက်ရှိသည်။ လက်ရှိကာလတွင် ဦးပိန်တံတား ခေတ္တယာယီသွားရောက်ခွင့်ပိတ်ထားသော်လည်း ရေကြည့်လာသူများ၊ ဦးပိန်တံတားသို့ လာရောက်လေ့လာသည့် နိုင်ငံတကာခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။ နိုင်ငံတကာခရီးသွားများမှာ ပြည်တွင်းစားသောက်ဖွယ်ရာများကို ဝယ်စားသည်များလည်း တွေ့နေရသည်။ တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည် အမျိုးသမီးများမှာ အမရပူရဒေသထွက် ချည်ထည်နှင့် ချိတ်လုံချည်အဆင်ဆန်းများကို အထူးနှစ်သက်သဘောကျကာ ဝယ်ယူကြကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့သည် ရက်ကန်းပညာထွန်းကားပြီး နာမည်ကြီးသောဒေသပင်ဖြစ်သည်။ အထူးသဖြင့် ချည်ထည်၊ ပိုးထည်၊ ချိတ်လုံချည်ဒီဇိုင်းများနှင့် လွန်းတစ်ရာ၊ ရာကျအထည်မှာ နာမည်ရသည်။ အမရပူရဒေသတွင် လက်ရက်ကန်းအစား စက်ရက်ကန်းများ အစားထိုးဝင်ရောက်လာသည်။ ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးသည် စက်ရက်ကန်းထောင်ပါက အနည်းဆုံးခြောက်စင်မှ စတင်လုပ်ဆောင်ကြသည်။

လက်ရှိကာလတွင် စက်ရက်ကန်းစက်ပိုင်ရှင်လုပ်ငန်းအသေးစားများသည် အထည်ကုန်သည်ရှာဖွေခြင်းထက် လုပ်ငန်းရှင်ကြီးများနှင့်ဆက်သွယ်ကာ ချည်ပေးအထည်သွင်းစနစ်ဖြင့် လုပ်ဆောင်ကြသည်။ ထိုသို့လုပ်ဆောင်ရခြင်းမှာ အထည်ဈေးကွက်အေးနေ၍ ပြုလုပ်ရခြင်းဖြစ်သည်။ ကုန်သည်ကြီးများသည် ဖောက်သည်များပြီး ကုန်သိုလှောင်နိုင်စွမ်းရှိကြသည်။ ရက်ကန်းလုပ်ငန်းသည် အရင်းအနှီးကြီးသည်ဟု သိရပြီး စက်ရက်ကန်းစင်တစ်စင်လျှင် ငွေကျပ်သိန်းနှစ်ဆယ်ခန့်ပေးရပြီး စက်အမျိုးအစားပေါ်မူတည်ကာ တန်ဖိုးကွာခြားသွားတတ်သည်။

စက်ရက်ကန်းနှင့်အတူ ရက်ဖောက်ရက်သည့်စက်များပါ အစုံဝယ်ယူကြရသည်။ စက်ရက်ကန်းတစ်စင်လျှင် ချည် ၁၀ ထုပ်ခန့်ကုန်သည်။ စက်ရက်ကန်းတစ်တန်းအတွက် ချည်တန်ဖိုးမှာ ငွေကျပ်ငါးသိန်းကျော်ပေးရသည်။ တစ်တန်းလျှင် အထည်ကွင်း ၂၅၀ ကွင်းရရှိသည်။ စက်ရက်ကန်းခြောက်စင်အတွက် အလုပ်သမားခြောက်ဦးသုံးရသည်။ လက်ရှိကာလတွင် အမရပူရမြို့တွင် အဆင်ဆန်းချိတ်လုံချည်များကို ရက်လုပ်ရောင်းချလျက်ရှိသည်။ အမရပူရဒေသထွက် အထည်များကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးသဘောကျကာ ဝယ်ယူမှုများပြားလျက်ရှိကြောင်း ဦးပိန်တံတားမှ အထည်ရောင်းချသူတစ်ဦးက ပြောသည်။

**တိမ်တမန်**



# ဆည်စုကျေးရွာတွင် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန်လျာထား

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု ဆည်စုကျေးရွာတွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို လာမည့် ဒုတိယပတ်တွင် ထုတ်ချေးပေးရန် လျာထားလျက်ရှိသည်။

ကျွန်တော်တို့ကို ယခင်နှစ်က တစ်ဧက တစ်သိန်းနှုန်းနဲ့ ထုတ်ချေးပြီး ယခုနှစ်မှာတော့ တစ်ဧကကို တစ်သိန်းခွဲနှုန်းနဲ့ ထုတ်ချေးမှာဆိုတော့ ယခင်နှစ်ထက်ပိုပြီး အဆင်ပြေတယ်။ ချိုင်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဆည်စုကျေးရွာက တောင်သူဦးရေ ၂၇ ဦးကို အုပ်စု ၉ စုဖွဲ့ပြီး လယ်ဧကစုစုပေါင်း ၉၃ ဧကအတွက် ၁၃၉၅၀၀၀၀ ကျပ်၊ ညောင်ကုန်းကျေးရွာ တောင်သူဦးရေ ၇၂ ဦးကို အုပ်စု ၂၄ စုဖွဲ့ပြီး လယ်ဧက ၃၃၃ ဧကအတွက် ၄၉၉၅၀၀၀၀ ကျပ်နဲ့ ကျွန်း/ချိုင်းကျေးရွာမှာရှိတဲ့ တောင်သူဦးရေ ၃၆ ဦးကို အုပ်စု ၁၂ စုဖွဲ့ပြီး လယ်ဧက ၁၂၈ ဧကအတွက် ၁၉၂၀၀၀၀၀ ကျပ်နှင့် ကျွန်း/ကုန်းကျေးရွာမှ တောင်သူဦးရေ ၃၇ ဦးကို အုပ်စု ၁၃ စုဖွဲ့ပြီး ၁၄၆ လယ်ဧကအတွက် ၂၁၉၀၀၀၀၀ ကျပ်ကို ထုတ်ချေးပေးမှာဖြစ်တယ်။ မိုးရာသီစပါးစိုက်ပျိုးရာတွင် ထွန်ယက်စရိတ် အလုပ်သမားငှားရမ်းခများ အပြင် သွင်းအားစုများဖြစ်တဲ့ မျိုးစပါးနဲ့ ဓာတ်မြေသဇာစသည့် ကုန်ကျစရိတ်များစွာရှိသည့်အတွက် စိုက်ပျိုးစရိတ်များကို ယခင်နှစ်ထက် ပိုပြီးထုတ်ချေးပေးသောကြောင့် တောင်သူများအတွက် ငွေကြေးအခက်အခဲများ အဆင်ပြေလာတော့မည် ဖြစ်ပါတယ်” ဟု ဆည်စုကျေးရွာနေ တောင်သူ ဦးဖိုးသစ်က ပြောသည်။

**ဆုထက်လှိုင်**

# မန္တလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေများ ရှင်းလင်း

**မန္တလေး ဩဂုတ် ၇**

မန္တလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေများ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၇ လမ်းနှင့် သဇင်လမ်းထောင့်ရှိ မန္တလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးမြို့ရှိ သွင်းအားစုဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးထုတ်လုပ်တင်သွင်းရောင်းချသူများ၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်မြင့်ဇော်က ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၄) ဖြင့် ပြဋ္ဌာန်းခဲ့သော ပိုးသတ်ဆေးဥပဒေနှင့် ပိုးသတ်ဆေးဖော်စပ်၊ ထုပ်ပိုးရောင်းချခွင့်လိုင်စင်ရယူခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ပိုးသတ်ဆေးသုံးစွဲသူလိုက်နာရမည့် စည်းကမ်းများ၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခြင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အေးအေးဌေးက စိုက်ပျိုးသီးနှံများတွင် လူကိုအန္တရာယ်မဖြစ်စေရေး ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်းများကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါက်တာစန်းလှထွေးက သဘာဝမြေဩဇာများ ထုတ်လုပ်သုံးစွဲခြင်း၊ သွင်းအားစုဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲခြင်းနှင့် မြေဆီလွှာထိန်းသိမ်းနည်းများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်လှိုင်ကြည်ပြာက မျိုးစေ့ဥပဒေနှင့် ပြင်ဆင်သည့်ဥပဒေပါ အချက်များကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းကိုလည်းကောင်း တင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့ထုတ်လုပ်တင်သွင်း ရောင်းချသည့်လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဖြေကြားပေးခဲ့သည်။ **သီဟကိုကို(မန္တလေး)**

# ကျေးရွာမြေငှားဂရန်များ ထုတ်ပေးပြီးဖြစ်

**ရွှေဘို ဩဂုတ် ၇**

ပြည်သူ့အတွက်ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ပြီး မိမိနေထိုင်သောမြေများ ပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း မြို့နယ်ခြောက်ခုရှိ တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာနှုန်းဖြင့် မြေငှားဂရန်များ ထုတ်ပေးရန် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် မြေငှားဂရန်ထုတ်ပေးရေးကော်မတီတို့မှ ကျေးရွာမြေငှားဂရန်များကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင်လကုန်တွင် ခရိုင်လုံးကျွတ် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခဲ့သည်။

မြေငှားဂရန်များကို ရွှေဘိုမြို့နယ် အုတ်ရှစ်ကန်ကျေးရွာတွင် မြေငှားဂရန် ၈၂ ခု၊ ဝက်လက်မြို့နယ် နတ်ကုန်းကျေးရွာတွင် မြေငှားဂရန် ၃၉ ခု၊ ခင်ဦးမြို့နယ် မြကန်ကျေးရွာတွင် မြေငှားဂရန် ၉၆ ခု၊ ရေဦးမြို့နယ် ကုန်းကြီးကျေးရွာတွင် မြေငှားဂရန် ၂၀ ခု၊ တန့်ဆည်မြို့နယ် တနယ်ကျေးရွာတွင် မြေငှားဂရန် ၃၉ ခုနှင့် ဒီပဲယင်းမြို့နယ် ညောင်လှကျေးရွာတွင် မြေငှားဂရန် ၁၆၆ ခုတို့ကို ထုတ်ပေးပြီးခဲ့ရာ ရွှေဘိုခရိုင်လုံးကျွတ် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**



မင်းဘူးခရိုင် စလင်းမြို့နယ် ကံပြားကျေးရွာအနီးရှိ စလင်း-စေတုတ္တရာ ဆက်သွယ်သည့် လမ်းမှ မိုင်တိုင်အမှတ် (၁၉)၊ ပေါင်းမကျီးချောင်းရေကျော်သည် ဇူလိုင် ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးပြိုကျခဲ့ရာ မြို့နယ်လမ်းဦးစီးဌာနမှ ဩဂုတ် ၅ ရက်တွင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ကျောက်ကြီးများချ၍ အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သူရထွန်း(ပွင့်ဖြူ)

# တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**မကွေး ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စု၏ ခွဲဝေခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီး၏ ခွဲဝေခွင့်ပြုရန်ပုံငွေများဖြင့် ဌာနအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာအလိုက် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး လုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အစိုးရအဖွဲ့မှဦးဆောင်ကာ တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မကွေးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနိုင်ဦးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်မြင့်က အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့သည်။

ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ထိန်းညှိကြီးကြပ်ရေးအဖွဲ့ သဘာပတိအဖြစ် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ အဖွဲ့ဝင်များအဖြစ် တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးသန်းတို့က ဆောင်ရွက်ခဲ့ကြပြီး ဒေသန္တရစီမံကိန်းဥပဒေမူကြမ်းရေးဆွဲခြင်းလုပ်ငန်းစဉ်များခေါင်းစဉ်ဖြင့် တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းကလည်းကောင်း၊ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဆွေက ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်း၊ စိစစ်ခြင်းနှင့် ဥပဒေကြမ်းတင်သွင်းခြင်း ခေါင်းစဉ်နှင့် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မင်းမှ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းနှင့် အခွန်ဆိုင်ရာဝေါဟာရများ ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးတင်ပြခဲ့သည်။

တင်ပြချက်များအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ရာ အကြံပြုတင်ပြချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် စာတမ်းရှင်များမှ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ ထိန်းညှိကြီးကြပ်ရေးအဖွဲ့က လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ထိန်းညှိကြီးကြပ်ရေးအဖွဲ့ သဘာပတိအဖြစ် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်း၊ အဖွဲ့ဝင်များအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးသန်းဆွေနှင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆွေတို့က ဆောင်ရွက်ခဲ့ကြပြီး တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဒေသန္တရစီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် စီမံကိန်းဆိုင်ရာဝေါဟာရများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဦးက ခွင့်ပြုငွေသုံးစွဲခြင်း၊ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းနှင့် အရေးပေါ်ရန်ပုံငွေလိုအပ်ချက်တောင်းခံသည့် ကိစ္စရပ်များခေါင်းစဉ်နှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်က အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးတင်ပြခဲ့ရာ အကြံပြုဆွေးနွေးမေးမြန်းခြင်း၊ ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းနှင့် အဆိုပါ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

ဆောင်းပါး

# ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှ အားလုံးအကျုံးဝင်–သို့

**ခင်မောင်ညို(ဘောဂဗေဒ)**

လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းကတော့ 'ဆင်းရဲနွမ်းပါးမှုလျှော့ချရေး' ဆိုတဲ့ အကြောင်းအရာကို မြန်မာနိုင်ငံမှာ ပထမဆုံးကျယ်ကျယ်ပြန့်ပြန့် ကြားရတယ်။ အရင်တုန်းကတော့ ဆင်းရဲနွမ်းပါးမှုဆိုတဲ့ ဝေါဟာရဟာ၊ ရှောင်ရှားဆင်ခြင်စရာတစ်ခု ဖြစ်ခဲ့ဖူးပါတယ်။ အခုတော့ အများအကျိုးဝင်ပတ်သက်တဲ့ တိုးတက်မှု၊ စဉ်ဆက်မပြတ်တိုးတက်မှုဆိုတဲ့ ဝေါဟာရတွေကို ကျယ်ကျယ်လောင်လောင်ကြားလာရတယ်။ ဘာတွေထူးခြားသလဲ၊ ဘာတွေ တူညီပြီး၊ မတူညီတာတွေက ဘာတွေလဲ၊

တစ်ခါတလေမှာတော့ အများနဲ့ သက်ဆိုင်တဲ့ အများအကျိုးဝင်တဲ့ တိုးတက်မှုဆိုတဲ့ ဝေါဟာရအစား၊ အခြေခံကျယ်ပြန့်တဲ့ တိုးတက်မှု (broad based growth)၊ မျှဝေတဲ့ တိုးတက်မှု (showed growth)၊ ဆင်းရဲသားအကျိုးပြုတိုးတက်မှု (Pro-poor growth) ဆိုတဲ့ ဝေါဟာရတွေနဲ့ အလဲအလှယ်လုပ်ပြီး သုံးလေ့ရှိပါတယ်။ ဒီတော့ ယေဘုယျအားဖြင့်ပြောရရင် ဟိုတုန်းကပြောခဲ့ကြတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ လမ်းကြောင်းတူတယ်လို့ဆိုရမယ်။

တကယ်တော့ မြန်ဆန်တဲ့ စီးပွားရေးတိုးတက်မှုနှုန်းရရှိရေးဟာ ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့အတွက် လိုအပ်ပါတယ်။ စီးပွားရေးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မှာမဟုတ်လား။ ဒါပေမယ့် ရေရှည်မှာ မြန်ဆန်တဲ့ စီးပွားရေးတိုးတက်မှုနှုန်းကို ရရှိဖို့အတွက် စီးပွားရေးကဏ္ဍအားလုံး၊ နယ်ပယ်အားလုံး၊ အကျုံးဝင်ဖို့ လိုအပ်သလို၊ ပြည်သူပြည်သားအများစု အထူးသဖြင့် လုပ်သားအများစု ပါဝင်ပတ်သက်ဖို့လည်း လိုအပ်ပါတယ်။ တစ်နည်းပြောရရင် ဘယ်လိုနည်းနဲ့ တိုးတက်တယ်ဆိုတာရယ်၊ ဘယ်လိုပုံစံနဲ့ တိုးတက်တယ်ဆိုတာတွေကလည်း အပြန်အလှန်ဆက်စပ်လာတယ်။ အများအကျိုးဝင်တယ်၊ ပါဝင်ပတ်သက်တယ်ဆိုတာက မျှတတာ၊ အခွင့်အလမ်းတွေတန်းတူရရှိတာ၊ ဈေးကွက်အပြောင်းအလဲ၊ အလုပ်အကိုင် အပြောင်းအလဲမှာ ကာကွယ်စောင့်ရှောက်မှုပေးတာတွေ ပါဝင်ပါတယ်။ ဈေးကွက်ရရှိမှု၊ စွမ်းအားစုရရှိမှု၊ ဥပဒေတွေက စီးပွားရေးလုပ်ငန်းတွေအတွက်ရော၊ လူတစ်ဦးချင်းအတွက်ပါ၊ တန်းတူညီမျှ အခွင့်အရေးရရှိဖို့ပါ။ ဆိုလိုတာက အခွင့်အလမ်းတွေ၊ မညီမမျှဖြစ်နေရင်၊ နိုင်ငံရေးနယ်ပယ်မှာ မတည်မငြိမ်ဖြစ်၊ ပဋိပက္ခတွေဖြစ်ပြီး စီးပွားရေး တိုးတက်မှုလမ်းကြောင်းတွေ လွဲချော်သွားစေနိုင်လို့ပါ။

အခု ချဉ်းကပ်ပုံအရ၊ ဝင်ငွေအရင်တိုးအောင်လုပ်၊ ဆူကြုံနိမ့်မြင့်ကွာဟတဲ့ ပြဿနာတွေကို နောက်မှဖြေရှင်းမယ်ဆိုတာမျိုး မဟုတ်ဘဲ အစကတည်းက ထုတ်လုပ်မှုစွမ်းအားရှိတဲ့ အလုပ်အကိုင်တွေ ဖြစ်စေရေးအတွက် ရေရှည်ကိစ္စကိုပါ၊ ထည့်သွင်းစဉ်းစားထားပါတယ်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနဲ့ ခြားနားတာက နောက်ကျမှ ဝင်ငွေတွေပြန်ခွဲဝေပေးဖို့ စဉ်းစားတာမျိုးမဟုတ်ဘဲ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုရော စီးပွားရေးတိုးတက်မှုကိုပါ တစ်ပြိုင်တည်း ပူးတွဲပြီး စဉ်းစားထားတာဖြစ်ပါတယ်။ စဉ်ဆက်မပြတ်မြင့်မားတဲ့ တိုးတက်မှုနှုန်းရရှိရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို ဘာတွေကတားဆီးထားသလဲ၊ တိုးတက်မှုနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဘယ်အကြောင်းတရားတွေဟာ၊ အရင်းခံတွေ၊ ဇစ်မြစ်တွေ ဖြစ်မလဲဆိုတာ ကြိုတင်လေ့လာ ပြင်ဆင် ထားပါတယ်။ တစ်နည်းပြောရရင်၊ ဆင်းရဲသားတွေကိုပိုပြီး မြန်မြန်ဆန်ဆန်တိုးတက်အောင်၊ ဘာတွေလုပ်ပေးနိုင်မလဲဆိုတာ စဉ်းစားပါတယ်။ အခုလို စဉ်းစားရတာကလည်း တိုးတက်မှုနှုန်းတော့ မြန်ပါရဲ့၊ ဆင်းရဲနွမ်းပါးမှုတော့ မလျော့ဘူးဆိုတဲ့ အတွေ့အကြုံတွေကို မြင်တွေ့နေရလို့ပါ။ သယံဇာတပေါများတယ်ဆိုတဲ့ နိုင်ငံတွေမှာလည်း၊ သယံဇာတတူးဖော်ရေးလုပ်ငန်းတွေဆိုတာမျိုးက အလုပ်သမားများများ ခန့်ထားနိုင်တာမျိုး မဟုတ်သလို၊ ကျန်တဲ့ကဏ္ဍတွေမှာလည်း တိုးတက်တာမျိုးမရှိပါဘူး။ ဝင်ငွေလည်းနိမ့်၊ တိုးတက်မှုလည်းနိမ့်နေတဲ့ နိုင်ငံတွေအတွက် တိုးတက်မှုနှုန်း မြန်ဆန်ဖို့လိုသလို၊ တိုးတက်မှုနှုန်း မြန်ဆန်နိုင်ဖို့ အခြေခံမှန်အောင်လုပ်ဖို့လည်း လိုအပ်ပါတယ်။

ဒီကြားထဲမှာ ဝင်ငွေရရှိပုံ ကွာခြားမှုထက် ပိုင်ဆိုင်မှုကွာခြားတာက စီးပွားရေးတိုးတက်မှုကို ပိုပြီး အနှောင့်အယှက် ဖြစ်စေနိုင်တယ်ဆိုတဲ့ ဝေဖန်မှုမျိုးလည်းရှိပါတယ်။ ဒါလည်း မှန်ပါတယ်။

စီးပွားရေးတိုးတက်မှုရရှိအောင် ဘာတွေလိုအပ်သလဲလို့ စဉ်းစားကြရာမှာ၊ နိုင်ငံအဆင့် စီးပွားရေးတည်ငြိမ်မှု၊ ပိုင်ဆိုင်ခွင့်တွေရဲ့ ထိရောက်မှု၊ ကုန်သွယ်ရေးအတွက် လွတ်လပ်မှုထိရောက်တဲ့ အုပ်ချုပ်မှုစနစ်တွေကို ထည့်စဉ်းစားကြပါတယ်။ ဒါတွေချည်းလားဆိုရင်တော့ မဟုတ်သေးပါဘူး။ နိုင်ငံအလိုက် မူဝါဒတွေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့လည်း၊ ပတ်သက်ဆက်နွယ်မှု ရှိပါတယ်။ နိုင်ငံအလိုက် လက်ရှိရှိနေတဲ့ အဟန့်အတားတွေကို တစ်ဆင့်ပြီးတစ်ဆင့် ဘယ်လိုဖယ်ရှားပြီး ပြုပြင်ပြောင်းလဲနိုင်မလဲဆိုတာ အရေးကြီးပါတယ်။

အတိုဆုံးပြောရရင် စဉ်ဆက်မပြတ် အားလုံးအကျုံးဝင်တဲ့ တိုးတက်မှုရရှိရေးအတွက် အဓိကအချက်ဟာ ထုတ်လုပ်မှုစွမ်းအားရှိတဲ့၊ အလုပ်အကိုင်ရရှိရေး (Productive Employment) ဖြစ်ပါတယ်။ အလုပ်အကိုင်တွေ၊ ဝင်ငွေတွေ တိုးပွားတာသက်သက်ကို ပြောတာမဟုတ်ဘဲ အလုပ်အကိုင်ရနေသူတွေနဲ့ ကိုယ့်ဘာသာ အလုပ်လုပ်နေသူတွေရဲ့ ဝင်ငွေတိုးပွားရေး၊ အစွမ်းအစရှိသလောက် အလုပ်လုပ်ခွင့်ရရှိရေးတွေကို ပြောတာဖြစ်ပါတယ်။ အလုပ်လုပ်နေတဲ့သူတွေ ဝင်ငွေမြင့်မားလာစေဖို့ဆိုတာကလည်း သူတို့ရဲ့စွမ်းရည်တွေ လုပ်ရည်ကိုင်ရည်တွေ တက်လာမှ ဖြစ်မှာ မဟုတ်လား။

သူတို့ရဲ့ စွမ်းရည်တွေ၊ လုပ်ရည်ကိုင်ရည်တွေ တိုးတက်လာဖို့ဆိုတာကလည်း နိုင်ငံမှာရှိတဲ့ စွမ်းအားစုတွေ၊ သယံဇာတတွေကို အသုံးချဖို့ ဘယ်လောက်အခွင့်အလမ်းရှိသလဲ ဆိုတဲ့အပေါ် မူတည်နေပါတယ်။ အခုလို အခွင့်အလမ်းဆိုတာကလည်း အချိန်ကြာလာလေ တိုးမြင့်လာလေ ဖြစ်ရမှာပါ။

တစ်ခါတစ်ရံ ပညာအဆင့်နိမ့်ကျ၊ ကျန်းမာရေးမကောင်းဆိုတဲ့ အကြောင်းတွေကြောင့် အလုပ်လုပ်ခွင့်ရတာ၊ အလုပ်လုပ်ခွင့်ရပေမယ့် ထုတ်လုပ်မှုစွမ်းအားနိမ့်၊ ဝင်ငွေနိမ့်တာတွေကိုလည်း တွေ့ရတတ်ပါတယ်။

အားလုံးအကျုံးဝင် စဉ်ဆက်မပြတ် တိုးတက်မှုနှုန်းမြင့်မားရေးဟာ ရေရှည်လုပ်ငန်းစဉ်ဖြစ်လို့ ခုရေးတွင်းတူး၊ ခုရေကြည်သောက်ရတဲ့ကိစ္စမျိုး၊ ပြုပြင်ပြောင်းလဲလိုက်တာနဲ့ ချက်ချင်း ရလဒ်ထွက်ပေါ်နိုင်တာမျိုးတော့မဟုတ်ဘူး။ ဒါပေမယ့် ခုရှုပ်မှ၊ နောင်ရှင်းမယ့်၊ ပြုပြင်ပြောင်းလဲရေးမျိုး ဖြစ်ပါတယ်။



## ညောင်ပင်သာလေးကျေးရွာတွင် စက်ရေတွင်းတူးဖော်ရန် မြေနေရာ စမ်းသပ်ရှာဖွေစစ်ဆေးမှုလုပ်ငန်းများ လုပ်ဆောင်

**တပ်ကုန်း ဩဂုတ် ၇**

နေပြည်တော်တပ်ကုန်းမြို့နယ် လွှတ်ဘုံကျေးရွာအုပ်စု ညောင်ပင်သာလေးကျေးရွာတွင် မြေအောက်ရေများကို သောက်သုံးရေအသုံးပြုနိုင်ရန်အတွက် စက်ရေတွင်းတူးဖော်မည့် မြေနေရာစမ်းသပ်ရှာဖွေခြင်းလုပ်ငန်းများကို ဩဂုတ် ၄ ရက်မှစတင်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးလှထွန်းနှင့်ဖွဲ့မာန်ထက်ကုမ္ပဏီမှ ပညာရှင်များ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အုပ်စုအတွင်းရှိ ညောင်ပင်သာလေးကျေးရွာက အိမ်ခြေ ၁၀၅ လုံး၊ လူဦးရေ ၁၂၉၉ ဦးခန့် နေထိုင်လျက်ရှိပြီး အနောက်ရိုးမတောင်တန်းမှ စီးဆင်းလာသည့် မုန်ချောင်းတစ်ချောင်းရှိပါတယ်။ ထိုချောင်းထဲတွင် ဒေသခံများက လက်ယက်တွင်းဖြင့် သောက်ရေ၊ သုံးရေများအသုံးပြု သုံးစွဲနေရပါတယ်။ နွေရာသီအချိန်ရောက်တာနဲ့ ရေခက်ခဲမှုဖြစ်ပေါ်လျက်ရှိသော ကျေးရွာဖြစ်ပါတယ်။ ယင်းကျေးရွာပြည်သူများ သောက်သုံးရေရရှိရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း ပထမနှစ်ထောက်ပံ့ငွေနှင့် ဦးပေါ်ရွှေ၏ အိမ်ဝိုင်းထဲတွင် စက်ရေတွင်းတူးဖော်ခဲ့ရာ ပေ ၄၃၀ ခန့်၌ ဂက်စ်ငွေ့များထွက်ရှိသဖြင့် စက်ရေတွင်း တူးဖော်လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပါတယ်။ နောက်တစ်နေရာရွှေ့၍ ဦးဘိုအောင်၏ အိမ်ဝိုင်းထဲတွင် တူးဖော်တဲ့အခါမှာလည်း ပေ ၃၈၀ ခန့်၌ ဂက်စ်ငွေ့များ ထပ်မံထွက်ရှိမှုဖြစ်ပေါ်ခဲ့ပါတယ်။ ယင်းဂက်စ်ငွေ့ထွက် တွင်းနှစ်တွင်းစလုံး ပြန်ပိတ်ထားပြီး၊ ယခု စက်ရေတွင်းတူးဖော်ရန် မြေနေရာထပ်မံရှာဖွေနေပါတယ်" ဟု လွှတ်ဘုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဦးက ပြောသည်။

**တင်စိုးလွင်**

## ရသားရေလွှဲဆည်ရေကျော်သဖြင့် မူးတိမ်အလယ်ချောင်း၌ နှစ်နေရာကျိုးပြတ်ကာ ပျိုးခင်းများအတွင်းရေဝင်ရောက်

**ခင်ဦး ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ဩဂုတ် ၆ ရက်က မူးတိမ်အလယ်ချောင်းမှာ နှစ် နေရာကျိုးပြတ်သွားခဲ့သည်။

အဆိုပါ ကျိုးပြတ်သည့်နေရာများသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး မျိုးသန့်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။

မူးတိမ်အလယ်ချောင်း ကျိုးပြတ်ရခြင်းမှာ ရသားရေလွှဲဆည်ပေါ်မှ ရှစ်ပေခွဲကျော်ပြီး ငါးရုံကြီး ရေဆိုးချောင်းမှ ရေများဝင်ရောက်သဖြင့် ယခင်နှစ်ထက်စာလျှင် အနည်းငယ်သာ ကျိုးပြတ်ခဲ့ခြင်းဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှသိရသည်။

မူးတိမ်အလယ်ချောင်း ကျိုးပြတ်သဖြင့် နွေစပါးမရိတ်သေးသော လယ်ကွက်များ၊ မိုးစပါးစိုက်ပျိုးရန် ပျိုးထောင်ထားသော ပျိုးခင်းများမှာ ရေလွှမ်းသွားခဲ့ကြောင်း တစ်ရက်၊ နှစ်ရက်အတွင်း ရေလျော့ကျသွားပါက ပျက်စီးမှုမရှိနိုင်ကြောင်း သာဝတ္တိကျေးရွာမှ ရေလွှမ်းခံရသည့် တောင်သူ ဦးအောင်ဆန်းက ပြောသည်။

မူးတိမ်ချောင်းပေါ်တွင် ရေကျော်နေသောနေရာများနှင့် ကျိုးပြတ်နိုင်သောနေရာများကို မြို့နယ်ရဲတပ်ဖွဲ့မှ မျောတိုင်များ၊ သဲအိတ်များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**



## ဗန်းမောက်မြို့၌ ကျေးရွာ မြေငှားဂရန်များ ပေးအပ်

**ဗန်းမောက် ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဒယူးအုပ်စု တောင်လည်ကျေးရွာအတွင်းရှိ အိမ်ထောင်စုများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက်ပေါင်း ၁၀၀ လုပ်ငန်းစီမံချက်အရ ဆောင်ရွက်ပေခဲ့သည့် ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားကို ဒယူးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက ကျေးရွာတစ်ရွာချင်းအလိုက် မြေငှားဂရန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးနေတာဖြစ်ပြီး မြေငှားဂရန်များရရှိခြင်းကြောင့် ကျေးရွာမှ ပြည်သူများအနေဖြင့် လက်ရှိနေထိုင်သည့် မြေကွက်များပေါ်တွင် ပိုင်ဆိုင်မှု အထောက်အထားခိုင်မာစွာဖြင့် နေထိုင်နိုင်ကြောင်း ပြောကြားပြီး အဆိုပါကျေးရွာ မြေငှားဂရန်များကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ကြရာ အိမ်ထောင်စု တစ်စုချင်း အလိုက်လက်ခံရယူကြကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာကို ရွေးချယ်ပြီး မြေငှားဂရန် ထုတ်ပေးနိုင်အောင် အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ပေးကြတဲ့ သက်ဆိုင်ရာဌာနက တာဝန်ရှိသူများကို ကျေးဇူးအထူးတင်ရှိပါတယ်။ တရားဝင် မြေပိုင်ဆိုင်မှုရရှိတဲ့အတွက်လည်း ကျွန်တော်အပါအဝင် ကျေးရွာက ပြည်သူတွေလည်း ဝမ်းသာနေကြတာပေါ့ဗျာ" ဟု တောင်လည်ကျေးရွာနေ ဦးချစ်တင်က ပြောသည်။

**မေသူ (ဗန်းမောက်)**

# သစ်ပင်မစိုက် ထိုလူမိုက်ကို ရိုက်ပုတ်လိုက်ကြ

ဒေါက်တာလွင်ကို

မြန်မာနိုင်ငံတွင် လူဦးရေတိုးပွားလာသည်နှင့်အမျှ သစ်သုံးစွဲမှု တစ်နေ့ထက်တစ်နေ့ များပြားလာပါသည်။ ၁၉၄၈ ခုနှစ်၊ မြန်မာပြည်လွတ်လပ်ရေးရချိန် လူဦးရေ ၁၇ သန်းရှိပြီး မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ၅၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်တွင် လူဦးရေသန်း ၅၀ ကျော်ရှိပြီး လူဦးရေများလာသည်နှင့်အမျှ သစ်သုံးစွဲမှု၊ လောင်စာထင်းသုံးစွဲမှုပိုမိုများပြားလာပြီး သစ်တောများ ခုတ်ယူခြင်းကြောင့် သဘာဝရာသီဥတုများလည်း ထိခိုက်လာသည်ကို တွေ့မြင်လာရသည်။

ဥတုရာသီတောကိုမှီ၏ဆိုသကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများသည် မိမိနိုင်ငံ သစ်တောဖုံးလွှမ်းမှုအပေါ် များစွာတည်မှီပါသည်။ ယနေ့နိုင်ငံတကာတွင် မုန်တိုင်းများ ကျရောက်ခြင်း၊ ရေကြီးခြင်း၊ အချိန်အခါမဲ့မိုးရွာခြင်း၊ ရေခဲတောင်အရည်ပျော်ခြင်းစသည့် ရာသီဥတုဖြစ်စဉ်များနှင့် သဘာဝဘေးအန္တရာယ် အကျိုးဆက်များခံစားကြရမှုမှာ သစ်တောများပြုန်းတီးမှု၏ အကျိုးဆက်များ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတွင် GDP နှစ်စဉ် ၃၅ ရာခိုင်နှုန်းကို နေရာယူပါသည်။ တိုင်းပြည်၏ ၇၀ ရာခိုင်နှုန်းသောပြည်သူများက စိုက်ပျိုးရေးကို မှီခိုလုပ်ကိုင်ဆောင်ရွက်နေကြသူများဖြစ်ပါသည်။ သို့သော်ရာသီဥတုဖောက်ပြန်မှု သဘာဝဘေးအန္တရာယ်များကြောင့် စိုက်ပျိုးရေးကို ထိခိုက်ပျက်စီးစေပြီး၊ သီးနှံများ အထွက်နှုန်း ထိခိုက်၍ တောင်သူများ၏ ဝင်ငွေနှင့်တိုင်းပြည်စီးပွားရေးကို ထိခိုက်စေခဲ့ပါသည်။ သစ်တောများရှိခြင်းဖြင့် မိုးရွာသွန်းမှု၏ ၃၀ ရာခိုင်နှုန်းကို သစ်တောသစ်ပင်များ၏ သစ်မြစ်များက ထိန်းသိမ်းနိုင်ပါသည်။ သစ်တောဧရိယာ ၁ ဟက်တာတွင် မိုးရေချိန် ၁၀၀၀ ကုဗမီတာ မှ ၂၀၀၀ ကုဗမီတာအထိ စုပ်ယူထိန်းသိမ်းထားနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာတွင် သစ်တောများအားအစိမ်းရောင်ဆည် green dam ဟုပင်ခေါ်ကြပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် ၂၀၁၄ ခုနှစ်၌ လူဦးရေသန်း ၇၀၀၀ တွင် သစ်သုံးစွဲမှု စုစုပေါင်း ကုဗမီတာသန်းပေါင်း ၄၅၀၀ ခန့်သုံးစွဲသဖြင့် ပျမ်းမျှတစ်ဦးချင်းသုံးစွဲမှုမှာ သုည ဒသမ ၆၅ ကုဗမီတာသုံးစွဲကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံလူဦးရေအရ (နှစ်စဉ်ရွှေ့ပြောင်းတောင်ယာခုတ်မှုမပါ ) နှစ်စဉ် သစ်သုံးစွဲမှု ကုဗမီတာ ၃၅ သန်းခန့် သုံးစွဲရန် လိုအပ်ပါသည်။ သဘာဝသစ်တောသည် နှစ် ၆၀ မှ ၁၀၀ ခန့်အကြာတွင် တစ်ဧက ကုဗမီတာ ၃၀ သန်းခန့် ခုတ်လှဲရမည်ဖြစ်ပါသည်။ ယင်းသို့သာ သစ်သုံးစွဲမည်ဆိုပါက မိမိနိုင်ငံ သစ်တောများ နောင်နှစ်ပေါင်း ၃၀ ကျော်ခန့်သာ ခံနိုင်တော့မည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၁၉၇၇ ခုနှစ်နောက်ပိုင်း၊ နိုင်ငံအသီးသီး သစ်တော စိုက်ခင်းထူထောင်မှုလုပ်ငန်းများကိုလည်းကောင်း၊ သီးနှံသစ်တောရောနှောစိုက်ခင်း ထူထောင်စိုက်ပျိုးမှုများကိုလည်းကောင်း အမျိုးသားရေးတာဝန်တစ်ရပ်ချမှတ်ပြီး အစိုးရအသီးသီးမှမူဝါဒချမှတ်ကာ ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ ပြည်သူများ၊ လုပ်ငန်းရှင်ပြည်သူများ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှပါဝင်ပြီး သစ်တောများ ပြန်လည်ထူထောင်ကာကွယ်ရေးလုပ်ငန်းများ၊ သီးနှံသစ်တောရောနှော စိုက်ခင်းများအား နေရာအနှံ့ကျယ်ပြန့်စွာထူထောင်စိုက်ပျိုးရန် အရေးကြီးသည့်အချိန်ရောက်ရှိပြီ ဖြစ်ပါသည်။

သစ်တောလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းမှာ တစ်ခုနှင့်တစ်ခုဆက်စပ်နေသည့်အပြင် ဒေသခံပြည်သူများအပါအဝင် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးမှသာ ရာနှုန်းပြည့် မြန်မြန်ဆန်ဆန်အောင်မြင်မည်ဖြစ်ပါသည်။

ထို့သို့ သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ဆောင်ရွက်ပြီး စက်မှုကုန်ကြမ်း "အကြီးမြန်သစ်ပင်" များ စိုက်ပျိုးပြီး မိမိစိုက်ခင်းမှ ထွက်ရှိသည့် သစ်ကုန်ကြမ်းမှ စက်မှုကုန်ကြမ်းရယူဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးသူတောင်သူများ အပိုဝင်ငွေရရှိခြင်း၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ စီပွားဖြစ်ထွန်းလာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်းများ အကျိုးရှိစေပါသည်။

အကြီးမြန်သစ်ပင်များစိုက်ပျိုးပြီး စက်မှုကုန်ကြမ်းအဖြစ်အသုံးပြုခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုနည်းပြီး အကျိုးကျေးဇူးများစွာရရှိခြင်း၊ ကာလတိုအတွင်း ခုတ်ယူပြီး စီးပွားဖြစ်ထွန်းနိုင်ခြင်း၊ ကျေးလက်စိုက်ပျိုးသူများ၊ လုပ်ငန်းရှင်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုးအကျိုးပြုနိုင်ခြင်း၊ အချိန်တိုကာလအတွင်း သစ်တောများပြန်လည်ဖွံ့ဖြိုးလာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်လမ်းများစွာ ပေါ်ထွန်းလာစေခြင်းနှင့် သဘာဝပတ်ဝန်းကျင်သစ်တောများ ထိန်းသိမ်းကာကွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာရစေပါသည်။



သစ်ပင်ကြီးများ စိုက်ပျိုးခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများရရှိနိုင်ပါသည်။

(၁) သစ်ပင်ကြီးများဟာ ($Co_2$)ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး( Fiber ) အမျှင်အဖြစ် သိမ်းဆည်းကာ( $O_2$) အောက်စီဂျင်ကို ထုတ်ပေးပါသည်။ လေ့လာတွက်ချက်မှုအရ တစ်ဧကပေါ်တွင်စိုက်ထားသော သစ်ပင်များသည် မိုင် ၂၆၀၀၀ ကားမောင်းရာမှ ထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုက် ($Co_2$) ကို စုပ်ယူနိုင်ပါသည်။ ထိုအပင်ကြီးများမှ လူ ၁၈ ယောက်အတွက် တစ်နှစ်စာ အောက်စီဂျင်ကိုလည်း ထုတ်ပေးပါတယ်။

(၂) လေထုထဲမှာရှိနေတဲ့ အညစ်အကြေး (နိုက်ထရစ်အောက်ဆိုက်၊ အမိုးနီးယား၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ အိုဇုန်းဓာတ်) များကို သစ်ရွက်နှင့် သစ်ရွက်အခေါက်များမှ စုပ်ယူပါသည်။ သစ်ပင်ကြီးတစ်ပင်သည် တစ်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက် ၂၄ ပေါင်စုပ်ယူ၍ လူနှစ်ယောက်အတွက် တစ်နှစ်စာအောက်စီဂျင် လုံလောက်အောင်ထုတ်ပေးပါသည်။

(၃) တစ်ဧကပေါ်တွင်စိုက်ထားသောအပင်ကြီးများသည် လူ ၁၀ ယောက်အတွက် တစ်နှစ်စာ($O_2$)ကို ထုတ်ပေးပါသည်။

(၄) အိမ်တိုင်းအိမ်တိုင်းတွင် သစ်ပင်ကြီး တစ်ပင်ရှိပါက၊ သစ်ပင်မရှိသောလမ်း၊ မြို့တို့ထက် အပူချိန် 10˚F လျော့နည်းစေပါသည်။ သစ်ရွက်များမှ တစ်ဆင့်ရေခိုးရေငွေ့ထုတ်လွှတ်ခြင်းကြောင့် ဖြစ်ပါသည်။ သစ်ပင်ကြီးတစ်ပင်သည် တစ်နှစ်တွင် ပျမ်းမျှ ($O_2$) ပေါင် ၂၆၀ ထုတ်ပေးနိုင်၍ နှစ်ပင်ရှိသော အိမ်တွင်မိသားစုလေးယောက်အတွက်($O_2$)လုံလောက်စေပါသည်။

(၅) အိမ်တစ်အိမ်တွင်သစ်ပင်ကြီးသုံးပင်ရှိပါက ၎င်းအိမ်၏ လေအေးစက်လိုအပ်ချက်ကို ၅၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်ပါသည်။ ကျွန်ုပ်တို့ အသက်ရှူစနစ်မှရှူထုတ်လိုက်သော ($Co_2$)သည် အပူလှိုင်းကို ဖြစ်စေရာ၊ ($Co_2$)များကို သစ်ရွက်များ၏ Photoynthesis အသက်ရှူစနစ်ဖြင့် ထိန်းသိမ်းလိုက်သဖြင့် ပတ်ဝန်းကျင်အပူကို လျော့နည်းစေခြင်းဖြစ်ပါသည်။

(၆) သစ်ပင်များရှိခြင်းကြောင့် မိုးရေစီးခြင်းကိုနှေးစေကာ မြေအောက်သို့ ရေစိမ့်ဝင်မှုပိုမိုများပြားစေပါသည်။ ထို့ကြောင့် မြစ်ချောင်းအင်းအိုင်များသို့ ရေစီးဝင်ခြင်းအရှိန်နည်းစေကာ ရေလွှမ်းမိုးမှုကို လျော့ချပေးပါသည်။ ကာကွယ်ပေးပါသည်။

(၇) သစ်ပင်များရှိခြင်းကြောင့် မြေဆီလွှာတိုက်စားခံရမှုကို ကာကွယ်နိုင်ပါသည်။

(၈) USA တွင်လေ့လာချက်အရ ကမ်းခြေတွင်ကစားသောကလေးများတွင် အရေပြားကင်ဆာအဖြစ်များ၍ ပန်းခြံတွင် အရိပ်အောက်ကစားသောကလေးများတွင် ဖြစ်ပွားမှုနည်းပါသည်။ ထို့အပြင် ဒဏ်ရာအနာတရဖြစ်သူများသည် ပြတင်းပေါက်မှ စိမ်းလန်းသောသစ်ပင်များကို ကြည့်နေရပါက သူ၏ ဒဏ်ရာအနာများ မြန်မြန်ကျက်သည်ဟုဆိုထားပြန်ပါသည်။

(၉) သစ်ပင်များက ရာသီဥတုကို ထိန်းသိမ်းပေးပါသည်။ သစ်ပင်များက စီးပွားရေးအခွင့်အလမ်းများ ပေးပါသည်။ ထို့ကြောင့် ( improve quality of life) လူနေမှုဘဝကို မြင့်မားစေပါသည်။

(၁၀) သစ်ပင်များကို ကြည့်နေခြင်းနှင့်ပင် လူတွေရဲ့စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်းနှင့် ကြောက်စိတ်တို့ကို ဖြေဖျောက်ပေးသည်ဟု ဆိုပါသည်။ သစ်ပင်စိုက်ပွဲများ ကျင်းပပေးခြင်းသည် လူတစ်ဦးနှင့်တစ်ဦး ခင်မင်မှုကို တိုးစေပြီး၊ အမျက်ဒေါသနှင့်အမုန်းပွားမှုကို လျော့နည်းစေသည်ဟု ဆိုထားပါသည်။

ဒါကြောင့် သစ်ပင်စိုက်ပွဲတိုင်း ကျွန်တော့်ကို အသိပေးပါခင်ဗျာ။ Face book ကဖြစ်ဖြစ်၊ messenger က ဖြစ်ဖြစ်၊ viber က ဖြစ်ဖြစ်ပေါ့- ကျွန်တော်ဆက်ဆက်လာခဲ့ပါမယ်။


- သစ်ပင်မရှိလျှင် သင်အသက်မရှင်နိုင်ပါ။
- သစ်ပင်မျိုးဆက်သစ်များထူထောင်ပါမှ ကျွန်ုပ်တို့ လူ့ဘောင်မျိုးဆက်တို့ အောင်ပွဲခံနိုင်မှာပါ။

## ထီးချိုင့်မြို့နယ်တွင် ကျေးရွာမြေငှားဂရန်များပေးအပ်

**ထီးချိုင့် ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ဆောင်ရွက်ခဲ့သည့် ကျေးရွာမြေငှားဂရန် (မြေငှားစာချုပ်)များ ပေးအပ်ပွဲအခမ်းအနားကို ထီးချိုင့်မြို့နယ် ကွင်းကြီးအုပ်စု ရွာသစ်ကုန်းရွာ ဘုန်းတော်ကြီးကျောင်းမွောရုံ၌ ဩဂုတ် ၅ ရက် ညနေ ၄ နာရီတွင် ကျင်းပခဲ့သည်။

ကျေးရွာ မြေငှားဂရန်ပေးအပ်ပွဲတွင် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ခရိုင်လဝက ဦးစီးမှူး ဦးခင်မောင်မြင့်က ကျေးရွာမြေငှားဂရန်(မြေငှားစာချုပ်)များ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက



အိမ်ထောင်စု ၃၈ စုအတွက်မြေငှားဂရန်(မြေငှားစာချုပ်) ၃၈ တွဲကို အိမ်ထောင်စု တစ်စုချင်းအလိုက် လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ-ထီးချိုင့်)

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာစိုက်ထူ

**ပြည် ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဇူလိုင် ၃၀ နှင့် ၃၁ ရက်တို့တွင် ခေတ္တရာမြို့သစ် (၄) လမ်းထိပ် ခုတင် ၂၀၀ ဆေးရုံကြီးအနီးနှင့် ဗိုလ်ချုပ်ကြေးရုပ်အနီးတို့တွင် အသိပညာပေးမြေစိုက်ပိုစတာများစိုက်ထူခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်မြင့်အေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ပြီး ပြည်သူများ လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များ ပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၄၉၇)

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး

**လားရှိုး ဩဂုတ် ၇**

အမှတ်(၁၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စု လားရှိုးမှ ယာဉ်ထိန်းရဲအုပ်ကျော်ခိုင်သည် ဩဂုတ် ၅ ရက် နံနက်ပိုင်းက လားရှိုးမြို့နယ် အမှတ်(၉)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဆရာမ ၁၀ ဦးနှင့် ကျောင်းသားကျောင်းသူ ၁၅၁ ဦးတို့အား လည်းကောင်း၊ ယင်းနေ့မွန်းလွဲပိုင်းတွင် လားရှိုးမြို့နယ် ခေးနင်းကျေးရွာအုပ်စု ခေးနင်းကျောင်းတိုက်၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသား ၂၇၀ တို့ကိုလည်းကောင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာဆိုင်ရာ အချက်အလက်များကို ပရိုဂျက်တာဖြင့် ဟောပြောရှင်းလင်းပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

"ကျွန်တော်တို့ လားရှိုးယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ လားရှိုးမြို့နယ်အတွင်းမှာရှိတဲ့ စာသင်ကျောင်းတွေ၊ ကျေးရွာတွေအထိ အထူးကွင်းဆင်းသွားရောက်ပြီး ဇွန်လနှင့်ဇူလိုင်လများအတွင်းက အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါတယ်" ဟု ယာဉ်ထိန်းရဲအုပ်ကျော်ခိုင်က ပြောသည်။ **သီပေါကိုလတ်**

# မျက်ကွယ်ပြုခံနေရသည့် မိသားစုအတွင်း အကြမ်းဖက်ခြင်း

ခ အိချယ်ရီအောင်



မိသားစုအတွင်း အကြမ်းဖက်ခံရသည့် အမျိုးသမီးများစွာရှိသော်လည်း အနည်းငယ်ကသာ ဥပဒေ၏အကာအကွယ်ကို ယူကြသည်။

ရန်ကုန်မြို့လယ်တွင်နေထိုင်သည့် ၃၅ နှစ်အရွယ် မသန်းသန်းဝင်း (အမည်လွှဲ)သည် အိမ်ထောင်ဖက်၏နှိပ်စက်ခြင်းကို ကိုးနှစ်ကြာခံခဲ့ရသည်။ နှိပ်စက်မှုများထဲတွင် မျက်နှာ၊ ဦးခေါင်း၊ ရင်ဘတ်၊ ကျောကုန်း စသည့်နေရာများကို ဆောင့်ကန်ခြင်း၊ နီးစပ်ရာအရာဝတ္ထုဖြင့် ကောက်ပေါက်ခြင်း၊ အော်ဟစ်ဆဲဆိုခြင်းတို့ ပါဝင်သည်။

အိမ်ထောင်သက်ကြာလာလျှင် ညှဉ်းပန်းခံရမှု တဖြည်းဖြည်း လျော့နည်းသွားနိုင်သည်ဟူသော သူ၏မျှော်လင့်ချက်မှာလည်း လက်တွေ့ဖြစ်မလာပေ။

"ကျွန်မကို ပြေးပြေးကန်တာ ဘောလုံးတစ်လုံးလိုပဲ။ လူရှေ့သူရှေ့ နေရာဒေသ မရွေးဘူး၊ သူစိတ်ဆိုးတာနဲ့ ကျွန်မကို ရိုက်နှက်တော့တာပဲ။ ရဲတိုင်ရင် ကလေးတွေကိုပါနှိပ်စက်မယ်လို့ ပြောပါတယ်" ဟု ကျောင်းနေအရွယ် ကလေးသုံးယောက်၏မိခင် မသန်းသန်းဝင်းက ပါးပြင်မှ မျက်ရည်စများကို သုတ်ရင်းရှင်းပြသည်။

အိမ်ထောင်ကျစဉ်က မသန်းသန်းဝင်း၏ မိဘများက သဘောမတူသောကြောင့် စိတ်နာပြီး နှစ်ပေါင်းများစွာ နှိပ်စက်ခဲ့သည်ဟူသော ခင်ပွန်းသည်၏ အခြေအနေက လွန်ခဲ့သည့် သုံးလအတွင်း ပိုဆိုးလာသည်။ ခင်ပွန်းသည်က ဓားတစ်ချောင်းကို သွေး၍ 'ဒီဓားနဲ့ နင့်ကိုသတ်မှာ' ဟု ပြောဆိုခဲ့သဖြင့် ထွက်ပြေးတိမ်းရှောင်နေရသည်ဟု မသန်းသန်းဝင်းက ဆိုသည်။

မိသားစုအတွင်း အကြမ်းဖက်နှိပ်စက်မှုဒဏ်ကို ကြုံတွေ့နေရသော အမျိုးသမီး အများအပြားသည် မသန်းသန်းဝင်း ကဲ့သို့ပင် အမှုဖွင့်တိုင်ကြားလေ့မရှိကြောင်း ကာယကံရှင်များ၊ အရပ်ဘက် အဖွဲ့အစည်းများက ပြောသည်။

အမျိုးသမီး အများအပြားသည် ဝင်ငွေမရှိခြင်း အိမ်ထောင်ကွဲလျှင် တစ်လင်ကွာဟု ကဲ့ရဲ့ပြစ်တင်ခံရနိုင်ခြင်း၊ ကလေးများ စိတ်ဒဏ်ရာရခြင်းတို့ကြောင့် သည်းခံအလျှော့ပေးတတ်ကြသည်ဟု ၎င်းတို့က ဆိုသည်။

**ပညာပေးခြင်း**

ဇူလိုင် ၁၃ ရက် နံနက်ပိုင်း ရန်ကုန် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်မှ ဒေါ်စုစုလှိုင်က အိပ်ပျော်နေသူ ခင်ပွန်းသည်၏ ဦးခေါင်းကို ရဲတင်းဖြင့် ခုတ်ပြီးနောက် ရဲစခန်းသို့သွားရောက် အဖမ်းခံခဲ့သည်ဟု ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

ဒေါ်စုစုလှိုင်တို့ဇနီးမောင်နှံသည် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့မှ ပြောင်းရွှေ့လာကြသည်မှာ နှစ်လနီးပါး ရှိပြီဖြစ်သည်။ ခင်ပွန်းသည်က သူ့ကို နှိပ်စက်ကြောင်း၊ ကိုယ်ဝန်ရှိသဖြင့် ဗိုက်ကိုမကန်ရန် ဒေါ်စုစုလှိုင်တောင်းပန်သည့်အသံ ညတိုင်း ကြားရကြောင်း အိမ်နီးချင်းတို့က ပြောသည်။

"ရိုက်တာ မခံနိုင်လွန်းလို့မိန်းမက အိမ်ပေါ်ကဆင်းပြေးတဲ့ အဖြစ်မျိုးတောင်ရှိခဲ့ဖူးပါတယ်" ဟု ၎င်းတို့အိမ်ရှေ့တွင် နေထိုင်သည့် ဒေါ်စိုးစိုးအေးက ပြောသည်။

ခင်ပွန်းသည်က ထွက်ပြေးသည့် ဒေါ်စုစုလှိုင်ကို ဆံပင်ဆွဲ၍ အိမ်ထဲပြန်ခေါ်သွားသည်ကို မြင်တွေ့ဖူးကြောင်း သူက ဆက်ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး အခြေစိုက် ကွန်ရက်တစ်ခုဖြစ်သည့် Irrawaddy Women's Network မှ ဒုတာဝန်ခံ မသီတာမြင့်က ခင်ပွန်းသည်ကို အိမ်ဦးနတ်အဖြစ် သဘောထားနေကြခြင်းမှာ မိသားစုအတွင်း အကြမ်းဖက်ခြင်းကို အားပေးရာရောက်သည့် အချက်တစ်ခုဖြစ်သည်ဟု သုံးသပ်သည်။

၎င်းတို့၏ ကွန်ရက်သည် အိမ်တွင်း အကြမ်းဖက်ခြင်းနှင့် ပတ်သက်၍ ရွာပေါင်း ၃၀ တွင် လိုက်လံ၍ ပညာပေးဟောပြောပြီးဖြစ်သည်။ နိုင်ငံ့ထက်စီးနင်းပြုခြင်း ပြုလာပါက ခေါင်းငုံ့မခံသင့်ကြောင်း၊ တိုင်ကြားနိုင်သည့် ဥပဒေများရှိကြောင်း ဟောပြောခြင်းကို အထင်လွဲသူများရှိနေကြောင်း မသီတာမြင့်က ပြောသည်။

'လင်မယားတွေကြားမှာ ရန်တိုက်ပေးနေတာ မဟုတ်ပါဘူး'ဟု သူကဆိုသည်။

အမျိုးသမီးအများစုသည် အိမ်တွင်းအကြမ်းဖက်ခံရခြင်းကို ထုတ်ဖော်ပြောကြားခြင်းမပြုဘဲ ဖြစ်လေ့ရှိသည့် အိမ်တွင်းရေးပြဿနာအဖြစ်သာ သဘောထားနေသည်ကို လေ့လာတွေ့ရှိရကြောင်း သူကပြောသည်။

နာမည်ကျော် စာရေးဆရာမကြီး စမ်းစမ်းနွဲ့ (သာယာဝတီ)က အိမ်တွင်းအကြမ်းဖက်မှု လျော့နည်းလာစေရန်အတွက် တရားဥပဒေစိုးမိုးရေးက အဓိကကျကြောင်း ပြောသည်။

အမျိုးသမီးများ ကိုယ့်ကိုယ်ကိုယ် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို သူ၏ဝတ္ထုများတွင် ထည့်သွင်းရေးသားခဲ့သည်။

အမျိုးသမီးများ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းရဲသည့် သတ္တိပေါ်ပေါက်လာစေရန် အတွက်လည်း တွန်းအားပေးသင့်ကြောင်း၊ ဟောပြောခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းစသည့် အသိပညာပေးရေးလုပ်ငန်းများကို အကြိမ်ကြိမ် ပြုလုပ်သင့်ကြောင်း၊ အသိပညာ ဗဟုသုတကြွယ်ဝစေရန်အတွက်လည်း အမျိုးသမီးများသာမက အမျိုးသားများ အနေဖြင့်လည်း စာများများဖတ်ရန်လိုအပ်ကြောင်း ပြောသည်။

တရားဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်း၍ရသည်ကိုပင် နားလည်သူနည်းပါးကြောင်း၊ ရဲတပ်ဖွဲ့ကလည်း တိုင်ကြားချက်ရှိလာလျှင် ထိထိရောက်ရောက် ကိုင်တွယ်သင့်ကြောင်း သူကပြောသည်။

"ဖြစ်ပြီးမှဖြေရှင်းတာထက် မဖြစ်ခင်ကြိုတင် ကာကွယ်တဲ့ နည်းလမ်းကအကောင်းဆုံးပါပဲ" ဟု သူက ဆိုသည်။

ကျောက်တံတားမြို့နယ်ရှိ ရဲအုပ်ဇော်ဝင်းနိုင်က အိမ်ထောင်ဖက်ကို တုတ်၊ ဓားသုံးပြီး တိုက်ခိုက်ခြင်းမှာ လွန်စွာဆိုးဝါးသည့် အပြုအမူဖြစ်သည်ဟု ပြောသည်။

စခန်းသို့ လာရောက်တိုင်တန်းမှုရှိပါက နှစ်ဖက်မိဘဆွေမျိုး၊ ရပ်မိရပ်ဖ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့် ဦးစွာညှိနှိုင်းဖြေရှင်းခိုင်းကြောင်း၊ ထိုအဆင့် မအောင်မြင်မှ အမှုဖွင့်ခြင်းကို လက်ခံဆောင်ရွက်ပေးကြောင်း ပြောသည်။

**တိုင်ကြားသူ၏ လုံခြုံရေး**

ရန်ကုန် ဒလမြို့နယ်မှ ဒေါ်အေးသန္တာက ၎င်း၏ ခင်ပွန်းသည် ဦးတင်မောင်ဝင်း (ခေါ်) ဦးထွန်းရွှေကို ညှဉ်းပန်းနှိပ်စက်မှုဖြင့် တရားစွဲခဲ့သည်။ ဇူလိုင် ၅ ရက်နေ့ တရားရုံးချိန်းမှအပြန်တွင် ဦးတင်မောင်ဝင်းက လည်ပင်းကို ဓားဖြင့်ထိုးသဖြင့် ဒေါ်အေးသန္တာသေဆုံး သွားကြောင်း မြို့နယ်ရဲစခန်းမှတ်တမ်းတွင် ဖော်ပြထားသည်။

အိမ်ထောင်ဖက်များကြား အမှုဖွင့်ထားပါက တိုင်ကြားသူ၏ အသက်အန္တရာယ် ထိခိုက်မှုမရှိစေရန် အမျိုးသားကို ၎င်း၏ ဇနီးသည် ရှိတတ်သည့် နေရာများသို့ သွားလာခွင့် ပိတ်ပင်သင့်ကြောင်း ရန်ကုန် မြောက်ဥက္ကလာပမြို့နယ်မှ အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူ မဝင်းဝင်းခိုင်က ပြောသည်။

"မိန်းမနဲ့နွား မသနားရ၊ မိန်းမဆိုတာ အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင်ချစ်တာ" ဟု တချို့က နောက်ပြောင် ပြောဆိုကြကြောင်း၊ ထိုသို့ ပြောဆိုခြင်းသည် ရိုက်နှက်ခြင်းကို အားပေးရာရောက်ကြောင်း သူက ထောက်ပြသည်။

၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) မှ အလုပ်သမားရေးရာဌာန ဒုတာဝန်ခံ ဒေါ်သက်သက်အောင်ကလည်း တိုင်ကြားခံရသူ အမျိုးသားကို လိုအပ်ပါက ၂၄ နာရီခန့် ထိန်းသိမ်းထားသင့်ကြောင်း သုံးသပ်သည်။

"အရမ်းဆိုးသွမ်းနေတဲ့သူဆိုရင် ခဏချုပ်ထားတာ အသင့်တော်ဆုံးပဲ။ ဘာကြောင့်လည်းဆိုတော့ ဒီအတိုင်းထားရင်လည်း ဇနီးအပါအဝင် အခြားသူတွေကိုပါ အန္တရာယ်ပေးနိုင်တယ်" ဟု ဒေါ်သက်သက်အောင်က ဆိုသည်။

ပညာပေးဟောပြောမှုအစီအစဉ်များတွင် အမျိုးသားပါဝင်မှု ရှိလာပါက အိမ်တွင်းအကြမ်းဖက်မှုပြဿနာ လျော့နည်းလာမည်ဟု သူက ပြောသည်။

ရန်ကုန် ကြည့်မြင်တိုင်မြို့နယ်တွင် အိမ်ဆောက်ပစ္စည်းရောင်းသူ ကလေးနှစ်ယောက်ဖခင် ဦးနေမျိုးက အိမ်ထောင်ဖက်အချင်းချင်း စိတ်ဆင်းရဲဖြစ်အောင် မပြုလုပ်သင့်ကြောင်း ပြောသည်။

"ကိုယ်ချစ်လို့လက်ထပ်ထားတာပဲ၊ စိတ်အခန့်မသင့်လို့ စကားများတာတော့ ရှိတာပေါ့။ ယောကျ်ားရင့်မာကြီးက အားနွဲ့တဲ့မိန်းမသားကို အနိုင်ကျင့်ရိုက်နှက်တယ်ဆိုတာက လူကြားလို့မှမကောင်းတဲ့ ကိစ္စပါ" ဟု ၎င်းက ဆိုသည်။

**အမျိုးသမီးတို့၏ စိုးရိမ်မှု**

ရန်ကုန် သယ်န်းကျွန်းမြို့နယ်မှ ကလေးနှစ်ယောက်မိခင် ဒေါ်ဖြူဖြူ (အမည်လွှဲ) သည် ခင်ပွန်း၊ ယောက္ခမများ၏ နေ့စဉ်နှင့်အမျှ အနိုင်ကျင့်သည့်ဒဏ်ကို မခံနိုင်တော့ဟုဆိုကာ အိမ်ထောင်သက် ၁၀ နှစ်အကြာ ဇူလိုင်လဆန်းတွင် ခင်ပွန်းသည်နှင့် လမ်းခွဲခဲ့သည်။

မျက်နှာရောင်ကိုင်း၊ ခေါင်းကွဲ၊ လက်ကျိုးသည်အထိ နှိပ်စက်ခံရဖူးကြောင်း၊ အိမ်အပြန်နောက်ကျသည့်နေ့များတွင် 'မိန်းမပျက်' ဟု အခေါ်ခံရကြောင်း သူကပြောသည်။

"သူ လက်သီးနဲ့ထိုးလို့ ကျွန်မမျက်လုံးမှာ သွေးခြည်ဥဖူးပါတယ်။ အခုတော့ ကျွန်မ ဝဋ်ကျွတ်သွားပြီ' ဟု သူကဆိုသည်။

ရန်ကုန် တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်ပြီး ခင်ပွန်းသည်၏ လစာတစ်ခုတည်းဖြင့်သာမှီခိုနေထိုင်နေသည့် ၂၃ နှစ်အရွယ်ရှိသူ ကလေးတစ်ယောက်မိခင် မယုယုထွန်း (အမည်လွှဲ)ကလည်း ခင်ပွန်းသည်၏ အကြမ်းဖက်မှုဒဏ်ကို ခံရသူဖြစ်သည်။

ခင်ပွန်းသည်က လုပ်ငန်းခွင် အဆင်မပြေသည့် ရက်များတွင် အရက်သေစာသောက်စားပြီးမှ အိမ်သို့ပြန်လာကာ အော်ဟစ်ဆဲဆို၊ အိုးခွက်ပန်းကန်များကို ရိုက်ခွဲတတ်ကြောင်း သူကပြောသည်။

"သူအဆင်မပြေတော့ ကျွန်မလည်း အရိုက်ခံရတာပေါ့" ဟု မယုယုထွန်းက ဆိုသည်။

၎င်း၏ သမီးအား မိတကွဲ၊ ဖတကွဲ အဖြစ်သို့မရောက်စေရန် အတတ်နိုင်ဆုံး သည်းခံသွားမည်ဖြစ်သော်လည်း ယခုထက် ပိုမိုအနိုင်ကျင့်ခံရပါက ဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းမည်ဟု ဆိုသည်။

လင်မယားအချင်းချင်းဖြစ်စေကာမူ အလိုမတူဘဲ လိင်ဆက်ဆံပါက မုဒိမ်းမှုမြောက်သော်လည်း ထိုဖြစ်ရပ်နှင့် ပတ်သက်ပြီး တိုင်ကြားသူ မရှိသလောက်နည်းပါးကြောင်း ရန်ကုန်မြို့မှ အထက်တန်းရှေ့နေ ဦးမင်းသက်ဇင်က ပြောသည်။

နှိပ်စက်ခံရပါက အပြင်းအထန် နာကျင်စေမှု၊ ဓားလက်နက်တို့ဖြင့် နာကျင်စေမှုများဖြင့် တရားစွဲဆိုတိုင်ကြားနိုင်ကြောင်း သူက ရှင်းပြသည်။

"ဒီပုဒ်မတွေနဲ့ တရားစွဲလို့ရတယ် ဆိုတာကို ဇနီးသည်အများစုက မသိကြပါဘူး" ဟု ဦးမင်းသက်ဇင်က ဆိုသည်။

အိမ်ထောင်ဖက်အချင်းချင်း အနိုင်ကျင့်ခြင်းသည် လင်မယားကြားထဲမှ အတွင်းရေးကိစ္စသာဖြစ်သည်ဟူသော အယူအဆကို မဖျောက်ဖျက်နိုင်ပါက မိသားစုအတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ထုတ်ဖော်ပြောဆိုမှု၊ အရေးယူမှု ရှိလာမည်မဟုတ်ဟု ရန်ကုန်အခြေစိုက် ကျား၊ မ တန်းတူရေးကွန်ရက်မှ ညွှန်ကြားရေးမှူး ဒေါ်မေစပယ်ဖြူက Myanmar Now ကို ပြောသည်။

"အိမ်တွင်းအကြမ်းဖက်မှုဟာ ရာဇဝတ်မှုမြောက်တဲ့ပြစ်မှုဖြစ်တယ်ဆိုတာကို ပထမဦးဆုံး အမျိုးသမီးတွေရော အမျိုးသားတွေရော သိဖို့၊ နားလည်ဖို့ အရေးကြီးပါတယ်။ ဥပဒေအရလည်း စနစ်တကျအရေးယူဖို့ လိုအပ်ပါတယ်' ဟု ဒေါ်မေစပယ်ဖြူက ပြောဆိုလိုက်သည်။

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ရွာတော်။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။

(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။

(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။

(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။

(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ဦးအောင်ဟိန်းကျော်

ရေးပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ

အင်္ဂလိပ်စာရေးနည်း

အင်္ဂလိပ်စကားပြော သင်တန်း

▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre.,Vol:1,2,3)

၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း၊ လယ်၊ ရန်ကုန်

▪ ဇင်မအိမ်ယာ၊ ဇင်မလမ်း၊ ရုပ်ရှင်ရုံနှင့်ထူပါရုံကြား၊ ၂ မြောက်၊ သာကေတ

▪ 392468 ▪ 0951 71841 ▪ 09785171841



ကုမ္ပဏီတည်ထောင်ခြင်း၊ ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအဆင့်များ၊ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်း၀ယ်ရေးအသုံးအနှုန်းများ၊ မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ L/C, TT, သင်္ဘောတင်ခြင်း၊ အကောက်ခွန်နှင့်အခြားအခွန်အခများတွက်ချက်ခြင်း စသည်ဖြင့် . . .

## ပြည်ပပို့ကုန်၊သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း

အပတ်စဉ် - ၆၆

သင်တန်းစရက် - ၁၃ - ၈ - ၂၀၁၆

သင်တန်းကာလ - ၇ပတ် (စနေ၊တနင်္ဂနွေ-နံနက် ၇ မှ ၉:၁၅ နာရီ)

**အလင်းသစ်စာပေ**

အခန်း(၆၀၁)၊ အမှတ်(၁၇)၊ ၅၂-လမ်း(အောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း- ၀၉-၅၄-၀၀၃၀၂၊ ၀၉-၈၇-၀၃၈၄၈



သုံးရောသီ ၀မ္မဒါန

တောင်ကြီး၊ မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား

☎ 420144148, 421153797



**GOLDEN STAR** ခရီးသွားလုပ်ငန်း

* တောင်ကြီး - မန္တလေး - ပြင်ဦးလွင် Aug-12
* ပုဂံ(ရွှေစည်းခုံ) - ပုပ္ပါး - ပဒုမ္မာ Aug-12

ကျိုက်ထီးရိုး / ချောင်းသာ / ငွေဆောင်

Ph: 209200, 544383, 430480, 09-5081580



# ရောင်းမည်

မြို့မကျောင်းလမ်းမပေါ် ဆေးကျောင်း (၁)ဘေး ကွန်ဒို

1700 Sqft

ဖုန်း-၀၉-၅၁၀၈၄၆၂



**ရွှေလမ်းခရီး ... မှ ရွှေတောင်ကြီးသို့**

* ရွှေတောင်ကြီး၊ မန္တလေး၊ မဟာမြတ်မုနိ၊ ဝေဠုဝန်ကျောက်စိမ်းစေတီတော်
* ရွှေတောင်ကြီး၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီတော်၊ ပြင်ဦးလွင်ဘုရား
* ရွှေတောင်ကြီး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းစေတီတော်
* ရွှေတောင်ကြီး၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ကကူ၊ ရွှေညောင်-ကျိုင်းတုံ
* ရွှေတောင်ကြီးနှင့်တွဲလျက် အထက်မြန်မာပြည် ဘုရားစုံဖူး ခရီးစဉ်များ

(၁၂-၈-၂၀၁၆)ထွက် ရွှေတောင်ကြီးလက်မှတ် ကြိုတင်လက်မှတ်ရောင်းပြီ

09401589907, 095124678, 098627170



နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု(၅)ရပ်ကို အခြေခံသည့် မူကြိုပညာရေး

www.nurturepreschoolmm.com
www.facebook.com/Nurture Pre-school



**nurture** preschool

# Pre-school

အသက် ၂ နှစ်မှ ၆ နှစ် အရွယ်ကလေးငယ်များ လက်ခံပြီ

| Emotional Development(EQ) | Intellectual Development(IQ) | Moral Development | Physical Development | Social Development |
|---|---|---|---|---|
| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မရမ်းကုန်း |
| 09262963774 | 01-530097 | 01-549590 | 09259822226 | 01-663960 |
| 09262963775 | 09254148005 | 09254148006 | 09259822227 | 09259822220 |



Our Official Website: www.infonetygn.com

**iNFO Net**

easy Gold & Jewelry

✓ ကျပ်ပါ ရွှေ(သို့)ဂရမ်ဖြင့်ချိန်တွယ်နိုင်ခြင်း
✓ ရွှေဆိုင်လက်ကျန်စာရင်း၊ ပန်းထိမ်လက်ကျန်စာရင်း
✓ ရွှေရောင်းဝယ်စာရင်း
✓ ရွှေဆိုင် အရှုံး/အမြတ်စာရင်း၊ ငွေလက်ကျန်စာရင်း

Starting At Only $ 4 /month

✓ ကုမ္ပဏီ(သို့)လုပ်ငန်းများ၏ အင်တာနက်လိပ်စာရယူခြင်း(Domain Name Registration)
✓ Website design & Content Management System
✓ Online Shopping (Online Shopping & Payment Integration)
✓ စီးပွားရေးလုပ်ငန်းအမျိုးမျိုးအတွက် အင်တာနက်ကွန်ရက် (ERP Systems for Business Web Application)
✓ ရေးဆွဲပြီးအင်တာနက်စာမျက်နှာများကို လွှင့်တင်ခြင်း(Web Hosting Services)

Email: contactus@infonetygn.com



NELC

Don't Worry, Just Speak!

# NELC

* တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အတွက်

**Communicative English Classes**

> Intro
> Level -1,2,3
> Listening /Speaking -1 & 2
> Grammar
> IELTS Foundation

Enroll Now!



စသည့် English Language အတန်းများကို NELC တွင်တက်ရောက်နိုင်ပါသည်။

မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516~7 မန္တလေး - 09 91023900
ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572



## "လက်တွေ့အသုံးချကျောက်မျက်ပညာသင်တန်း"

(စိန်၊ပတ္တမြား၊နီလာ)

ကျောက်မျက်များ၏သဘာဝဂုဏ်သတ္တိများ၊ ဂုဏ်အင်္ဂါများ၊ ထွက်ရှိရာနိုင်ငံ၊ တွေ့ရှိပုံ၊ တူးဖော်ပုံ၊ သွေးပုံသွေးနည်း၊ အရောင်သန့်စင်မှု၊ အောင်း၀င်များ၊ အပြစ်အနာများ၊ အဆင့်အတန်းများ၊အပွင့်ပုံစံများ၊အတုအစစ်ခွဲခြားနည်း၊အကဲဖြတ်ခြင်း၊ လက်တွေ့စမ်းသပ်ခြင်း။

(၁၅-၈-၂၀၁၆ မှ ၂၁-၈-၂၀၁၆) နံနက် (၉:၀၀-၁၂:၀၀)

## "ကျောက်စိမ်းပညာလုပ်ငန်းခွင်သင်တန်း"

ကျောက်စိမ်းထွက်ရှိရာဒေသ၊တူးဖော်ပုံ၊လွှာချပ်၊အပွင့်၊လက်ကောက်၊ပန်းပု၊အရိုင်းတုံး(ခဲ)များ၏ အရောင်သန့်စင်မှု၊အတုအစစ်အမျိုးအစားခွဲခြားနည်း၊သွေးပုံသွေးနည်း၊ဖြတ်သားများ ဝယ်/ရောင်းနည်း၊ဖားကန့်/မန္တလေး/ရွှေလီ ကျောက်စိမ်းဝိုင်းများတွင် ဝယ်/ရောင်းနည်း။ စသည့်ဘာသာရပ်များကို ကျောက်မျက်ပညာရှင်ကြီးကိုယ်တိုင် စာတွေ့၊လက်တွေ့ပို့ချမည်။

(၁၅-၈-၂၀၁၆ မှ ၂၁-၈-၂၀၁၆) ညနေ (၄:၀၀-၇:၀၀)

MYANMAR GEMMOLOGICAL INSTITUTE
MGI Learning For Life

အမှတ် (၁၃၃)၊ ၃-ထပ်၊လမ်း-၃၀(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၁-၂၅၄၈၈၉၊ ၀၉ ၇၃၀ ၅၀ ၃၇၀၊ ၀၉ ၄၂၀ ၁၇၇ ၄၅၄



Number One Directory in Myanmar
YELLOW PAGES

ဘာပဲလိုလို

The **YANGON DIRECTORY**






ရန်ကုန်လမ်းညွှန် ရဲ့

DIGITAL လောကသို့ ဝင်ရောက်လိုက်ပါ..

www.yangondirectory.com | SALES DIRECT LINE: 09-448001662

ကျန်းရှက်ပုံ
ဂမုန်းရှင်
လေငန်းကာကွယ်လိမ်းဆေးရည်

ကိုရီးယားအကောင်းဆုံးစားသောက်ကုန်ကုမ္ပဏီ CJ Foods Myanmar မှ မော်လမြိုင်၊ တောင်ကြီး၊ ပုသိမ်မြို့များတွင် အတူလုပ်ကိုင်မည့် အရောင်းကိုယ်စားလှယ် ရှာဖွေနေပါသည်။

**ဖြန့်ချိမည့်ပစ္စည်း** - ပဲပိစပ်ဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊ နေကြာဆီ

(ဩဂုတ်လတွင် ကုန်ပစ္စည်း ရေဒီယိုကြော်ငြာထုတ်လွှင့်ရန် စီစဉ်လျက်ရှိပြီး စက်တင်ဘာ ၁ ရက်တွင် တီဗွီကြော်ငြာ စတင်ထုတ်လွှင့်မည် ဖြစ်ပါသည်။)

လက်ရှိစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဖြန့်ဖြူးလျက်ရှိသော လက်ကားဆိုင်များကို ဦးစားပေးပါမည်။ စိတ်ဝင်စားပါက ဖုန်း-၀၉-၇၉၃၁၇၅၇၄၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တရုတ်
ENGLISH Conversation Practice
စကားပြောခုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတာပေါ့
Sayar.Yang
Great Wall
TAMWE - 540714, 09 5183636
09 49 285182

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
23
မဆလာ

မီဘဆင်းရဲလို့ အပြစ်မမြင်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် မိဘတိုင်းသည် သားသမီးများအတွက်ဆို အသက်ခန္ဓာ စတေး၍ အချိန်တိုင်း ပေးဆပ်နေကြသူတွေမို့ပါ။

မိဘဂုဏ် (ကိုထွေး)
အဆင့်မြင့်စတီးဘလိတ်ခါးသွားဆူးကြိုးတပ်ဆင်ဖြန့်ချိရေး
အဆင့်မြင့် Steelဘလိတ်ခါးသွား ဆူးကြိုးများကို သံချေးမတက် (၁၅)နှစ် အာမခံ၍ တပ်ဆင်ပေးရာတွင် Steel တန်းကြိုး၊ Steel တုတ်ကြိုး အသုံးပြုလျက် ဈေးနှုန်းချိုသာစွာဖြင့် နေရာဒေသမရွေး လက်ခံမဲ့တိုက်ရိုက်ရောင်းချတပ်ဆင်ပေးနေပါပြီ။
ရန်ကုန်အရောင်းခန်းမ(၁)- အမှတ်(၁၂)၊ အခန်း(၄/၅)၊ မင်းနန္ဒာလမ်းမကြီး၊ KBZဘဏ်ရှေ့(Capital Hyper Market)အနီး၊ သာကေတမြို့နယ်။
ရန်ကုန်အရောင်းခန်းမ(၂) - အမှတ်(၁၂/၅၄)၊ နင်းဆီလမ်း၊ ဝါယာလက်ရှေ့အနီး၊ မင်္ဂလာဒုံမြို့နယ်။
Ph : 09 - 5064145, 09 - 420060449, 09-420707316, 09-250058416 , 09-261664460

EXPO
လျှပ်စစ်ပစ္စည်း
လက်လီ/လက်ကား ရောင်းဝယ်ရေး
အမှတ်(၂) မြေညီထပ်၊ ကျွန်းတောလမ်း၊ ကျွန်းတောတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။
ဖုန်း - ၀၁ ၅၂၄၅၂၅၊ ၀၉ ၉၄၄၅၆ ၉၀၀၀၊ ၀၉ ၉၆၅၀ ၇၂၆၃၆

## ပထမပုဂ္ဂလိကဘဏ်လီမိတက်
## ဘဏ်ရုံးချုပ်၊ ရန်ကုန်မြို့
## ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာအမြတ်ဝေစုများ အမြန်ဆုံးလာရောက်ထုတ်ယူကြပါရန် အသိပေးကြေညာခြင်း

ရက်စွဲ ၁-၈-၂၀၁၆

၁။ ၃၀-၇-၂၀၁၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပထမပုဂ္ဂလိကဘဏ် ဒါရိုက်တာအဖွဲ့၏ (၇/၂၀၁၆) အစည်းအဝေးဆုံးဖြတ်ချက်အရ (၁၉၉၃-၉၄)ဘဏ္ဍာရေးနှစ်(ပထမအကြိမ်)မှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်(၂၃)ကြိမ်အထိ အမြတ်ဝေစုများ ထုတ်ပေးလျက်ရှိရာ အမြတ်ဝေစုများမထုတ်ရသေးသော အစုရှယ်ယာရှင်များသည် ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်၊ ၃၀-၉-၂၀၁၆ရက် (သောကြာနေ့)တွင် နောက်ဆုံးထား၍ ထုတ်ယူပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂။ ၃၀-၉-၂၀၁၆ရက် နောက်ပိုင်းတွင် လာရောက်မထုတ်ယူသော အမြတ်ဝေစုလက်ကျန်များကို ဘဏ်၏သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ စာရင်းရှင်းရန်ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထားပါသည်။

၃။ အထက်အပိုဒ်(၂)ပါအတိုင်း ဆုံးဖြတ်ရခြင်းမှာ ရန်ကုန်စတော့အိပ်(စ်)ချိန်း (Yangon Stock Exchange-YSX)တွင် စာရင်းဝင်ကုမ္ပဏီ (Offical Listed Company)အဖြစ် မှတ်ပုံမတင်မီ ဘဏ်၏အစုရှယ်ယာများ၊ အမြတ်ဝေစုများကို စာရင်းရှင်းလင်းရန် လိုအပ်သောကြောင့်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များသည် မထုတ်ယူရသေးသော အမြတ်ဝေစုများနှင့် ရှယ်ယာလက်မှတ်များကို ၃၀-၉-၂၀၁၆ ရက်ထက် နောက်မကျဘဲ မိမိတို့နှင့်နီးစပ်ရာ ပထမပုဂ္ဂလိကဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲများတွင် သွားရောက်ထုတ်ယူကြပါရန် ထပ်မံတိုက်တွန်းနှိုးဆော်အပ်ပါသည်။ အစုရှယ်ယာနှင့်ပတ်သက်၍ မရှင်းလင်းသည့်ကိစ္စများကို စုံစမ်းမေးမြန်းလိုပါက အောက်ဖော်ပြပါအတိုင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၁။ အကြီးတန်းအထွေထွေမန်နေဂျာ
ဘဏ်ရုံးချုပ်(အမှတ်-၆၁၉/၆၂၁၊ ဗိုလ်ဆွန်ပက်လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့)
ဖုန်း-၀၁-၃၇၆၄၅၂၊ ၀၁-၂၅၁၇၄၇၊ ၀၉-၂၃၀၀၅၆၉၊ အီးမေးလ်-fpbho.ygn@gmail.com

၂။ သက်ဆိုင်ရာ ပထမပုဂ္ဂလိကဘဏ်ခွဲမန်နေဂျာများ

**အတွင်းရေးမှူး**
**ဒါရိုက်တာအဖွဲ့**
**ပထမပုဂ္ဂလိကဘဏ်လီမိတက်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်မြို့၊ မှော်တောင်မြို့နယ် (၂) ရပ်ကွက် ၅၄-လမ်း အမှတ်(၆၀/၆၂)၊ ပထမထပ်နေ အဘ - ဦးချစ်ငွေ၏ သားအမည်တူ ဦးအောင်မျိုးရှင် နှင့် ဦးလှမြင့် (၁၂/မဆတ (နိုင်) ၀၂၀၃၆၆) မှာတစ်ဦးတည်းဖြစ်ပါကြောင်း၊

ဦးအောင်မျိုးရှင် (ခ) ဦးလှမြင့်

မိုးတပ်ခြောက်/စေလ်အော/Fully Auto
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မာလာမြိုင်ရိပ်သာလမ်း၊ တိုက်အမှတ်(531/C-2)၊ အခန်း(၃၁၂)၊ မာလာမြိုင်ကွန်ဒို၊ အကျယ်အဝန်း(၁၆၀၀)စတုရန်းပေ ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းအပါအဝင် ၎င်းနှင့်ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင် ဦးဝီလျံခွန်ကြည်(ကွယ်လွန်)၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ထုတ်ဖော်ကြေညာဝန်ခံ၍ တစ်ဦးတည်းဇနီးဖြစ်သူ ဒေါ်ရီကျိုး(ဘ)လူစီမေ ၎င်း၏ကိုယ်စား ဦးထွန်းလှိုင်[၁၃/မကန(နိုင်)၀၀၁၇၄၅]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံ သောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းလင်းအောင်(စဉ်-၈၃၀၆)** (LLB.,D.B.L,D.M.L) | **ဒေါ်ဖြူဖြူခိုင်(စဉ်-၇၄၃၄)** (LL.B,D.B.L,D.M.L)

**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ငြိမ်းချမ်းစုရည် (LLB.,D.BL,D.I.L,D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၀၉၄၀)**
**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**



## ကြော်ငြာ

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတင်ငွေ (၇၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ ကြီးရွာနေ (ဦးဖိုးတင်-ဒေါ်ခိုင်ကြီး) တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မြို့လှရပ်ကွက်၊ ဂေါက်ကွင်းလမ်း၊ မိဘမေတ္တာဆန်စက်နှင့် စည်ပင်ကြီးကျေးရွာနေ ဒေါ်လေးတင်၏ ချစ်လှစွာသောခင်ပွန်း၊ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဦးငွေးမောင်-ဒေါက်တာဒေါ်သင်းသင်းအေး (တွဲ/ဖက် ပါမောက္ခ၊ အဝေးသင်တက္ကသိုလ်၊ မန္တလေး)၊ ဦးငွေးဝင်း-ဒေါ်အေးသီတာ၊ ဦးငွေးလွင်-ဒေါ်ငယ်ငယ်စိုး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးနေထွန်းဦး)-ဒေါ်လှလှငွေးတို့၏မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးတင်ငွေသည် ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ ရက်၊ မွန်းလွဲ ၁ နာရီတွင် စည်ပင်ကြီး သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ငွေ (ကလေးမြို့)
## အသက် (၇၆)နှစ်

သူငယ်ချင်း ဦးငွေးမောင် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ တနိုင်း) Dr.ဒေါ်သင်းသင်းအေး (တွဲဖက်ပါမောက္ခ၊ မန္တလေးအဝေးသင်တက္ကသိုလ်) တို့၏ဖခင် ဦးတင်ငွေသည် ၇-၈-၂၀၁၆ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၇)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းမင်း(စစ်တွေ) (၈၅)နှစ်
**P.P.E (ငြိမ်း)**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးသန်းမောင်ကြီး-ဒေါ်ရွှေယုံ)တို့၏သား၊ (ဦးဖြူသီးအောင်-ဒေါ်ဘုဒေါင်း) တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅) ရပ်ကွက်၊ ဦးအောင်ဇံဝေလမ်း၊ အမှတ် (၈၇)နေ ဒေါ်နုလှချေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သန်းဦး-ဒေါ်လှညွန့်စိန်၊ ဦးကျော်ကျော်လွင်-ဒေါ်ဥမ္မာကျော် (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ ရန်ကုန်)၊ ဦးကျော်ဇင်ဦး (ဒု-ညွှန်မှူး၊ ဘွိုင်လာစစ်ဆေးရေး၊ ဧရာဝတီတိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)-ဒေါ်အေးအေးသန်း (စာရင်းကိုင်-၁၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန)၊ ဒေါ်ခင်အေးမြင့် (ဒဂုံ/မြောက်၊ ထွေ/အုပ်) တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ အဘိုးရှင်သည် ၆-၈-၂၀၁၆ (စနေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းမြင့် အသက်(၈၀)
**ဆရာမကြီး(ငြိမ်း)**
**အထက(၇) မော်လမြိုင်**
**ကွမ်းသဲရွာ ဘီလူးကျွန်း၊ ချောင်းဆုံ**

ရန်ကုန်မြို့၊ အမှတ်(၂၅၁)၊ ကြာညိုလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံနေ ဦးယုရှိန်-ဒေါ်ဖွားငွေတို့၏ သမီးငယ်၊ (ဒေါ်ခင်ပု)၊ ဒေါ်သန်းမြင့်၊ (ဦးတိုးတင်) တို့၏ညီမ၊ တူ/တူမ ငါးယောက်တို့၏ အဒေါ်ငယ်၊ (ဆရာကြီး ဦးထွေးလုံးကျော်)၏ဇနီး၊ ဆရာမကြီးဒေါ်သိန်းမြင့်သည် ၇-၈-၂၀၁၆ ရက် မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ ရက် နံနက် ၁၀း၃၀ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ကိုနေထွန်းဦး(ခ)
## ကိုနေထွန်းလင်း(Fatty)
## အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ်(၄)နေ (ဦးဘုန်းမြင့်)-ဒေါ်ခင်မာကြည်တို့၏သား၊ ဦးလွင်ကိုလတ်-ဒေါ်မိမိစန်း၊ ဦးထင်ကျော်ကျော်-ဒေါ်သီရိကလျာ၊ ဦးသီဟကျော်မြင့်-ဒေါ်မြတ်မူယာ၊ Laut-မျိုးသက်အေးကျော်မြင့်၊ ဦးမင်းသက်အောင်-ဒေါ်ယဉ်မင်းသူ၊ ဦးကျော်ကျော်စိုးလှိုင်-ဒေါ်ဆုမွန်ကျော်မြင့်၊ မနှင်းဝတ်ရည်၊ ဦးအောင်ကျော်မြင့်၊ ဒေါ်နန်းဆုစန္ဒီအောင်၊ မအေးမြစန္ဒီ၊ မနှင်းလဲ့ရည်တို့၏ အစ်ကို၊ အမှတ် (၅၃၁/E-2)၊ မာလာမြိုင်ရိပ်သာလမ်း၊ ပြည်လမ်းနေ ကိုနေထွန်းဦး (Fatty)သည် ၆-၈-၂၀၁၆ (စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်အေး (၆၁)နှစ်

ရန်ကုန်မြို့၊ (၂၉)လမ်း၊ အမှတ်(၂၄) နေ (ဦးဟုတ်စိန်-ဒေါ်သန်း)တို့၏ ချစ်လှစွာသောသား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပနေ (ဗိုလ်ကြီးမြင့်ဆွေ)-ဒေါ်ခင်စိန်တို့၏ သားသမက်၊ ဦးတင်လှိုင်-ဒေါ်စန်းရင်တို့၏ မောင်၊ ဦးသန်းဝင်း-ဒေါ်ညိုညို၊ (ဦးတင်ရှိန်)-ဒေါ်ဝင်းမြင့် တို့၏ ညီ/မောင်၊ ဦးမြင့်ခိုင်-ဒေါ်ခင်မာအေးတို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး၊ မသော်တာဖြူစင်ကို၊ မမေသက်ပိုင်ကိုတို့၏အဘိုး၊ ဒေါ်လှနွယ်စိန်၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁း၄၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၆ (စနေနေ့) နံနက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဘုရင့်နောင်(၂)လမ်း၊ အမှတ်(ခ/၁၁၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုနေထွန်းဦး(ခ)
## ကိုနေထွန်းလင်း(Fatty)
## အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅၃၁/E-2)၊ မဟာမြိုင်ရိပ်သာလမ်း၊ ပြည်လမ်းနေ (ဝတ်လုံတော်ရ ဦးကျော်မြင့်-ဒေါ်လှကြည်)၊ (ဦးမောင်စိန်-ဒေါ်နှင်းလှိုင်)တို့၏မြေး၊ အင်းစိန်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ် (၄) နေ (ဦးဘုန်းမြင့်)-ဒေါ်ခင်မာကြည်တို့၏ သား၊ ဦးလွင်ကိုလတ်-ဒေါ်မိမိစန်းတို့၏ အစ်ကို၊ ဒေါ်တင်တင်မြင့်၊ (ဒေါ်ယဉ်ယဉ်မြင့်)၊ ဒေါက်တာ ဦးသိန်းအုပ်ကျော်မြင့်-ဒေါက်တာဒေါ်ခင်မြင့်အေး၊ ဒေါ်မေကျော်မြင့်-(ဦးခင်မောင်သန်း)၊ ဒေါ်ဝင်းဝင်းမြင့်-(ဦးခင်မောင်လှ)၊ မျိုးသိန်းအောင်၊ စိုးသဉ္ဇာအောင်၊ ဒေါ်စုစုဝေ-ဦးခင်စိုး၊ ဒေါ်သိန်းသိန်းလှ၊ ဒေါ်သီသီတို့၏တူသည် ၆-၈-၂၀၁၆ (စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မောင်ငြိမ်းချမ်းအောင်(ခ)ကိုဇွဲ
## အသက် (၂၁)နှစ်

တာမွေမြို့နယ်၊ အောင်တေဇလမ်း၊ အမှတ်(၃)၊ မြေညီထပ်နေ (ဦးမောင်မြင့်)-ဒေါ်သန်းညွန့်၊ (ဦးစိုးမြင့်-ဒေါ်မြင့်မြင့်)တို့၏ မြေး၊ ဦးလွင်အောင် (Asia King ခရီးသွားလုပ်ငန်း)-ဒေါ်ခင်မီမီစိုးတို့၏သားကြီး၊ မောင်ချမ်းမြေ့အောင်၊ မောင်သုခအောင်တို့၏အစ်ကို မောင်ငြိမ်းချမ်းအောင်သည် ၆-၈-၂၀၁၆ (စနေနေ့) ည ၉ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်ရှုဘီ (၉၃)နှစ်
**ထွန်းမေတ္တာ-ဂျုံစက်နှင့် ပီလောပီနံ ကော်မှုန့်စက်၏မိခင်ကြီး**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်း၊ အမှတ်(၁၆၇)နေ (ဦးခိုင်ထွန်း)၏ ဇနီး၊ ဦးအောင်သန်း-ဒေါ်ခင်ဝင်းနိုင်၊ ဦးညဏ်ထွန်း-ဒေါ်ကြည်မေ၊ ဦးစိန်မြင့်-ဒေါ်မေမေခင်၊ ဒေါ်သန်းသန်းဆွေ - ဦးအေးဆွေ၊ ဦးကျင်သိန်း-ဒေါ်ခင်သက်ဦး၊ ဦးမြသန်း-ဒေါ်ခင်ခင်စော၊ ဦးတင်နိုင်-ဒေါ်ခင်စန်းဝင်းတို့၏မိခင်ကြီး၊ မြေး ၂၀ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၇-၈-၂၀၁၆ ရက် မွန်းလွဲ ၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၆ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်ကြည်(ကမာရွတ်)
## အသက်(၉၀)

ရန်ကုန်မြို့နေ (ဦးထွန်းမြတ်-ဒေါ်ဖွားတင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်လမ်း၊ ဇေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်၊ အမှတ် (၂၉)နေ ဦးအောင်ကြီး၏ဇနီး၊ ဒုဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)-ဒေါ်မိမိလွင်၊ ဦးကျော်ကျော်ဝင်း-ဒေါ်အိအိခင်၊ ဦးမြင့်အောင်-ဒေါ်အေးအေးသန့်၊ ဒေါက်တာဒေါ်ခင်မှတ်အောင်၊ ဒေါ်ထွေးထွေးသန်းတို့၏ချစ်လှစွာသောမိခင်၊ ကိုကျော်ဇေယျာ-မမြင့်မြတ်မြတ်မူ၊ ကိုသော်ထူးအောင်-နန်းနောင့်နောင့်ထွေး၊ ကိုရဲမင်းအောင်-မဂျူမီအောင် (မဂျေမီအောင်)၊ ဒေါက်တာငွေထွန်း၊ ကိုလွမ်းမိုး၊ မမိုးမိုးအောင်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၆-၈-၂၀၁၆ (စနေနေ့) ည ၁၀း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၆(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်သရေဆားစလဲစတင်းရော့(ခ်)
## အသက်(၈၂)နှစ်
**စိန့်အန်ထော်နီ**
**အထက်တန်းပြဆရာမ(ငြိမ်း)၊**

[ဦးAရော့ခ်- ဒေါ်အတ်သဲလ်ရီတာရော့(ခ်)]တို့၏ သမီးဦး၊ [ဦးဂျူလီယက်(စ်)ဖရန်စစ်]၊ ဦးပီတာရော့(ခ်)-[ဒေါ်အန်နာကားမက်(လ်)ကဲပင်း(န်)ရဲလီ]၊ [မာရီဂျက်စင်တာရော့(ခ်)(ခ)လူးလူး]-ဦးစိုက်လပ်(စ်)ရော်ဘတ်၊ ဦးစတီဖင်ပိုက်ရတ်(ခ်)ရော့ခ် [B.Sc (Maths:)]-ဒေါ်လီ့ဇာ(ခ)မြတ်မြတ်မိုး (B.A Hist:)တို့၏အစ်မ၊ တူ/မောင် ရှစ်ယောက်၊ တူမ ၁၂ ယောက်တို့၏ အဒေါ်၊ မြေးကိုးယောက်တို့၏အဘွားသည် ၆-၈-၂၀၁၆ရက် ည ၁၁နာရီတွင် အမှတ် (၁၀၄)၊ ပထမထပ်၊ (၃၉)လမ်း၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၆ရက် နံနက် ၉ နာရီတွင် ဗိုလ်အောင်ကျော်လမ်းရှိ စိန့်မေရီကာသီဒြယ်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်လှ(စစ်တွေ)
## အသက် (၆၈)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးကျော်စိန်ဦး-ဒေါ်လှသိန်းဦး)တို့၏သား၊ (ဦးကျော်သောင်း)-ဒေါ်မလှစိန်တို့၏သားသမက်၊ ဦးစောမောင်-ဒေါ်မရှင်၊ (ဦးဖြူမောင်)-ဒေါ်ကျော့ခင်၊ ဦးမောင်လှတို့၏ညီ၊ ဒေါ်မရှင်၊ ဒေါ်မဲရှင်ဖြူ၊ ဒေါ်ခင်သန်းရီတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း၊ (အောက်ဘလောက်)၊ အမှတ် (၄၃)နေ ဒေါ်မသန်းတင်၏ ခင်ပွန်း၊ မခင်မြတ်နိုးဝေ၏ ဖခင်သည် ၆-၈-၂၀၁၆ (စနေနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့်(ခ)အကျုတ် (၇၈)နှစ်
**မန်နေဂျာ(ငြိမ်း) စား/ဖျော်**
**ကျိုက်လတ်မြို့နယ်အသင်းနာယကကြီး**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးအစံ-ဒေါ်တင်ဥ)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်ခင်မြ)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၊ အမှတ် (၂၆/၂၈)၊ ကနောင်လမ်း၊ ဗညားဒလရပ်ကွက်နေ ဒေါ်ခင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကြီး-ဒေါ်သီတာမြင့်၊ ဦးမောင်မောင်ကျော်ဝင်း-ဒေါ်တင်တင်ရီ၊ ဦးမင်းလွင်-ဒေါ်စန္ဒာလွင်(U.S.A)၊ (ဦးအောင်ကျော်မင်း)-ဒေါ်ချိုချိုကျော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မခင်သိင်္ဂီအောင်(မီးငယ်) Pang Mu Gems၊ မောင်ရန်မျိုးအောင် (Chief of operations Scipioservices)၊ မမြသက်ချယ်၊ ဆုလေးနွယ် (IX-H၊ အထက-၁၊ ဒဂုံ)၊ ကြည်ခင်သန့်လွင် (Crystal) (U.S.A)တို့၏ချစ်ဒယ်ဒီ ဦးကျော်မြင့်သည် ၇-၈-၂၀၁၆ရက် နံနက် ၀၀း၀၇နာရီ တွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ပန်းဆိုးတန်းဆိပ်ကမ်းမှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၆ရက် နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြီး(ငြိမ်း)
**ကြည်း-၁၂၇၈၅၊ ဗသက (၄၇)**
**ညွှန်ကြားရေးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ငြိမ်း)**
## အသက် (၆၇)နှစ်

ပဲခူးမြို့နေ (ဗိုလ်ကြီးစံတင်-ငြိမ်း-ဒေါ်နွယ်)တို့၏ တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့နေ ဒေါ်ဆွေဆွေမြင့်၏ခင်ပွန်း၊ ဦးသန့်ဇင်မြိုင်-ဒေါ်တင်တင်ရီ(USA)၊ ရန်ကုန်မြို့နေ ဦးမျိုးလှိုင်-ဒေါ်ခင်မေကြည် (စက်မှု-၂၊ ငြိမ်း) တို့၏မောင်၊ ပဲခူးမြို့နေ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်) (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်သန်းမြင့် (လှိုင်-ကွန်ပျူတာ၊ မိတ္တူနှင့် သတင်းစာကိုယ်စားလှယ်)တို့၏ အစ်ကို ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြီး(ငြိမ်း)သည် ၅-၈-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၆(စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမောင်နှမများ

## ဦးသန်းထွန်းအောင်(မုံရွာ)
**သမိုင်းကထိက၊ ကလေးတက္ကသိုလ်**
## အသက် (၅၀)

မုံရွာမြို့နေ ဦးတင်ထွန်း-ဒေါ်တင့်တင့်တို့၏ သား၊ အမှတ် (၁၀)၊ မြိုင်ဟေမာလမ်း၊ ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့နေ ဒေါ်ထွေးထွေးအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူစင်သန့်၊ မောင်ဝေယံမင်းခန့်၊ မမိုးပွင့်ဖြူသန့်၊ မမေပွင့်ဖြူသန့်တို့၏ဖခင် ဦးသန်းထွန်းအောင်သည် ၆-၈-၂၀၁၆ (စနေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ (တနင်္လာနေ့)တွင် မုံရွာမြို့၊ မြနန္ဒာသုသာန်၌ သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန် သူအားရည်စူး၍ ၁၂-၈-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မြင့်(မြန်အောင်) (၈၂)နှစ်
**(CMA-ငြိမ်း) (ပန်းဘဲတန်း၊ မဟာသိမ်တော်ကြီး ဂေါပက)**

မြန်အောင်မြို့နေ (ဦးထင်ကျော်-ဒေါ်ကြည်ကြည်)တို့၏သား၊ ဒေါ်ခင်သောင်းဆွေ၏အစ်ကို၊ ရန်ကုန်မြို့နေ [ဒေါ်စမ်းမြင့်(ကကလှမ်း)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်လတ်-ဒေါ်နီလာမြင့်၊ ဦးမြတ်သူ-ဒေါ်မာလာမြင့်၊ ဦးဇာနီမြင့်-ဒေါ်မိစမ်းမာလာ၊ ဦးကျော်ကျော်မြင့်တို့၏ ချစ်လှစွာသောဖခင်၊ မယွန်းပွင့်မာလာ၊ မောင်စည်သူ၊ မဆုလတ်မြင့်တို့၏ အဘိုးသည် ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် သင်္ဃန်း ကျွန်းမြို့နယ်၊ ၁၉/ ဦးညိုခြံ၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဆွေဝင်း(Wendy Myo Han)
## အသက် (၇၄)နှစ်
**(ဒုစက်ရုံမှူး-ငြိမ်း၊ တပ်မတော် သဘော်ဆေးစက်ရုံ၊ သာကေတ)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ချစ်ရိပ်မွန်လမ်း၊အမှတ်(၁၉-B1)နေ (ဦးမျိုးဟန်-ဒေါ်ခင်ခင်လင်း)တို့၏ သမီးကြီး၊ (ဦးဘဆိုင်-ဒေါ်သိန်းတင်)တို့၏ သမီးချွေးမ၊ ဦးခင်ညို (စက်ရုံမှူး-ငြိမ်း၊ သဘော်ဆေးစက်ရုံ၊ သာကေတ၊ စက်မှု-၁)၏ ချစ်လှစွာသောဇနီး၊ Dr. ကေခိုင်ညို (Mahsa University, Kuala Lumpur)၏ ချစ်လှစွာသောမိခင်၊ (ဦးမျိုးခိုင်)၊ ဒေါ်ခင်ဆွေကြည် (Linda)၊ ဦးသက်ထွန်း-ဒေါ်ခင်ဆွေငွေး (Diana)၊ (Dr.ဖေမောင်သန်း)-ဒေါ်တင်တင်လှ (Tessa)၊ ဦးဖော်အောင်-ဒေါ်လဲ့လဲ့ဆွေ (Carol)၊ ဒေါ်ရင်ရင်ဟန်တို့၏အစ်မကြီး၊ တူ/တူမ ငါးယောက်တို့၏ကြီးကြီး၊ မြေးလေးယောက်တို့၏ ဘွားဘွားသည် ၇-၈-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၆ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စန်းတင့်(ဘိုကလေး)
## အသက် (၈၂)နှစ်
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**MEHS (1) မက်သဒစ်၊**
**အထက(၂) ဒဂုံ၊ အထက-၃၊ ဒဂုံ**
**အထက(၄)တာမွေ၊**
**အထက(၁)၊ တ/ဥက္ကလာပ**
**အထက(၁)၊ ကြည့်မြင်တိုင်**

ဘိုကလေးမြို့နေ (ဦးပွကြီး-ဒေါ်စိန်ခင်)တို့၏ သမီး၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်းနေ (ဦးနေဝင်း)၏ ချစ်လှစွာသောဇနီး၊ ဦးဇော်လွင်ဦး (ခေတ္တ-စင်ကာပူ)-ဒေါ်သန်းသန်းပြုံး၊ ဦးကျော်စန်းဦး - ဒေါ်မြသန္တာဝင်း (MMGG)၊ ဦးအောင်မျိုးဇော်-ဒေါ်သူဇာဝင်း[မြန်မာတိုင်း(မ်)]တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မခင်ပြည့်ပြည့်ဇော် (ဧရာဝတီ ဘဏ်)၊ မောင်သန့်ဇော်ထွန်း (WYTU)၊ မောင်ခန့်အုပ်စိုး(မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ)၊ မောင်သူရိန်လင်း၊ မောင်အောင်ဘုန်းပြည့်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်စန်းတင့်သည် ၇-၈-၂၀၁၆ ရက် နံနက် ၁၀း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ (အင်္ဂါနေ့)တွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သင်္ဂြိုဟ်မည့်အချိန်အားထပ်မံကြေညာပါမည်။) (တိုက်-၄၊ အခန်း-၁၀၄၊ နေကြာသာယာကုန်လမ်း၊ အနော်ရထာအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်မှ ကားများ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## NU ZEN GO CIIN (၆၄)နှစ်
**(Tung Zang - Nau Lak)**

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပေါက်ကုန်းအပိုင်(၇)၊ ဂျိုးဖြူလမ်း၊ အမှတ် (၅၂)နေ Pa Thang Kam Pau ၏ ချစ်လှစွာသောဇနီး၊ (Nu-Niang Deih Lun)-Pa On Cin Thang၊ Lia Ciin Hau Dim၊ Tg Phung Go Thang တို့၏ ချစ်လှစွာသော မိခင်၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏အဘွား NU ZEN GO CIINသည် ၇-၈-၂၀၁၆ ရက် နံနက် ၄း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၈-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ အောက်မေ့ဘွယ်ဝတ်ပြုစည်းဝေးပြုလုပ်ပြီး ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (ဝါယာလက်ဈေးရှေ့၊ ရွှေပြည်သာ၊ နဝရတ်ဈေး၊ Sha Lom (AG) တာမွေနှင့် နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ရှင်၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြွယ် (၉၈)နှစ်
**ညောင်တန်းမြူနီစပါယ်ကျောင်း၊ ကျောင်းအုပ်ကြီး**
**အလပြ(ငြိမ်း)၊ အထက(၃)၊ ပုဇွန်တောင်**

ရန်ကုန်မြို့၊ ပုဇွန်တောင်၊ ညောင်တန်းအိမ်ရာ၊ တိုက်(၃)၊ အခန်း(၀၀၃)နေ (ကျောင်းအုပ်ဆရာကြီး ဦးဘိုးလှိုင်-ဒေါ်ငြိမ်းမေ)တို့၏သမီး၊ (ဦးချစ်-ဒေါ်ပု-ဒေါ်စိန်ခင်)တို့၏သမီးချွေးမ၊ (ဦးထွန်းရှိန်)၏ဇနီး၊ ဒေါ်ကြည်ကြည်ရှိန်(စာရင်းစစ်မှူး-ငြိမ်း)၊ (ဦးငွေစိုး-ဒေါ်လှငွေး)၊ ဒေါ်ရီရီရှိန်(အထပြ-ငြိမ်း)၊ ဒေါ်လီလီရှိန် (လ/ထ ညွှန်မှူး-ငြိမ်း-စက်မှု)၊ ဦးအေးထွန်း-ဒေါ်ဥမ္မာ၊ ဦးသက်ထွန်း-ဒေါ်မြတ်သူဇာ (ရန်ကုန်အရှေ့-၁၊ အိတ်ချိန်း)တို့၏မိခင်၊ မောင်ချစ်ညို၊ မောင်ချစ်ဝင်း-မသဇင်ဦး၊ မောင်ကျော်စွာမြင့်-မခင်ခင်စု၊ Dr.စန္ဒီသက်ထွန်း၊ မောင်ခန့်ဇေယျာထွန်းတို့၏အဘွား၊ မအိမ့်သက်ဦး၊ မောင်လင်းခေတ်ကိုကိုတို့၏ဘွားဘွားကြီး ဒေါ်ကြွယ်သည် ၆-၈-၂၀၁၆ (စနေနေ့) နံနက် ၅း၂၅ နာရီတွင် မင်္ဂလာတောင်ညွန့်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ် (၁၅၂)၊ မြေညီ၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ညောင်တန်းအိမ်ရာ၊ တိုက်-၃ ရှေ့မှကားများ နံနက် ၁၁း၃၀နာရီတွင်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်လှဝေ (၉၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့နေ (ဦးအောင်ခင်-ဒေါ်သန်းရွှေ)တို့၏သမီး၊ (ဦးလှမြင့်-ဒေါ်ခင်တင့်)၊ (ဦးစိုးဝင်း)-ဒေါ်မြင့်မြင့်ငွေး၊ (ဦးမာဆင်-ဒေါ်နွဲ့ရီ)၊ (ဦးအောင်ထွန်းမြိုင်)-ဒေါ်ခင်မာချို၊ ဒေါ်ခင်မာရီ (နိုင်ငံတော်သမ္မတရုံး)၊ ဦးမြင့်လွင်-ဒေါ်ဆွေဆွေဦး(U.S.A)၊ ဒေါ်ဥမ္မာတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၉ယောက်၊ တီနှစ်ယောက်တို့၏ဘွားဘွားကြီး၊ အမှတ် (၁၄၉၀/ခ)၊ အဝေရာ(၁)လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ (ဦးကျင်မောင်)၏ဇနီး ဒေါ်လှဝေသည် ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၆ (စနေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ဝင်း(ချောက်မြို့) (၈၁)နှစ်
**အကြီးတန်းအုပ်ချုပ်ရေးအရာရှိ(ငြိမ်း)၊ MOGE**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ တိုက်(၃၈)၊ အခန်း(၅)၊ မင်းဒင်လမ်းသွယ်(၄)နေ (ဦးမြိုင်-ဒေါ်သီလ)တို့၏ သား၊ (ဦးချစ်-ဒေါ်ငွေး)တို့၏သားသမက်၊ ဒေါ်စန်းစန်း(စာရင်းကိုင်-ငြိမ်း၊ MOGE)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်၏အစ်ကို၊ (ဒေါ်ချိုငယ်ဝင်း)၊ ဦးဇော်မိုးဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန)-ဒေါ်မြင့်မြင့်သန်း၊ ဦးထွန်းထွန်းအေး-ဒေါက်တာခိုင်လယ်ဝင်း (ပါမောက္ခ/ဌာနမှူး၊ ပထဝီဝင်ဌာန၊ မိတ္ထီလာတက္ကသိုလ်)၊ (ဦးမျိုးဝင်း-ဒေါ်စုစုမာ)၊ ဦးကျော်သက်ဝင်း (KTW Engineering)-ဒေါ်စုစန္ဒာအောင် (Hong Kiu Garment)၊ ဦးထင်အောင်ဝင်း(Engineer၊ ခေတ္တ-UAE)-ဒေါ်နွေနွေဖူး၊ ဦးရန်နိုင်မိုး-ဒေါ်ချောစုစုဝင်း (ဝင်း-သမစိတ္တဆီစက်)၊ ဦးညီညီစိုး (အမှုဆောင်ဘူမိဗေဒအရာရှိ၊ MOGE)-ဒေါ်ချောစိမ့်စိမ့်ဝင်း(လ/ထ အင်ဂျင်နီယာ MOGE)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၀ ယောက်တို့၏ဘိုးဘိုးကြီး ဦးကျော်ဝင်းသည် ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီ(သုဝဏ္ဏ) (၇၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ်(၃)၊ တိုက်(၁၈၁/၇)နေ (ဦးပါ-ဒေါ်သိန်း)တို့၏သမီး၊ (ဦးကိုကိုကြီး)၏ ဇနီး၊ ဒေါ်ခင်နွဲ့၏ညီမ၊ (ဦးတင်မောင်ဝင်း)-ဒေါ်စန်းစန်းကြည်၊ ဦးအေးကို-(ဒေါ်ငြိမ်း)၊ (ဦးအေးကြူ)၊ ဦးညွန့်လွင်-(ဒေါ်ဘေဘီ)၊ ဒေါ်လှလှ၊ ဦးခင်အေး-ဒေါ်ခင်အေးဆွေ၊ ဦးခင်ထွေး-(ဒေါ်ငယ်ငယ်)၊ ဦးသိန်းငွေး-ဒေါ် တင်တင်မော်တို့၏အစ်မ၊ ဦးညွန့်သန်း-ဒေါ်မြမြရီ၊ ဦးသန်းလှ-ဒေါ်သန်းသန်းရီ၊ ဦးအောင်အောင်နိုင်-ဒေါ်တင်တင်ဝင်း၊ ဦးရဲထွန်း-ဒေါ်မော်မော်၊ ဦးဇော်ကိုကိုလတ်-ဒေါ်ခင်ခင်ကျော်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၇-၈-၂၀၁၆(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်ကျင်ငွေး(ခ)
## မမိငယ် (၅၆)နှစ်
**ကမာကေး၊ ဘီလူးကျွန်း**

မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ကမာကေးကျေးရွာနေ (ဦးပိုးကောင်-ဒေါ်သောင်းကြည်)တို့၏ သမီး၊ ဦးစံသွင်-(ဒေါ်သင်းကြိုင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၃)လမ်းမြောက်၊ အမှတ်(၁၀၀)နေ (ဦးစောတီ)-ဒေါ်မြသန်း၊ (ဦးလှတင်-ဒေါ်တင်ရွှေ)၊ (ဦးလှထွန်း)-ဒေါ်စိန်အေး၊ (ဦးကျော်ဇော)-ဒေါ်တင်ငွေ၊ (ဦးအင်ကြည်)-ဒေါ်သန်းမြင့်၊ ဦးတင်အေး-ဒေါ်စောကြည်တို့၏ညီမ၊ ဦးကျင်ခဲ-ဒေါ်မြင့်မြင့်သန်းတို့၏အစ်မ၊ ဦးကိုကြီး၏ဇနီး၊ ဦးမင်းကျော်ဝေ-ဒေါ်မေထိုက်စု၊ မောင်မင်းစည်သူ၊ မောင်လင်းထက်အောင်၊ မောင်ကျော်မြင့်ထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးတစ်ယောက်၏အဘွားသည် ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၆ (စနေနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယကာ
## ဦးကျော်မင်းမင်းထွန်း(ခ)
## ကိုစူပါ (၃၉)နှစ်
**အထက-၂၊ ကမာရွတ်**
**၁၉၉၅ စိန့်အော်ဂတ်စတင်း ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ အမှတ်(၇၁)နေ (ဦးမောင်စီ-ဒေါ်လှယု)တို့၏သားငယ်၊ မစုစုထွန်း၏ မောင်၊ စမ်းချောင်းမြို့နယ်နေ ဦးကြင်အောင်-ဒေါ်ခင်ရွှေတင့် (DI Export) တို့၏တူသား၊ စစ်ပြန်စစ်မှုထမ်းဟောင်းအိမ်ရာ၊ အမှတ်(C-4)၊ သစ္စာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်စပယ်ထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းဇေယျာဝင်း (Yr-3A-PISM)၏ ဖခင်သည် ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁း၁၀ နာရီတွင် ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(C-4)၊ သစ္စာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ရှိ ကျေးရွာများတွင် ရှာသူ ရှာသားအချို့ နာမကျန်းဖြစ်၍ သေဆုံးမှုများရှိ

## ဗဟိုအဆင့်အဖွဲ့နှင့် အထူးကုဆရာဝန်များ၊ တပ်မတော်ဆေးအဖွဲ့ ပူးပေါင်းကာ ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကုသခြင်းများဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၇

**စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် ထန်ခေါ်လာမားကျေးရွာနှင့် နန်းယွန်းမြို့နယ် ကဲဆန်ဆာလင်၊ ကဲဆန်ကာလန်၊ ကဲဆန်ဘောက်လွန်၊ ကဲဆန်လုံကျန်းကျေးရွာများတွင် ရှာသူ ရှာသားအချို့ နာမကျန်းဖြစ်၍ သေဆုံးမှုများရှိကြောင်း သတင်းရရှိသောကြောင့် လဟယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ အစီအစဉ်ဖြင့် ကာရော်နောက်ညို ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမက ဇူလိုင် ၁၃ ရက်မှစ၍ လည်းကောင်း၊ ထန်ပါခွေတိုက်နယ် ဆရာဝန် ဦးဆောင်သော ကွင်းဆင်းအဖွဲ့က ဇူလိုင် ၂၁ ရက်မှစ၍လည်းကောင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။**

ထန်ခေါ်လာမားကျေးရွာသည် လဟယ်မြို့နှင့် မိုင် ၄၀ ခန့် ကွာဝေးပြီး အနည်းဆုံး နှစ်ရက်ခန့် သွားလာရသော လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသဖြစ်ပြီး ကွင်းဆင်းအဖွဲ့၏ ကနဦးစုံစမ်းမှုအရ အဆိုပါကျေးရွာတွင် လူဦးရေ စုစုပေါင်း ၃၅၀ ခန့် နေထိုင်လျက်ရှိကြောင်း၊ ဇွန် ၆ ရက်မှ ဩဂုတ် ၄ ရက်အတွင်း စုစုပေါင်း လူ ၂၅ ဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူအများစုသည် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဗိုက်နာခြင်း၊ အရေပြားတွင် အနီစက်ထွက်ခြင်း စသည့် ရောဂါလက္ခဏာများ ခံစားခဲ့ရကြောင်း၊ သေဆုံးသူများတွင် အငယ်ဆုံးအသက်မှာ (၁)နှစ်ဖြစ်ပြီး အကြီးဆုံးအသက်မှာ (၉၄)နှစ်ဖြစ်ကြောင်း၊ သေဆုံးသူအများဆုံး၏ အသက်အုပ်စုမှာ(၁)နှစ်နှင့် (၁၂)နှစ်ကြား ဖြစ်ကြောင်းနှင့် အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် လည်းကောင်း၊ လဟယ်မြို့နယ်အတွင်းမှ အခြားကျေးရွာများတွင် လည်းကောင်း တိရစ္ဆာန်များအစုလိုက်သေဆုံးမှု သတင်းရရှိမှုမရှိကြောင်း စုံစမ်းသိရှိရသည်။

ထန်ပါခွေတိုက်နယ်ဆရာဝန် ဦးဆောင်သော ကွင်းဆင်းအဖွဲ့မှ ထန်ခေါ်လာမားကျေးရွာတွင် ဇူလိုင် ၂၃ ရက်မှ ဇူလိုင် ၂၉ ရက်အထိ ယာယီဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခဲ့ရာ လာရောက် ပြသသူလူနာ ၁၆၂ ဦးအနက် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မျက်စိနီရဲခြင်းနှင့် အရေပြားတွင် အနီစက်ထွက်ခြင်း ရောဂါလက္ခဏာရှိသူ ၁၄ ဦး တွေ့ရှိကုသမှုပေးခဲ့ပြီး ဇူလိုင် ၃၁ ရက်မှစ၍ ကာရော်နောက်ညို ကျေးလက်ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူးနှင့် သားဖွားဆရာမတို့က ထန်ခေါ်လာမားကျေးရွာတွင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱

### ပဲခူးမြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၇ -** ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**



ရှမ်းယူနိုက်တက်နှင့် Horizon အသင်းယှဉ်ပြိုင်နေစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံး(အမျိုးသား) အလွတ်တန်းပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိသည်။

ယနေ့ညနေ ၃ နာရီခွဲတွင် လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ အုပ်စု(က)မှ နေပြည်တော်ဘောလုံးအသင်းနှင့် ကရင်ပြည်နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေပွဲရလဒ်ဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ အုပ်စု(ဂ)မှ မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းနှင့် ရှမ်းပြည်နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်ဘောလုံးအသင်းက လေးဂိုး-သုံးဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ဩဂုတ် ၈ ရက် ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု(ဃ)မှ ချင်းပြည်နယ်ဘောလုံးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဘောလုံး အသင်းတို့ လည်းကောင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ အုပ်စု(ခ)မှ မကွေးတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးဘောလုံးအသင်းတို့ လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**



နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

# ရှမ်းယူနိုက်တက် ဂိုးပြတ်နိုင်ပြီး ရာသီဥတုအခြေအနေကြောင့် ရန်ကုန်-ဇေယျာရွှေမြေပွဲရွှေ့ဆိုင်းခဲ့ရ

**ရန်ကုန် ဩဂုတ် ၇**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၀)တတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့သည်။

**(အောင်ဆန်းကွင်း)**

ရှမ်းယူနိုက်တက် - သုံးဂိုး
Horizon - ဂိုးမရှိ

မိုးထဲရေထဲကြား နှစ်သင်းစလုံး ခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း ရှမ်းယူနိုက်တက်အသင်းသည် အမှားအယွင်းမရှိ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ရာသီကုန်တွင် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် အမှတ်ပေးဇယား ထိပ်ပိုင်းတွင် ရပ်တည်နိုင်ရန်အတွက် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ Horizon အသင်းသည် တန်းဆင်းသွားရပြီ ဖြစ်သော်လည်း အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစသုံးမိနစ်တွင် စိုးမင်းဦးက ရှမ်းယူနိုက်တက်အတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သော်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုး

စာမျက်နှာ ၉ ကော်လံ ၄ သို့ ○

